www.burmeseclassic.com


ဂမ္ဘီရစာပေမှာ ယနေ့အအောင်မြင်ဆုံးစာရေးဆရာ

# မင်းမြတ်သူရ

ဇါ်ကာလောင်ခွဲစစ်စစ်

ရွှေချမ်းသာ

## ရေဲကာလူ ပြာပူမကြောက်



၁၂၀၀ိ/

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်သူရ

၏

ကလောင်ခွဲ

# ရွှေချမ်းသာ

# ငရဲကလူပြာပူမကြောက်

ပြန့်ချိရေး

ရန်မျိုးအောင်စာပေ

အမှတ် ၂၂၊ မွေ့စိန္တာလမ်း

ကျောက်မြောင်း၊ တာမွေ

ဖုန်း - ၀၉ - ၇၃၀၈၂၃၁၂

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ရွှေရျမ်းသာ

ရဲကလူပြာပုမကြောက်
၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်
တန်ဖိုး
၁၂၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ် (၅၉)၊ ၁၉-လမ်း၊လသာမြို့နယ်၊
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာ Offset
ပဒုမ္မာလမ်း၊ရဲရိပ်သာဝင်း၊ အင်းစိန်မြို့နယ်၊

၈၉၅.၈၃
ရွှေရျမ်းသာ
ရဲကလူပြာပုမကြောက်၊ရွှေရျမ်းသာ(ရန်ကုန်)
စေတနာစာပေ၊ ၂၀၁၃
၂၂၄-စာ၊ ၅ × ၇
(၁) ရဲကလူပြာပုမကြောက်

မြို့ပေါ်၌ဖြစ်ပွားသော သုံးလောင်းပြိုင်လူသတ်မှုနှင့် ပတ်သက်၍ဝန်ထောက်ဦးဘကျော်သည် အင်စပက်တော်လှမိုးကို ခေါ်ယူတွေ့ဆုံပြီး

"ဒီမြို့ရဲ့ရာဇဝင်မှာ သုံးလောင်းပြိုင်လူသတ်မှု ဖြစ်တာ ဒါပထမဦးဆုံးပဲ၊ မနက်ဖြန်ထုတ်မယ့် သတင်းစာတွေမှာ ဒီအမှုကို မိုးလောက်ကြီးခဲ့ပြီး ရေးကြလိမ့်မယ်၊ အမှုမှန်ပေါ်ဖို့ မင်းပဲတာဝန် ယူစေချင်တယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးသည် သက်ပြင်းတစ်ချက်

www.burmeseclassic.com



ကိုချလိုက်မိ၏။ ဤအမှုကို မိမိလက်ရှောင်နေလို့ မရတော့ပါလား။

ဝန်ထောက် ဦးဘကျော်က ဆက်လက်၍

"သတင်းစာတွေအားလုံး ဂရုစိုက်တဲ့အမှုဖြစ်
နေလို့ တရားခံ ကို အမြန်ဆုံးဖမ်းမိဖို့လိုတယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးသည် ယောင်ယမ်း၍ ခေါင်းညိတ်လိုက်ပြီး

"မြတ်စွာဘုရား.... ဒီအမှုမပေါ်ရင် ငါ့ခေါင်းကို
သတ္တုနဲ့ အနှိပ်ခံရတော့မှာပါလား"

ဟုတွေးလိုက်မိ၏။

ဝန်ထောက်ဦးကျော်က မြန်မာပြည်မြေပုံကားချပ်ကြီးကို မျက်လုံးစေ့ကြည့်၍

"တရားခံဟာ ကမ္ဘာမြေအဆုံးကိုပဲရောက်
နေပါစေ၊ မရ ရအောင်ရှာပြီး ဖမ်းရမယ်"

ဟုပြောလိုက်လေ၏။ အတန်ကြာသောအခါ အင်စပက်တော်လှမိုးသည် ဝန်ထောက်မင်းရုံးခန်းထဲမှ ခေါင်းငိုက်စိုက်ကျပြီးထွက်လာလေ၏။

ခရိုင်မြို့တစ်မြို့မှာ သုံးလောင်းပြိုင်လူသတ်မှု ဖြစ်တာ အဆန်းတကြယ်ကိစ္စမဟုတ်၊ သို့သော်နောက်တစ်နေ့ထုတ် သတင်းစာတွေမှာ သုံးလောင်းပြိုင်လူသတ်မှုတရားခံဘယ်သူလဲဟု စာလုံးမည်းကြီး





များဖြင့် ချဲကားပြီးရေးကြလိမ့်မည်။

ချောမောလှပသော အငြိမ့်သမလေး နီလာမြိုင်ကို ဘယ်သူသတ်သနည်းဟု လိုသည်ထက်ပို၍ ရေးဖွဲ့ကြဦးမည်။ ထိုအချက် သည် သတင်းစာများ၏ထုံးစံဖြစ်၏။ အသတ်ခံရသူသည် အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ထိုအမျိုးသမီးသည် အသက် ၃၀ အောက်ဆိုလျှင် ချောမောလှပသောမိန်းမလှလေးဟု မျက်လုံးမှိတ်ရေးကြမှာ သေချာ၏။

ယဖ်မျိုးအင်စပက်တော် အဘိုးကြီးအဖွားကြီး လင်မယားနှင့် ယိမ်းသမလေး နီလာမြိုင်ကို ဘယ်သူသတ်သနည်း။ အသတ်ခံရသော ယဖ်မျိုးအင်စပက်တော် လင်မယား၏ တစ်ဦးတည်းသောသား တာတီးပျောက်ဆုံးနေ၏။ တာတီးမည်သည် အရပ်သို့ရောက်ရှိနေသနည်း။

တာတီးနှင့် ယိမ်းသမလေး နီလာမြိုင်တွဲသွားတွဲလာ လုပ်နေသည်ကို ဂရုပြုမိသူများရှိ၏။

သုံးလောင်းပြိုင် လူသတ်မှုသည် ငွေကြောင့်ဖြစ်ပွားခြင်းမဟုတ်၊ ယဖ်မျိုးအင်စပက်တော် လင်မယား၏ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော လက်ဝတ်ရတနာများ နေရာမယွင်းရှိနေ၏။

အဘိုးကြီး၊ အဘွားကြီး အိမ်ကို ဓားပြတိုက်သွားခြင်းလည်းမဟုတ်၊ ရန်ငြိုးရန်စကြောင့် သတ်ဖြတ်ခြင်းလည်း မဟုတ်တာသေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



ယဖ်မျိုးအင်စပက်တော် အဘိုးကြီး အဘွားကြီး၌ မည်သည့် ရန်ငြိုးရန်စမျှ မရှိကြောင်းစုံစမ်းတွေ့ရှိနေ၏။ ယိမ်းသမလေး နီလာမြိုင်ကမူ ယောကျ်ားတကာနှင့် အရှုပ်အရှင်းရှိမှာသေချာ၏။ နီလာမြိုင်နှင့် ပတ်သက်ဖူးသော တစ်ယောက်ယောက်က လူသတ်မှုများကို ကျူးလွန်သွားခြင်းပေလော။

အင်စပက်တော်လှမိုးသည် တွေးရင်း ခေါင်းထဲတွင် နောက်ကျိလာပြီး လူသတ်မှုဖြစ်ပွားရာ အိမ်ကြီးသို့ သူ၏ဂျစ်ကားဖြင့် ထွက်ခဲ့လေ၏။

လူသတ်မှုဖြစ်ပွားရာ အိမ်ကြီးသို့ တတိယအကြိမ် ရောက်ရှိခြင်းဖြစ်၏။ ထိုအိမ်ကြီးသည် အတော်အသင့်ခမ်းနားထည်ဝါသဖြင့် အင်စပက်တော် အဘိုးကြီးသည် ပင်စင်စားဖြစ်သော်လည်း ဥစ္စာစီးပွား တောင့်တင်းပုံရ၏။

အင်စပက်တော်လှမိုးသည် မိမိ၏အနီးမှ တကောက်ကောက် လိုက်နေသော ပုလိပ်သားလေးကို အိမ်ထဲမှ မောင်းထုတ်လိုက်လေ၏။ ဤမြို့ရှိပုလိပ်များ အလွန်ညံ့ဖျင်း၏။ သူတို့ကြောင့် သဲလွန်စတွေ အများကြီး ဆုံးရှုံးလိုက်ရ၏။ အင်စပက်တော်လှမိုးသည် ဧည့်ခန်းထဲရှိ လူသတ်မှုဖြစ်ပွားရာ နေရာများကို စိတ်ကူးပုံဖော်ကြည့်၏။ ဧည့်ခန်းနံရံ၌ အင်္ဂလန်လုပ်ဓါတ်စက်ကြီးတစ်လုံးရှိ၏။ ဓါတ်စက်ထဲ၌ ဓါတ်ပြားတပ်လျှက်သားရှိသဖြင့် ကြည့်ရှုလိုက်ရာ ကရင်မောင်နှမပြဇာတ် ဓါတ်ပြားဖြစ်နေ၏။

ဓါတ်စက်နှင့် အနီးဆုံးနေရာရှိ ပက်လက်ကုလားထိုင်၌ ပင်စင်စားအင်စပက်တော်အဘိုးကြီးထိုင်မှာ သေချာသည်၊ လူသတ်သမားသည် အဘိုးကြီးကို ဦးစွာရှင်း၏။ အဘိုးကြီးအနီး၌ ကွမ်းယာနေသော အဘွားကြီးရှိနေ၏။ အဘွားကြီး၏ ကွမ်းအစ်ကလေး အခန်းထောင့် လိမ့်သွား၏။ ကွမ်းအစ်ပေါ်တွင် အဘွားကြီး၏ ကိုယ်ခန္ဓာမှ သွေးစက်များရှိ၏။

လူသတ်မှုများ ရုတ်တရက်ဖြစ်ပွားသဖြင့် အငြိမ့်သမလေး နီလာမြိုင် အလန့်တကြား အော်၍ အိမ်အပြင်သို့ ပြေးထွက်ရန် ကြိုးစားပုံရ၏။ သို့သော် လူသတ်သမားက သူမထက် ပို၍မြန်ဆန်ပြီး နောက်ကျောကို ဓားဖြင့်စိုက်ချလိုက်၏။ ဓားသွားသည် နောက်ကျောမှ ဖောက်၍ ကံဆိုးစွာဖြင့် နှလုံးမှာ စိုက်ဝင်သွား၏။

အငြိမ့်သမလေး တစ်ချက်တည်းဖြင့် အသက်ထွက်သွားပုံရ၏။ လူသတ်သမားသည် ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်ပြီး ထိုနေရာမှ ခြေရာဖျောက်သွားခဲ့၏။ ထိုအချိန်၌သေသူအင်စပက်တော် အဘိုးကြီး လင်မယား၏သား တာတီးဘယ်ကို ရောက်နေသလဲမသိ။ ယခုအချိန် အထိ တာတီးသက်ရှိထင်ရှားရှိမရှိပါလေစွ။

အဘိုးကြီးအဘွားကြီး၏သား တာတီးနှင့် အငြိမ့်သမလေး နီလာမြိုင်တွဲသွားတွဲလာလုပ်နေတာ တစ်မြို့လုံးအသိဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com



ယခင်က ကြုံတွေ့ခဲ့သောအမှုများတွင် အသတ်ခံရသူသည် မိမိနှင့်မည်သည့်အခါမျှ သိကျွမ်းသူ မဟုတ်ခဲ့ချေ။ ယခုအသတ်ခံရသော အငြိမ့်သမလေး နီလာမြိုင်သည်မိမိနှင့် သိကျွမ်းခင်မင်နေလေ၏။ ကံဆိုးလှပါတကား။

✳ ✳ ✳





အင်စပက်တော်လှမိုးသည် လူသတ်မှုဖြစ်ပွားရာ နေရာနှင့် မလှမ်းမကမ်း၌ရှိသော အကြော်ဆိုင်လေး၌ ဝင်၍ ဘူးသီးကြော် တစ်ပွဲ မှာစား၏။ ဘူးသီးကြော်စားရင်း အကြော်သည် အဒေါ်ကြီးထံတွင် တာတီး၏အကြောင်းကိုစုံစမ်း၏။ အကြော်သည်အဒေါ်ကြီး က

"တာတီးဆိုတဲ့ ကောင်လေးက ပတ်ဝန်း
ကျင်နဲ့ အပေါင်းအသင်းသိပ်မလုပ်ဘူး။ သူ့ဘာသာ
တစ်ကိုယ်တည်းနေတာများတယ်၊ သူ့ကို ရှုံ့နှမ်းနှမ်း
ကောင်လေးလို့ပြောကြတယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ရှုးနှမ်းနှမ်းကောင်လေးလို့
ပြောကြတာလဲ"

ဟုမေးမြန်းလိုက်ရာ အကြော်သည်အဘွားကြီးက

"သူ့ကို ယဖ်မျိုးအင်စပက်တော်ကြီးက
စာမေးပွဲအကြိမ်ကြိမ်ကျလို့ ကျောင်းမထားတော့
ဘူး။ တာတီးကကျောင်းမတက်ရလဲ ဂရုမစိုက်ဘူး။
အချိန်ပြည့်ဘာဂျာမှုတ်ပြီး အချိန်ဖြုန်းနေတာပဲ၊
တာတီးက အရစ်ထဲမှာ ဘယ်သူနဲ့မှ မပေါင်းဘူး
ဆိုပေမဲ့ ဒေါ်ကြီးရဲ့ အကြော်ကိုတော့ ကြိုက်တယ်၊
ဆိုင်ကိုဘာဂျာလေးမှုတ်ပြီး အကြော်လာဝယ်လေ့
ရှိတယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်၍

"ယဖ်မျိုးအင်စပက်တော်ကြီးက စီးပွားရေး
ကောင်းပုံရတယ်၊ ဒါပေမဲ့ အိမ်စေမထားဘူးနော်"

ဟုပြောလေ၏။ အကြော်သည်အဒေါ်ကြီးက

"အင်စပက်တော်ကတော်ကြီးက အိမ်စေ
တွေနဲ့ အမြဲရန်ဖြစ်နေတတ်တယ်၊ ဒါကြောင့်
သူတို့အိမ်မှာနေဝံ့တဲ့ အိမ်စေမရှိဘူး။ အင်စပက်
တော်ကြီး အိမ်ကသတင်းကို ကြားတော့ ဒေါ်ကြီးတို့





အသည်းထိတ်လိုက်တာ၊ သူ့တို့လင်မယားမှာ
ရန်ငြိုးရန်စလဲမရှိပါဘူး။ ဘယ်လိုလူက ရက်ရက်
စက်စက်လုပ်သွားသလဲ မသိဘူး။ ယိမ်းသမလေး
နီလာမြိုင်ကတော့ မြို့ပေါ်က ကာလသားတွေနဲ့
ခပ်ရှုပ်ရှုပ်ပဲ ဒါပေမဲ့ နီလာမြိုင်ကိုလဲ ပက်ပက်စက်
စက်လုပ်မဲ့လူမရှိ ပါဘူး"

ဟုထင်မြင်ချက်ပေးလေ၏။ အင်စပက်တော်လှမိုးသည် အကြော်သည် အဒေါ်ကြီးထံမှာ လူသတ်မှုနှင့်ပတ်သက်သော သဲလွန်စများကို ရရှိလိုက်လေ၏။

မြို့ခံပုလိပ်များ၏ ညံ့ဖျင်းမှုကြောင့် လူသတ်မှုဖြစ်ပွားရာ နေရာ၌ ခြေရာများ ရှုပ်ပွနေ၏။ လူသတ်သမား၏ သဲလွန်စကို ရှာဖွေရအလွန်ခက်ခဲသွား၏။

အင်စပက်တော်လှမိုးအတွက် လူသတ်မှုနှင့် ပတ်သက်ပြီးနောက်ဆုံးလမ်းသာကျန်တော့၏။ ထိုလမ်းမှာ အဘိုးကြီး အဘွားကြီး၏ ပျောက်ဆုံးနေသော သားဖြစ်သူ တာတီးကိုရှာဖွေရန်ဖြစ်၏။ တာတီးအဘယ်ကြောင့် မြို့က ပျောက်နေရသနည်း။ သုံးလောင်းမြိုင်လူသတ်မှုသည် တာတီးနှင့်ပတ်သတ်နေသလား။ သုံးလောင်းမြိုင်လူသတ်မှု၏ တရားခံသည် တာတီးပင် ဖြစ်လေသလား။ တာတီးသည် အဘိုးကြီးအဘွားကြီးလင်မယား၏ သားအရင်း ဖြစ်၏။ ဤမြို့၌



www.burmeseclassic.com

www.burmeseclassic.com



တာတီးရှိမနေခြင်းမှာ ခရီးသွားနေခြင်းကြောင့် လည်း ဖြစ်နိုင်၏ မြို့နှင့်အနီး ပတ်ဝန်းကျင်ရှိ သူငယ်ချင်းများ၏ ရွာသို့တာတီး အလည်သွားနေခြင်းပေလော၊ သို့မဟုတ် အနီးအနားမြို့များရှိ မိန်းမများထံသို့နောက်ပိုးရှုးလုပ်နေခြင်းပေလော၊ အင်စပက် တော်လှမိုး သည် ယိမ်းသမလေး နီလာမြိုင်၏ မျက်နှာကို မြင်မိပြီး ကရုဏာစိတ်များ ဖြစ်ပေါ်လာ၏။

"သနားစရာကောင်းလိုက်တဲ့ ယိမ်းသမ
လေးရယ်"

အင်စပက်တော်လှမိုးသည် သေဆုံးသွားသော ယိမ်းသမလေး နီလာမြိုင်နှင့် စတင်တွေ့ဆုံခဲ့ပုံကို မြင်ယောင်လာ၏။ ဤမြို့သို့ အင်စပက်တော်လှမိုး ပြောင်းလာစက ပုလိပ်ဌာနကပေးသော အခန်းကို မလိုချင်သဖြင့် မြို့စွန်ရှိ အနီရောင်တိုက်အိမ်ကြီးကို ငှားရမ်းနေထိုင်ခဲ့၏။

ထို့သို့ မြို့ပြင်သို့ တစ်ကိုယ်တည်း ထွက်၍နေထိုင်ရခြင်းမှာ အင်စပက်တော်လှမိုးသည် ပန်းချီဝါသနာရှင် တစ်ဦးဖြစ်သဖြင့် တစ်ကိုယ်တည်း အေးအေးဆေးဆေး ပန်းချီဆွဲလို၍ ဖြစ်၏။ အင်စပက်တော်လှမိုး မြို့သို့ရောက်ပြီး တစ်ပတ်မပြည့်မီ မြို့ပြင်ထွက်၍ ပန်းချီဆွဲခဲ့၏။ ထို့သို့ပန်းချီဆွဲရင် ယိမ်းသမလေး နီလာမြိုင်နှင့် ဆုံဆည်းခဲ့ကြ၏။

အင်စပက်တော်လှမိုးသည် မြို့ပြင်ရှိ ထုံးစေတီဖြူလေး နောက်ခံ





ပြီး စိတ်ရှည်လက်ရှည်ပန်းချီရေးဆွဲနေစဉ် သူ၏ အနီးသည် မိန်းမလှလေး နီလာမြိုင်ရောက်ရှိလာ၏။ နီလာမြိုင်သည် ယိမ်းသမ ပီပီ ခဲတင်းသော အပြုံအမူနှင့် အင်စပက်တော်လှမိုး၏ အနီးသို့ ချဉ်းကပ်လာပြီး

"ဒီမှာ ပန်းချီဆရာ ကျွန်မပုံကို ပန်းချီဆွဲလို့
မရဘူးလား"

ဟုမေးမြန်းလိုက်၏။အင်စပက်တော်လှမိုးက ခေါင်းခါယမ်း၍

"ကျုပ်လှုပုံတွေကို ဆွဲလေ့မရှိဘူး၊ တော
တောင်တွေပဲ ဆွဲလေ့ ရှိတယ်"

ဟုပြောလေရာ နီလာမြိုင်က နှုတ်ခမ်းကို မဲ့၍

"ကျွန်မလို မိန်းမလှလေး တစ်ယောက်ကို
တော့ ရှင်ဆွဲသင့်ပါတယ်၊ ဒီမြို့မှာ ကျွန်မပုံကို
ဆွဲချင်တဲ့ ပန်းချီဆရာတွေ အများကြီးရှင့်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် မိန်းကလေး၏ မိမိကိုယ်မိမိ အထင်ကြီးသော လေသံကြောင့် အမြင်ကတ်သွားပြီး

"ဒါဆိုရင်လဲ အဲဒီပန်းချီဆရာတွေ သွားဆွဲ
ခိုင်းပေါ့၊ ငါ ကတော့ လှုပုံကို ဘယ်တော့မှ မဆွဲဖို့
ဆုံးဖြတ်ထားတယ်"

ဟုဆိုလိုက်ရာ နီလာမြိုင်က နှုတ်ခမ်းကို မဲ့၍



www.burmeseclassic.com

www.burmeseclassic.com

“ဒီမြို့မှာ နီလာမြိုင်ဆိုရင် ယောကျ်ားတိုင်းက မက်မောကြတယ်၊ ရှင်နောက်တော့မှ နီလာမြိုင်ရဲ့ ပန်းချီပုံကို ငါမဆွဲလိုက်လေခြင်းဆိုပြီး နောင်တရမယ်”

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် မိန်းမပျို၏ စကားအပြောအဆိုရိုင်းပြမှုကြောင့် ဒေါသပုန်ထသွားပြီး

“ဒီမှာ ကျုပ်ရှေ့က ထွက်သွားရင်ကောင်းမယ်၊ ကျုပ်ပန်းချီ ဆွဲတာ အနှောင့်အယှက်မပေးနဲ့”

ဟု ဆိုလိုက်ရာ နီလာမြိုင်ဆိုသော ယိမ်းသမလေးက အင်စပက်တော်လှမိုးကို မထီလေးစားကြည့်၍

“ဒီနေရာက ရှင်တစ်ယောက်တည်း ပိုင်တဲ့နေရာမို့လား။ ရှင် ကျွန်မကို မောင်းထုတ်လို့မရဘူး”

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် အားလပ်ရက်လေး၌ မိမိဝါသနာပါသော ပန်းချီကားကို ရေးဆွဲနေခိုက် အနှောင့်အယှက်ရောက်လာသဖြင့် စိတ်မထိန်းနိုင်တော့ဘဲ

“မင်းထွက်သွားစမ်း၊ ငါကိုဘာကောင်အောက်မေ့လို့လဲ၊ ငါ့စကားကို နားမထောင်ရင် မင်းကို အချုပ်ထဲကို သွင်းထားလိုက်မယ်၊ ဒီမြို့ကို အသစ်ပြောင်းလာတဲ့ အင်စပက်တော်လှမိုးဆိုတာငါပဲ”

ဟုပြောလိုက်ရာ မိန်းမလှလေး၏ မျက်နှာပျက်ယွင်းသွားပြီး

“ဟင်…ရှင်က ဒီမြို့ကိုအသစ်ပြောင်းလာတဲ့ ပုလိပ်အင်စပက်တော်ဟုတ်လား။ လူပုံကလည်း အင်စပက်တော်နဲ့ မတူပါလား။ ရှင့်ကို ကြည့်ရတာ ပန်းချီဆရာနဲ့ပဲတူတယ်”

အင်စပက်တော်လှမိုးက

“မင်းထွက်မသွားသေးဘူးလား၊ ပုလိပ်အရာရှိကို နှောင့်ယှက်မှုနဲ့ အချုပ်ထဲထည့်လိုက်ရမလား”

ဟု ခြိမ်းခြောက်လိုက်ရာ မိန်းမလှလေးသည် နှုတ်ခမ်းကို မဲ့၍

“သွားပါမယ်ရှင့်၊ သွားပါ့မယ် ကျွန်မနံမည်ကိုတော့ မှတ်ထားလိုက်ပါဦး၊ အငြိမ့်သမလေး နီလာမြိုင်တဲ့၊ မြို့ပေါ်မှာ နီလာမြိုင်ဆိုရင် မသိတဲ့ကာလသားမရှိဘူးရှင့်”

ဟုပြောကာ အင်စပက်တော်လှမိုးအနီးမှ ထွက်သွားလေ၏။ အင်စပက်တော်လှမိုးသည် နောက်ပိုင်း၌ နီလာမြိုင်နှင့်ပတ်သက်သော သတင်းမျိုးစုံကို ကြားလာရ၏။

သို့သော် ကောင်းသတင်းသော မဟုတ်၊ နီလာမြိုင် ကာလသား




မြနှင်းဆီစာပေ

www.burmeseclassic.com

www.burmeseclassic.com



များနှင့် တရုန်းရုန်းနေသဖြင့် တစ်မြို့ပုံ့ရှိ မိကောင်းဖခင် သားသမီးများက နီလာမြိုင်ကို အပေါင်းအသင်းမလုပ်ကြချေ။

နီလာမြိုင်လုပ်ကိုင်သော ရွှေဝါမြိုင်အငြိမ့်အဖွဲ့သည် ၎င်းတို့မြို့ပေါ်ရှိ ဇာတ်ဆရာဦးပွကြီးပိုင်ဆိုင်ပြီး ခေါင်းဆောင်မင်းသမီးမှာ ရွှေဝါမြိုင်ဖြစ်၏။

အင်စပက်တော်လှမိုးသည် နီလာမြိုင်နှင့် တစ်ကြိမ်ဆုံဆည်းခဲ့ပြီးနောက်တစ်ကြိမ်ထပ်မံဆုံဆည်းဖြစ်မည်ဟု ဘယ်တော့မှ မတွေးခဲ့ချေ။ သို့သော် သူမနှင့် နောက်တစ်ကြိမ်ပြန်လည်ဆုံဆည်းခဲ့သေး၏။ ထို့နောက် အကြိမ်ကြိမ်ဆုံဆည်းခဲ့ဖူးပြန်၏။

အင်စပက်တော်လှမိုးသည် နီလာမြိုင်အကြောင်းကို မတွေးတော့ဘဲ သုံးလောင်းပြိုင်လူသတ်မှုကို ပြန်လည်တွေးတောနေ၏။

လူသတ်သမားသည် အဘယ်ကြောင့် လူသုံးယောက်ကို ရက်ရက်စက်စက် ဓားဖြင့်ထိုးသတ်ခဲ့သနည်း။ လူသတ်သမားသည် အဘယ်ကြောင့် ယိမ်းသမလေး နီလာမြိုင်ကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သနည်း။

သေသူ အဘိုးကြီးအဘွားကြီး၏သားအရင်း တာတီးသည် မည်သည့်အရပ်သို့ရောက်ရှိနေသနည်း။ တာတီး သက်ရှိထင်ရှားပင် ရှိပါလေစ။ တာတီးကိုယ်တိုင် လူသတ်သမား ဖြစ်နေသလား။

အင်စပက်တော်လှမိုးသည် လူပေါင်းများစွာ ကို စစ်ဆေးပြီး





တာတီးနှင့် ပတ်သက်သော မှတ်ချက်များကို ရရှိ၏။

တာတီးသည် ရုပ်ရည်သနားကမားရှိသော်လည်း အပေါင်းအသင်းဆံ့သူမဟုတ်၊ အချိန်ပြည့် ဘာဂျာတစ်လက်ဖြင့် အချိန်ဖြုန်းနေတတ်သူဖြစ်၏။

ပညာရေးညံ့ဖျင်းလွန်းသဖြင့် (၈)တန်းမှာပင် တစ်ခန်းရပ်သွားသူ၊ တာတီး၏ ရုပ်ရည်သည် မိန်းကလေးများ နှစ်သက်လောက်သော ရုပ်ရည်ရှိသော်လည်း အငြိမ့်သမလေး နီလာမြိုင်နှင့်သာ အရင်းတနှီးဆက်ဆံဖူး၏။ တာတီးသည် မိန်းကလေးများနှင့်လည်း အရင်းတနှီးနေတတ် သူမဟုတ်၊ ထို့အပြင် ပညာရေး ညံ့ဖျင်းသော ဘုံ့ယ်များလုပ်လေ့ရှိသော အရက်သောက် ကြက်တိုက်၊ ဖဲရိုက် အလုပ်များနှင့်လည်း ကင်းရှင်း၏။ အင်စပက်တော်လှမိုးသည် တာတီးကို သရုပ်ဖော်မရသောအခါ တာတီးမိဘများကို သရုပ်ဖော်ကြည့်၏။

ယဖ်မျိုးအင်စပက်တော်လင်မယားအတွက် ဤမြို့သည် ၎င်းတို့၏ ဇာတိမြေမဟုတ်။ လွန်ခဲ့သော အနှစ် (၂၀)ဝန်းကျင်က ဤမြို့ကို ပြောင်းလာပြီး ချစ်တီးသူဌေးများထံမှ နှစ်ထပ်တိုက်ကြီးကို ဝယ်ယူနေထိုင်၏။

အဘိုးကြီးသည် ယဖ်မျိုးအရာရှိအဖြစ် နှစ်အနည်းလောက် အနယ်ထမ်းဆောင်ပြီး ပင်စင်ယူသွားခဲ့၏။ ဤမြို့သို့ ပြောင်းရွှေ့လာနည်းမှာ သားဖြစ်သူ တာတီး၏ တစ်သက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမျိုးအင်စပက်တော် ကတော်ကြီးသည် မြို့ခံလူများ၏ တူသည်တန်သည်မထင်ဘဲ လူတန်းစားခွဲခြားပြီး ဆက်ဆံတတ်၏။

မြို့၏ သာရေး နာရေးကိစ္စများ၌ အကူအညီရက်ရောသော်လည်း အားတက်သရောပါဝင်လေ့မရှိ၊ တစ်မြို့လုံးကိုးကွယ်သော ဆုတောင်းပြည့်ကျောင်း၏ အုတ်တံတိုင်းကို ငွေးတိုမိသားစုလှူဒါန်းခဲ့၏။ ဆုတောင်းပြည့် ဘုရားထီးတော်တင်ရာ၌ ရက်ရက်ရောရော လှူဒါန်းခဲ့၏။ သို့သော် ဥပုသ်နေ့များ၌ ဘုန်းကြီးကျောင်းသို့လာ၍ ဥပုသ်ယူလေ့မရှိချေ။

အင်စပက်တော်လှမိုးသည် သုံးလောင်းမြိုင်လူသတ်မှုတရားခံကို မမိမိအောင် ဖမ်းရမည်ဟု ဆုံးဖြတ်ထား၏။

အငြိမ့်သမလေး နီလာမြိုင်အတွက် လူသတ်သမားကို ဖမ်းမိအောင် ဖမ်းဆီးရပေတော့မည်။

✲ ✲ ✲

တာတီးသည် လူသတ်မှုများ ကျူးလွန်ပြီးနောက် ကုန်ရထား စီးလိုက်လာခြင်းဖြစ်၏။ ကုန်ရထားသည် ဘူတာများ တစ်ဘူတာပြီး တစ်ဘူတာ ကျော်ဖြတ်၍ ခရီးဆက်ခဲ့လေ၏။





မြို့တစ်မြို့သို့ရောက်သောအခါ မီးပေါင်မပြည့်သောကြောင့် ကုန်ရထား ထိုးရပ်သွားလေ၏။ ရထားခေါင်းတွဲသို့ ထင်းချောင်းများ တင်နေစဉ် တာတီးသည် စိတ်မရှည်နိုင်တော့ဘဲ ကုန်ရထားပေါ်မှ ဆင်းခဲ့၏။ တာတီး ကုန်ရထားပေါ်မှ ဆင်းသောမြို့သည် မြို့ကြီး တစ်မြို့ဖြစ်သဖြင့် သူ့အတွက် ကိုယ်ရောင်ဖျောက်ရန် အလွန်လွယ်၏။ သူ၏ရှည်လျားသော ဆံပင်များကို ဆံပင်ညှပ်ဆိုင်တွင် ဝင်၍ညှပ်လိုက်၏။

တာတီးသည် မြို့ထဲတွင် လှည့်လည်ကြည့်ရှုရင်း သင်္ဘောဆိပ်အနီးရှိ တည်းခိုခန်းတစ်ခန်းရှေ့၌ အလုပ်သမား အလိုရှိသည်ဆိုသော ဆိုင်းဘုတ်ကိုတွေ့ရ၏။ တာတီးသည် အလုပ်လျှောက်ရန် ဆုံးဖြတ်လိုက်ပြီး တည်းခိုခန်းမန်နေဂျာနှင့် သွားရောက်တွေ့ဆုံလေရာ မန်နေဂျာက တာတီးကို ခြေဆုံးခေါင်းဆုံးကြည့်၍

"ဥပဓိရုပ်ကိုတော့ ကြိုက်သွားပြီ၊ မင်းရဲ့ အလုပ်က တည်းခိုခန်းမှာ လာတည်းတဲ့ သူတွေကို ဖော်ဖော်ရွေရွေဧည့်ခံပြီး သော့ထုတ်ပေးရမယ်၊ အခန်းထဲလိုက်ပို့ပေးရမယ်၊ ဒီအတွက် နေစရာ စားစရာရမယ်၊ လစာကတော့ အခြေအနေကြည့်ပြီး ပေးမယ်၊ သဘောတူရင်တော့ အခုပဲဝင်လုပ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ မိမိအတွက်သဘောမတူမရှိပါ၊ လောလေ ဆယ်လှူသတ်မှု သတင်းငြိမ်သက်သွားချိန်အထိ အေးအေးချမ်းချ နေထိုင်လို၏။

တာတီးသည် တည်းခိုခန်း၌လုပ်ကိုင်ရင်း သတင်းစာများ၏ ဖတ်ရှုကြည့်သောအခါ သုံးလောင်းပြိုင်လူသတ်မှု သတင်းကိုဝေ ဆာဆာရေးသားထားကြောင်း သိရ၏။ တာတီးသည် သတင်း၏ များကို ချိုင်းကြား၌ မသိမသာညှပ်၍ မိမိအတွက် ပေးထားသေ အခန်းကျဉ်းလေးထဲသို့ ဝင်ခဲ့၏။

ထိုတည်းခိုခန်း၌ အများဆုံး တည်းခိုသူများမှာ စပါးပွဲစားများ သိရ၏။

စပါးပွဲစားများသည် ကြွားဝါရန်စိတ်အားသန်ကြပြီး စာမဖ ကြသဖြင့် မိမိအတွက် အန္တရာယ်မဖြစ်နိုင်ဟု ယူဆ၏။ တာတီး သည ဖျာစုတ်လေးပေါ်တွင် ပက်လက်လှန်၍ သတင်းစာများကို ဖတ်ရှုကြ ရာ ယဖ်မျိုးအင်စပက်တော်လင်မယား၏ သားအရင်း တာ ပျောက်ဆုံးနေကြောင်း ဖော်ပြထားပြီး မိမိကို ပုလိပ်များက အသည အသန်ရှာဖွေနေလေ၏။

မကြာမီ သုံးလောင်းပြိုင်လူသတ်မှုသတင်းကို လူအများ လျော့သွားကြမှာသေချာ၏။ အသတ်ခံရသော အဘိုးကြီး အဘွာ နှစ်ယောက်မှာ အသက်၆၀ ကျော်နေသော လင်မယားနှစ်ယော





ဖြစ်ပြီး နီလာမြိုင်ဆိုသော မိန်းကလေးမှာလည်း မထင်မရှား ယိမ်းသမ လေးတစ်လက်သာဖြစ်၏။

သတင်းစာများအတွက်ရေးရန် သည်ထက်ပို၍ အရေးပါသော သတင်းများအချိန်နှင့်အမျှဖြစ်ပွားနေ၏။

မကြာမီ ပျောက်ဆုံးနေသော တာတီးကိုပင် ပုလိပ်များ မေ့ လျော့သွားနိုင်၏။ ထိုအချိန်သို့ရောက်အောင် မိမိ စိတ်ရှည်လက်ရှည် စောင့်ရပေတော့မည်။ မိမိ၌ ရှေ့ဆက်ရမည့် လုပ်ငန်းတာဝန်များ ရှိသေးသည် မဟုတ်ပါလား။

✳ ✳ ✳

တာတီးတည်းခိုခန်း၌ အလုပ်ဝင်ပြီး နောက်တစ်နေ့မှာပင် စပါးပွဲစားတစ်စု အရက်သောက်ရင်း ဧည့်ခန်းထဲမှာ ရန်ဖြစ်ကြ၏။ တည်းခိုခန်းမန်နေဂျာသည် စပါးပွဲစားကို ရန်မဖြစ်ရန် တောင်းပန်၏။

စပါးပွဲစားသည် အလွန်ရိုင်းပြ၏။ စပါးပွဲစားက မန်နေဂျာကို ဆောင့်တွန်းလိုက်သဖြင့် မန်နေဂျာသည် အခန်းအပြင်သို့ ခွေခွေ လေး လဲကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com

စပါးပွဲစားသည် တည်းခိုခန်းမှ ချိန်သီးနာရီကြီးကို ရိုက်ခွဲပစ်လိုက်၏။ ပြီးနောက် လောကမှာ မည်သူ့ကိုမျှ လူမထင်ကြောင်း ပြော၏။ တည်းခိုခန်းရှေ့၌ ချိတ်ဆွဲထားသော ပန်းကနုတ်မှန်ကြီးကို လည်းရိုက်ခွဲရန် ကြိုးစားပြန်၏။

တာတီးထိုလူကို မုန်းတီးစိတ်များ ဖြစ်ပေါ်လာ၏။ သူ့ကို လက်ပိုက်ကြည့်လို့မဖြစ်နိုင်တော့ချေ။ တာတီး ထိုသူ၏အနီးသို့တိုးကပ်ပြီး မေးစေ့ကို ပင့်လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

မူးယစ်ရမ်းကားနေသူသည် မြေပေါ်သို့ဝုန်းခနဲပြိုလဲ ကျသွား၏။

တာတီးသူတို့အားလုံးကို မည်သည့်စကားမျှ မဆိုဘဲ အခန်းထဲမှ ကျောခိုင်းထွက်လာခဲ့၏။ ထိုအခါ မန်နေဂျာသည် တာတီးကို ပထမဦးဆုံးအနေဖြင့် ကျေးဇူးတင်စကားပြောလေ၏။

တာတီးသည် ထိုအဖြစ်အပျက်များကြောင့် မိမိကိုယ် မိမိ ယုံကြည်မှုများရရှိလာ၏။ မိမိ၌ရှိသောစွမ်းရည်သတ္တိများ ပျောက်ဆုံးမသွားသေးချေ။

တာတီးသည် မိမိတို့ဇာတိမြို့မှာ ဖြစ်ပွားခဲ့သော သုံးလောင်းပြိုင်လူသတ်မှုကို ပြန်လည်မျက်လုံးထဲ မြင်ယောင်လာ၏။

ဧည့်ခန်းထဲတွင် ဓားရောင်တလက်လက် တောက်ပသွားပြီး အဘိုးကြီးနှင့် အဘွားကြီးကျယ်လောင်စွာ အော်ဟစ်ပြီး လဲကျသွား၏။ နီလာမြိုင်လည်း သူ့လက်က မလွတ်၊ အခန်းဝမှာ နာကျင်စွာ အော်ဟစ်





ရင်း လဲကျသွား၏။ နီလာမြိုင်ကို သူအလွန်ချစ်သော်လည်း သဘာဝတရားကြီး၏ ကိုယ်စားအပြစ်ဒဏ်ခတ်လိုက်ရ၏။

ခွင့်လွှတ်ပါ နီလာမြိုင်...

* * *

သူတို့မြို့က လူကုံထံအလှူကြီး တစ်ခုမှာ ရွှေဝါမြိုင်အငြိမ့် ကပြခဲ့စဉ်က ပွဲခင်းထဲသို့ သူရောက်ရှိသွား၏။

မြို့ခံကာလသားတွေ အငြိမ့်စင်အောက်မှ အော်ဟစ်နေပုံကို ကြည့်၍ ၎င်းတို့ကိုယ်စား သူအလွန်ရှက်ရသွား၏။

သူတို့မှာ လူငယ်တွေဖြစ်ပြီးတော့ အရှက်တရားမရှိတော့ဘူး လား။ အနာဂတ်ကို ဦးဆောင်ရမဲ့ လူငယ်တွေဖြစ်ပြီးတော့ ဒီလောက် အငမ်းမရဖြစ်နေရသလား။

တာတီးသည် ပွဲခင်းထဲမှ ထွက်သွားရန် ကြံစည်ပြီး အငြိမ့်စင် ပေါ်သို့ မျက်လုံးရောက်သွား၏။ ထိုအခါ ကာလသားများကို အငြိမ့် ကပြရင်း မျက်စပစ်နေသော နီလာမြိုင်ကို သွားတွေ့၏။ အငြိမ့်စင် ပေါ်တွင် နီလာမြိုင်သည် နတ်သမီး တမျှလှပနေ၏။ ကာလသားများ အငြိမ့်စင်အောက်မှာ ဝိုင်းနေခြင်းသည် နီလာမြိုင်၏အစွမ်းကြောင့် ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှစ၍ နီလာမြိုင်ကို မျက်လုံးထဲတွင် မကြာမခဏမြင်မိ၏။ တစ်နေ့တွင် နီလာမြိုင်သည် သူ၏ခြံရှေ့သို့ စက်ဘီးတစ်စီးဖြင့်ရောက်ရှိလာ၏။ နီလာမြိုင်သည် သူမအတွက် ယကြာချေရန် သူတို့ခြံမှ မာလကာကိုင်း လာတောင်း၏။

တာတီးသည် နီလာမြိုင် အတွက် လိုအပ်သော မာလကာကိုင်းကို ကိုယ်တိုင်ခုတ်ပေးပြီး တစ်ဦးနှင့် တစ်ဦးရင်းနှီးကျွမ်းဝင် ခဲ့၏။ နီလာမြိုင်က တာတီးကို ကြည့်၍ သူမ မြင်ဖူးသမျှ ယောကျ်ားထဲတွင် အထူးခြားဆုံးယောကျ်ားဟု ချီးကျူးထောပနာ ပြု၏။

နီလာမြိုင်နှင့် အတူမြို့ပြင်ဘက်သို့စက်ဘီးထွက်စီးကြ၏။ မြို့ပြင်သို့ရောက်ပြီး လမ်းခွဲလေးတစ်ခုအတိုင်း စက်ဘီးစီးသွားလျှင် စမ်းချောင်းငယ်လေးတစ်ခုကို ရောက်၏။ စမ်းချောင်းနံဘေးမှာ မြက်ခင်းစိမ်းစိမ်းလေးများရှိ၏။ သူတို့နှစ်ယောက် ထိုနေရာသို့ မကြာခဏသွားရောက်လေ့ရှိ၏။ နီလာမြိုင်က တာတီး၏ ရှည်လျားသော ဆံပင်များကို ဆုပ်ကိုင်၍

"နင့်ဆံပင်တွေကို ငါသိပ်သဘောကျတယ်၊
ဒီနေ့ကစပြီး ငါတို့နှစ်ယောက် သိပ်ရင်းနှီးတဲ့
သူငယ်ချင်းတွေ ဖြစ်သွားပြီ"

ဟုပြောလေ၏။ ထိုစဉ်က နီလာမြိုင်၏ စကားသံလေးများက သူ့နားထဲမှာ ချိုမြလှ၏။





✳✳✳

ပုလိပ်အင်စပက်တော်လှမိုးသည် အဘိုးကြီး အဘွားကြီး အိမ်မှ ယူလာခဲ့သော တာတီး၏ ဓါတ်ပုံတစ်ပုံကို ရရှိ၏။ ထိုဓါတ်ပုံသည် တာတီးအသက် ၁၈နှစ်ခန့်က ရိုက်ကူးခဲ့သော ဓါတ်ပုံဖြစ်၏။ တာတီး၏ အိမ်နီးချင်းအကြော်သည် အဒေါ်ကြီးက တာတီး၏ ဓါတ်ပုံကို ကြည့်၍

"အဲဒီတုန်းက ဓါတ်ပုံနဲ့ ဒီနေ့အပြင်က ရုပ်က
သိပ်မကွာဘူး ဆံပင်ရှည်တာနဲ့ တိုတာပဲကွာတယ်"

ဟုပြောလေ၏။ တာတီးသည် ထိုခေတ် ယောကျ်ားလေးများ၌ အလွန်မြင်တွေ့ရခဲ့သော ဆံပင်ရှည်ကြီးကို ထားလေ၏။

အင်စပက်တော်လှမိုးသည် ပန်းချီဆရာဗိုဗို ၁၈နှစ်အရွယ် ဓါတ်ပုံကို အခြေခံ၍ ၂၅နှစ်အရွယ် ပန်းချီပုံတူကို ရေးဆွဲ၏။ ထိုပန်းချီပုံများ အားလုံးကို ဓါတ်ပုံရိုက်၍ ပုလိပ်ဌာနအသီးသီးသို့ ပို့ရန် စီစဉ်၏။

အင်စပက်တော်လှမိုးသည် တာတီး၏ ပန်းချီပုံများကို ကြည့်၍ သိမ်းသမလေး နီလာမြိုင်နှင့် ဒုတိယအကြိမ် ဆုံတွေ့ခဲ့ပုံကို မြင်ယောင်လာ၏။

အင်စပက်တော်လှမိုးသည် ညတစ်ည၌ အိမ်စေအဖွားကြီး ချက်ပြုတ်ကျွေးမွေးသော ညစာကို စားသောက်ပြီးနောက် အိမ်စေအဖွားကြီးပြန်ရန် ခြံတံခါးကို လိုက်လံဖွင့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com

အိမ်စေ အဖွားကြီး ပြန်သွားသောအခါ အိမ်တံခါး သော့ခတ်ရန်ပြင်လိုက်၏။ ထိုအခိုက်မှာပင် မိန်းကလေးတစ်ယောက်၏ ကျယ်လောင်သောအသံကို ကြားလိုက်ရ၏။

"နင်တို့ငါ့ကို လိုက်မနှောင့်ယှက်နဲ့နော်၊ ငါ့ကို ဘာကောင်မ အောက်မေ့လဲ"

ဟူသော အသံကို ကြားလိုက်ရ၏။ ထို့နောက် ယောကျ်ားများ၏ ရယ်သံများကို ကြားရ၏။ မိန်းမပျိုတစ်ယောက်၏

"ကယ်ကြပါဦးရှင့်၊ ကယ်ကြပါ"

ဟူသော အသံကို လည်းထပ်မံကြားရ၏။

အင်စပက်တော်လှမိုးသည် မိန်းမပျိုတစ်ယောက် ဒုက္ခရောက်နေကြောင်း သိလိုက်ရပြီး လက်နှိပ်ဓါတ်မီးနှင့် ဝါးရင်းတုတ်ကို ကိုင်ကာ အသံကြားရာသို့ထွက်ခဲ့၏။ ထိုနေရာသည် မိမိအိမ်နှင့် မလှမ်းမကမ်း၌ရှိ၏။

အင်စပက်တော်လှမိုးက အသံကြားရာသို့ လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ မြေပေါ်၌လဲကျနေသော မိန်းမပျိုတစ်ဦးကို လူငယ်သုံးယောက်က မတော်မတရားကျင့်ရန် ဝိုင်းအုံနေလေ၏။

အင်စပက်တော်လှမိုးသည် လူငယ်သုံးယောက်ကို ဝါးရင်းတုတ်ဖြင့် ခြောက်လှန့်၍ ရိုက်ထုတ်လိုက်သောအခါ လူငယ်များ ထိုနေရာမှ ခြေကုန်သုတ်ပြေးလေ၏။





အင်စပက်တော်လှမိုးသည် မြေပေါ်တွင်လဲကျနေသော မိန်းမပျိုကို ဖေးမ၍ လက်နှိပ်ဓါတ်မီး အလင်းရောင်ဖြင့် ကြည့်လိုက်ရာ နီလာမြိုင်ဖြစ်နေသဖြင့် သက်ပြင်းချလိုက်ပြီး

"ဘယ်သူများလဲမှတ်တယ်၊ ဒီမြို့ရဲ့ နာမည်ကျော် နီလာမြိုင် ဖြစ်နေပါလား၊ ဒီအချိန်ကြီးမှာ မိန်းကလေးတစ်ယောက်တည်း ဘာဖြစ်လို့ အပြင်ထွက်လာလဲ"

ဟုမေးမြန်းလေ၏။ နီလာမြိုင်က အင်စပက်တော်လှမိုး၏ အမေးကို မဖြေဘဲ မြေပေါ်တွင်လဲနေသော သူမ၏စက်ဘီးကို ဆွဲယူလိုက်၏။ သို့သော် စက်ဘီး၏ ရှေ့ဘီးတစ်ခုလုံး မြင်မကောင်းအောင် တွန့်လိမ်နေ၏။

အင်စပက်တော်လှမိုးက နီလာမြိုင်ကို သူ၏အိမ်ထဲသို့ ခေါ်ဆောင်သွားပြီး

"ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

ဟုမေးမြန်းလိုက်၏။ နီလာမြိုင်က လူငယ်များကို မကျေမနပ်ဟန်ဖြင့် တောက်ခေါက်လိုက်ပြီး

"ဒီကောင်တွေ ကျွန်မအကြောင်းကောင်းကောင်း သိစေရမယ်၊ ဗေဒင်ဆရာက ဒီနေ့ည ၈ နာရီတိတိမှာ ယတြာချေထားတဲ့ ပစ္စည်းတွေကို



www.burmeseclassic.com

www.burmeseclassic.com

မြို့ပြင်မှာသွားပြီး စွန့်ပစ်ရမယ်တဲ့ ၊ ကျွန်မ ဒီအချိန်
မြို့ပြင်ကို ထွက်လေ့မရှိဘူး။ ဒီနေ့ပဲထွက်တာ၊ ဒီနေ့
ပြဿနာပေါ်တာပဲ”

ဟုပြောလေရာ အင်စပက်တော်လှမိုးက

“မြို့ပြင်ထွက်ရင်လဲ ယုံကြည်စိတ်ချရတဲ့
အဖော်တစ်ယောက် ကိုခေါ်လာပေါ့ကွာ”

ဟုပြောလေ၏။ နီလာမြိုင်က အင်စပက်တော်လှမိုး၏ စကားကြောင့် မျက်မှောင်ကြုတ်၍

“ယုံကြည်စိတ်ချရတဲ့ အဖော်ဟုတ်လား၊
ကျွန်မဘဝမှာ ယုံကြည်စိတ်ချရတဲ့ အဖော်တစ်
ယောက်မှာမရှိသေးဘူး။ လောကမှာ ကျွန်မကို ဒုက္ခ
ပေးမဲ့ သူတွေပဲရှင့် ယောကျ်ားတွေက ပိုဆိုးတယ်”

ဟုပြောရင်း သူမ၏ ပြောဟနေသောအကျီကို လက်ဖြင့်အုပ် လိုက်၏။ သူမ၏ဖြူဝင်းသော ရင်သားများက အင်္ကျီအပြဲအောက်မှ ရုန်းထွက်လုမတတ်ရှိနေ၏။

ထိုအခိုက်မှာပင် မိုးကြိုးပစ်သံများကို ကြားလိုက်ရပြီး မိုးများသဲကြီးမဲကြီးရွာချလိုက်၏။ အင်စပက်တော်လှမိုးသည် နီလာမြိုင်ကို အိမ်ပြန်နိုင်းရန် အခက်တွေ့သွား၏။ ထိုနေ့မှ တိုက်တိုက်ဆိုင်ဆိုင် မိမိ၏ ဂျစ်ကားကို ဝပ်ရှော့သို့ ပို့ထားရ၏။





အင်စပက်တော်လှမိုးက သူမကို ငေး့ခန့်၍ ထိုင်စောင့်နိုင်းပြီး

“မိုးတိတ်ရင် မင်းအိမ်ပြန်ရမယ်”

ဟုပြောကာ ဂန္ထလောက မဂ္ဂဇင်းကို ဖတ်၍နေလေ၏။

သို့သော် မိုးကမတိတ်သည့်အပြင် ပိုမို၍သည်းလာ၏။ မိုးကြိုးပစ်သံများကိုလည်း အကြိမ်ကြိမ်ကြားရ၏။

နီလာမြိုင်သည် မိုးကြိုးပစ်သံကြားတိုင်း ထိတ်လန့်ဟန်ဖြင့် အင်စပက်တော်လှမိုး အနီးသို့ တိုးကပ်လာ၏။ တစ်ကြိမ်တွင် ကျယ်လောင်သော မိုးကြိုး ပစ်သံကြီးကို နားကွဲလုမတတ် ကြားလိုက်ရပြီး နီလာမြိုင်သည် ငယ်သံပါအောင် အော်ဟစ်၍ အင်စပက် တော်လှမိုးကို ပွေ့ဖက်လိုက်၏။

အင်စပက်တော်လှမိုးကိုယ်တိုင်လည်း ကျယ်လောင်သော မိုးကြိုးပစ်သံကြီးကြောင့် ထိတ်လန့်သလိုဖြစ်သွားသဖြင့် သူမကို အပြစ်မတင်မိတော့ချေ။

ထိုအချိန်၌ ရုတ်တရက် မီးများပြတ်တောက်သွားလေတော့၏။ အင်စပက်တော်လှမိုးသည် မှောင်ကြီးမည်းမည်းထဲတွင် လက်နှိပ်ဓါတ်မီးကို လိုက်လံရှာဖွေဖို့ကြိုးစား၏။ သို့သော် လက်နှိပ် ဓါတ်မီးက အိမ်၏ မည်သို့နေရာတွင် ရှိနေသည် မသိတော့ချေ။

အိမ်တစ်အိမ်လုံး အမှောင်မိုက်ကြီးစိုးနေ၏။ ထိုနေ့ညက သူတို့နှစ်ယောက်စလုံး အမှောင်မိုက်ထဲသို့တိုးဝင်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



နံနက်အရုဏ်တက်ချိန်ရောက်မှ နီလာမြိုင်ကို မြင်းလှည်းကြုံဖြင့် အိမ်သို့ပြန်ပို့နိုင်းလိုက်ရ၏။ နီလာမြိုင် မြင်းလှည်းပေါ်သို့ တက်ကာနီးတွင် အင်စပက်တော်လှမိုး၏ပါးကို ရွှတ်ခနဲနမ်းသွား၏။

အင်စပက်တော်လှမိုးသည် နီလာမြိုင်၏ လှပသော မျက်နှာကိုကြည့်၍ ဂုဏ်သိက္ခာနဲ့ နေမယ်ဆိုရင်မြတ်နိုးစရာကောင်းလိုက်တဲ့ မိန်းကလေးဟု ရေရွတ်မိ၏။ သူမအိပ်စက်ခဲ့သော မွေ့ယာပေါ်တွင် ကြွေမွှနေသော နှင်းဆီပန်းလေးတစ်ပွင့် ကျန်ရစ်ခဲ့၏။

✳✳✳

တာတီးသည် တည်းခိုခန်း၌ ရက်အနည်းငယ် လုပ်ကိုင်ပြီးနောက် သတင်းစာများကို စောင့်ဖတ်ကြည့်ရာ သုံးလောင်းမြို့လူသတ်မှုနှင့် ပတ်သက်၍ စိတ်ဝင်စားသူ နည်းပါးသွားကြောင်း တွေ့ရ၏။

မိမိကျွန်းမြို့မှ ထွက်ခွာရန် အချိန်တန်ပေပြီ။ တည်းခိုခန်း၌ လုပ်ကိုင်ရခြင်းအတွက် အခက်အခဲမရှိသော်လည်း မိမိအတွက် အနှောင့်အယှက်ကြီးစွာရှိနေ၏။ ထိုအနှောင့်အယှက်မှာ လွတ်လပ်စွာဘာဂျာမှုတ်ခွင့်မရှိခြင်းဖြစ်၏။





မိမိ(၁၀)နှစ်သားဘဝအရွယ်ကပင် လွတ်လပ်စွာ ဘာဂျာမှုတ်ရန် ဝါသနာထုံခဲ့၏။ တာတီးသည် ဘာဂျာအမျိုးမျိုး ပြောင်းလဲ၍မှုတ်ခဲ့ဖူး၏။ မိမိမှုတ်ခဲ့သော ဘာဂျာများအနက် ဂျာမဏီလုပ် ကြက်တူရွေးတံဆိပ်ဘာဂျာကို အနှစ်သက်ဆုံးဖြစ်၏။ မိမိဘာဂျာသံကို နှစ်သက်စွာနားထောင်သူမှာ နီလာမြိုင်ဖြစ်၏။

နီလာမြိုင်ကို မြို့ပြင်စမ်းချောင်းလေးသို့ ခေါ်ဆောင်သွားပြီး အကြိမ်ကြိမ်မှုတ်ပြခဲ့၏။ နီလာမြိုင်သည် မိမိမှုတ်ပြသော တေးသွားအမျိုးမျိုးကို သဘောကျစွာ ချီးမွမ်းခဲ့၏။ ထို့ကြောင့်ပင် နီလာမြိုင် သည် မိမိဘဝမှာ နေရာရလာခဲ့ခြင်းဖြစ်၏။

ယခုတည်းခိုခန်း မန်နေဂျာက မိမိကို ဘာဂျာမမှုတ်ရန် တားမြစ်၏။ တာတီးသည် ဘာဂျာမှုတ်ခြင်းကို တားမြစ်သောကြောင့် မခံချိခံသာဖြစ်သွားပြီး

"ကျုပ်ရဲ့ဘာဂျာသံက သူတစ်ပါးကို အနှောင့်အယှက် ပေးလို့လားဗျာ"

ဟုပြောလေရာ မန်နေဂျာကမျက်နှာရှုံ့မဲ့၍

"တည်းခိုခန်းပိုင်ရှင် အပျိုကြီးက ညတိုင်းဘာဂျာသံကြားနေရလို့ နားမခံသာဘူးပြောနေတယ်"

ဟုပြောလေ၏။ တာတီးသည် ထိုအချိန်မှစ၍ တည်းခိုခန်းမှ



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံးထွက်ခွာရန် ဆုံးဖြတ်လိုက်၏။ သဘာဝတရားကြီး၏ ကိုယ်စားတာဝန်ထမ်းဆောင်ရဦးမည်။

ထိုနေ့ည တာတီးဘာဂျာ မှုတ်နေစဉ် ဧည့်သည်များရောက်ရှိ လာသဖြင့် ဧည့်သည်များကို လိုက်လံပို့ဆောင်ပေးလေ၏။ ဧည့်သည် များကို နေရာချပေးပြီး မိမိ၏ အခန်းဝသို့ရောက်သောအခါ သူ၏ ဘာဂျာကလေး ကြမ်းပေါ်တွင် တစစီကွဲကြေနေကြောင်း တွေ့ရ၏။

တာတီး၏ ရင်ထဲတွင် ဒေါသစိတ်များ ထောင်းခနဲဖြစ်သွားပြီး တောက်တစ်ချက် ပြင်းထန်စွာခေါက်လိုက်၏။ သူသည် ဘာဂျာ အပိုင်းအစလေးများကို တစစီပြန်ကောက်ပြီး လက်ကိုင်ပဝါနှင့် ထုပ်ထားလိုက်၏။ တာတီးက မန်နေဂျာထံသို့ ဒေါသတကြီး ရောက်ရှိ သွားပြီး

"ကျုပ်ဘာဂျာကို ခင်ဗျားဖျက်ဆီးတာလား"

ဟုမေးမြန်းလိုက်လေ၏။ မန်နေဂျာက ကမန်းကတန်း လင် ကာပြလိုက်ပြီး

"မဟုတ်ပါဘူးဗျာ၊ တည်းခိုခန်းပိုင်ရှင်

အပျိုကြီးပေါက်ခွဲ သွားတာပါ"

ဟုပြောလိုက်၏။ တာတီးသည် တည်းခိုခန်းပိုင်ရှင် အပျိုကြီး၏ စိတ်ထဲမှကျိတ်၍ ကျိန်ဆဲလိုက်၏။

"ကျုပ်ရဲ့ဘာဂျာကိုဖျက်ဆီးတဲ့အတွက် အပျို





ကြီးကို အပြစ်ဒဏ်ခတ်ရမယ်"

ဟုပြောဆိုပြီး မန်နေဂျာရှေ့မှ ထွက်ခဲ့၏။ တည်းခိုခန်းပိုင်ရှင် အပျိုကြီးသည် တည်းခိုခန်း၏ နံဘေးရှိ ပျဉ်ထောင်အိမ်ကလေးမှာ နေထိုင်၏။

အပျိုကြီးကို အပြစ်ဒဏ်ခတ်ရပေဦးမည်။

✲✲✲

ဝန်ထောက် ဦးဘကျော်သည် အင်စပက်တော်လှမိုးကို ခေါ်ယူ ပြီး သုံးလောင်းပြိုင်လူသတ်မှုနှင့်ပတ်သက်၍ မေးမြန်းလေ၏။

"အမှုအခြေအနေ တိုးတက်မှုဘယ်လောက် ရှိသလဲ"

အင်စပက်တော်လှမိုး

"အမှုအခြေအနေတိုးတက်မှု နှေးကွေးနေ တယ်၊ နောက်ဆုံးတော့ သဲလွန်စအားလုံးက ပျောက် ဆုံးနေတဲ့ တာတီးဆီမှာရောက်နေတယ်၊ ကျွန်တော် တာတီးနောက်ကို လိုက်မှဖြစ်မယ်၊ တာတီးကိုတွေ့ ရင် ဒီအမှုရဲ့ ကိုးဆယ်ရာခိုင်နှုန်းပြီးစီးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလေရာ ဝန်ထောက်ဦးဘကျော်က ခေါင်းညိတ်၍

"လမ်းဆုံးထိရောက်အောင် လိုက်ပေတော့၊ မောင်ရင်ဘာလုပ်လုပ်ကျုပ်ခွင့်ပြုတယ်၊ ခရီးထွက်စရာရှိလဲ ထွက်ပေတော့၊ အရေးကြီးဆုံးက တရားခံကို မိဖို့ပဲ"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် ဝန်ထောက်မင်း ရုံးခန်းမှပြန်လာပြီးနောက် နီလာမြိုင်နှင့် တွေ့ဆုံခဲ့ပုံများကို သတိ နေပြန်၏။ မိုးသည်းည လွန်မြောက်ပြီးနောက် နီလာမြိုင်သူ၏ အိမ် ရောက်လာပြန်၏။ အင်စပက်တော်လှမိုးက မျက်မှောင် ကြုတ်၍

"ဘာအကြောင်းရှိလို့ရောက်လာတာလဲ"

ဟုမေးမြန်းလိုက်ရာ နီလာမြိုင်က မျက်နှာရှုံ့မဲ့၍

"အကြောင်းရှိမှလာရမှာလား၊ ရှင်နဲ့ကျွန်မ သူစိမ်းတွေမှ မဟုတ်တာ"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက သူမကို မလုံ ကြည့်၍ ခေါင်းခါယမ်းကာ

"မင်းနဲ့ငါသူစိမ်းတွေပဲ၊ နောက်တစ်ကြိမ်တွေ့စရာအကြောင်း မရှိတော့ဘူး"

ဟုပြောလိုက်ရာ နီလာမြိုင်က အင်စပက်တော်လှမိုးကို လေးစားကြည့်၍





"မိုးသည်းညတုန်းက ကိစ္စကို ကျွန်မ မေ့မရဘူး"

ဟုဆိုလိုက်၏။ အင်စပက်တော်လှမိုးက သက်ပြင်းချ၍

"ကဲ... မင်းဘာကြောင့် ငါ့ဆီကို ရောက်လာတာလဲ၊ ရှင်း ရှင်းပြောစမ်း"

ဟုမေးမြန်းလိုက်လေရာ နီလာမြိုင်က အင်စပက်တော်လှမိုး၏ နှာကို ကြည့်၍

"မြို့ပေါ်က လူငယ်တွေပြောနေတဲ့ သတင်းတစ်ခုရှိတယ်၊ အဲဒါကတော့ ရှင်နဲ့ ကျွန်မဟာ မိုးသည်းညမှာအတူတူအိပ်ခဲ့တယ်တဲ့၊ အဲဒီသတင်းကို ရှင်ကိုပြောရင်း တောင်းပန်ချင်လို့ပါ၊ ရှင့်ကျွန်မအတွက် သိက္ခာကျသွားရတယ်နော်"

ဟုပြောလေရာ အင်စပက်တော်လှမိုးသည် သူမ၏စကား ကြောင့် တုန်လှုပ်ခြောက်ခြားသွားပြီး

"လူတွေဒီလိုပြောနေတာတောင် မင်းဘာလို့ ငါ့ဆီကိုရောက်လာရတာလဲ၊ ထွက်သွား၊ ထွက်သွားစမ်း"

ဟုဒေါသတကြီးအော်ဟစ်ပြောဆိုလိုက်၏။ နီလာမြိုင်က အင်စပက်တော်လှမိုးကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com

"ဒီအတွက် ကျွန်မကလာပြီး တောင်းပန်တာ
ပါ။ ကျွန်မကြောင့် အင်စပက်တော် ဂုဏ်သိက္ခာ
ကျဆင်းသွားတယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက ခေါင်းခါယမ်း၍

"တောင်းပန်စရာမလိုဘူး။ မင်းငါ့ဆီ ဘယ်
တော့မှ မလာရင်ပြီးပြီ။ အကောင်းဆုံးက လမ်းမှာ
တွေ့ရင်တောင် ငါ့ကို နှုတ်မဆက်နဲ့၊ သူစိမ်းတွေလို
နေစမ်းပါ။ အခုချက်ချင်း ငါ့ရှေ့က ထွက်သွားပေ
တော့"

ဟု မောင်းထုတ်လိုက်ရာ နီလာမြိုင်သည် အံကို ကြိတ်၍ သူ့
အနီးမှထွက်ခွာသွားလေ၏။ နီလာမြိုင်ပြောသော ကောလ ဟာလ
သတင်းကို သူအလွန်ကြောက်နေမိ၏။ ဤသတင်းသာ အမှန်တကယ်
မြို့ထဲ၌ ပြန့်နှံ့သွားလျှင် အင်စပက်တော်လှမိုး၏ ဂုဏ်သိက္ခာမြေကြီး
ထဲသို့ရောက်သွားပေတော့မည်။

✳✳✳

အင်စပက်တော်လှမိုးသည် သုံးလောင်းပြိုင် လူသတ်မှုနှင့်
ပတ်သက်သော သဲလွန်စများကို ရှာဖွေနေမိ၏။

ယခုမျိုးအင်စပက်တော်လင်မယားသည် ဤမြို့သို့ ပြောင်း





လာသည်မှာ အနှစ် (၂၀)ကျော်ရှိပြီဆို၏။ သူတို့မိသားစု မည်သည့်
ရပ်က ပြောင်းရွှေ့လာသနည်း။ တာတီးကိုလည်း မည်သည့် မြို့ရွာ၌
ဖွားခဲ့သနည်း။ တာတီးကိုမွေးဖွားသည့် ဆေးရုံက မည်သည့်
ဆေးရုံနည်း။ ထိုအချက်ကို တစ်ခုမှ ရှာဖွေလို့ မတွေ့သေးချေ။ သူ့
ဖြစ်မှာ ကောက်ရိုးပုံထဲက အပ်ကိုရှာရသကဲ့သို့ ရှိ၏။

မည်သို့ပင်ဖြစ်စေ သုံးလောင်း ပြိုင်လူသတ်မှုကို မရရအောင်
ထောက်လှမ်းရပေမည်။

✳✳✳

တာတီးသည် နောက်တစ်နေ့အစောကြီးထ၍ ဤမြို့မှ ထွက်ခွာ
ကြံစည်၏။ ဤမြို့မှ မထွက်ခွာမီ မိမိ၏ ဘာဂျာကို ရိုက်ချိုး
ဆီးသော အပျိုကြီးအား သုံးမရှဉ်းမည်။

တာတီးသည် ည ၁၂ နာရီထိုးသည့်အချိန်ထိ စိတ်ရှည်ရှည် နှင့်
၏။ ည ၁၂ နာရီကျော်သောအခါ တည်းခိုခန်း တစ်ခုလုံး ငြိမ်
သွား၏။

ယနေ့ည တည်းခိုခန်းမှာ ဧည့်သည်နှစ်ဦးသာရှိ၏။ ဧည့်သည်
ယောက်လုံး အအိပ်ကြီးအစားကြီးသော စပါးပွဲစား လူဝကြီးများ
၏။ ထိုလူကြီးများ အိပ်လျှင် ဆင်အော်လျှင်ပင်နိုးမည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



တာတီးသည် သားရေအိတ်ကို ခါး၌စလွယ်သိုင်းလွယ် အုတ်တံတိုင်းကို ကျော်၍တစ်ဖက်ခြံထဲသို့ ခိုးဝင်ခဲ့၏။ အပျိုကြီးသ တစ်ထပ်ပျဉ်ထောင်အိမ်ကလေး၌ အိမ်စေမိန်းကလေး တစ်ယော နှင့်အတူနေထိုင်၏။

ယနေ့ညက်ကောင်းချင်တော့ အိမ်စေမိန်းကလေးဇာတိရွာ ခဏပြန်နေ၏။ တာတီးသည် အပျိုကြီး၏အိမ်ရှေ့တံခါးကို သံ ရှင်းဖြင့် ကလန့်ပြီး ဖွင့်လိုက်၏။

အိမ်ရှေ့တံခါးကို ဖွင့်သွားသောအခါ တံခါးကို ညင်သာစွာ ဖွင့် သံတူရှင်းကို နံရံ၌ ထောင်ထားလိုက်၏။ သို့သော် ကံဆိုးချင်တေ သံတူရှင်းသည် နံရံမှအောက်သို့ပြုတ်ကျသွား၏။ အအိပ်ဆတ်သေ အပျိုကြီးသည် သံတူရှင်းကျသောအသံကြောင့်

"ဘယ်သူလဲ"

ဟု အသံတုန်တုန်ယင်ယင်ဖြင့်မေး၏။ တာတီးသည် နံရံကို မှီ ငြိမ်သက်စွာနေလိုက်၏။ အပျိုကြီးသည် ခဏကြာလျှင် အိပ်ရာပေ လူးလဲထပြီး ထမီမနိုင် ပုဝါမနိုင်ဖြင့် အိမ်ရှေ့သို့ ထွက်လာ၏။

အပျိုကြီးသည် မီးခလုတ်ကို ထောက်ခနဲ ဖွင့်ကြည့်လိုက် တံခါးပွင့်နေကြောင်း တွေ့ရသဖြင့် မျက်လုံးပြူးသွား၏။

တာတီးသည် အပျိုကြီး၏ နောက်ကျောကို ကြည့်၍ ရင်ထဲတွ ပူလောင်ခြင်းဖြစ်လာ၏။ အပျိုကြီးသည် အသက်လေးဆယ်ဝ



ရှိပြီး လွန်စွာလှပသော ကိုယ်လုံးကိုယ်ပေါက်ကို ပိုင်ဆိုင်ထား ဖြင့်တစ်မြို့လုံးရှိကာလသားများ၏ စိတ်ကူးယဉ် မိန်းမလှကြီး ဖြစ်၏။ ထိုမိန်းမကြီးသည် မိမိရှေ့၌ ထမီမနိုင် ပုဝါမနိုင်နှင့် ရှိနေ၏။

တာတီးသည် စိတ်မထိန်းနိုင်တော့ဘဲ အပျိုကြီးကို သိုင်းဖက် လိုက်ပြီး ပါးစပ်ကို အတင်းပိတ်ကာ အိပ်ခန်းထဲသို့ဆွဲခေါ်သွား၏။ အပျိုကြီးသည် ရုန်းရုန်းဝါးဝါးအော်ဟစ်၍ ခုတင်ပေါ်သို့ ပြုလဲကျသွား၏။

တာတီးသည် နီလာမြိုင်ထံမှ သင်ကြားခဲ့သော အတတ်ပညာ များကို တခဏချင်းအသုံးချလိုက်ရာ အပျိုကြီးသည် ငြင်းဆန်ခြင်း မရှိဘဲ တအင်းအင်းညည်းညူ၍ ငြိမ်သက်သွားလေ၏။ တာတီးသည် ထိုညတစ်ညလုံး အပျိုကြီးကို စိတ်တိုင်းကျလက်စားချေပြီးနောက် အပျိုကြီးက

""ကောင်လေး၊ မင်းသိပ်ဆိုးတယ်၊ မမတော့ ဘဝပျက်ပါ ပြီကွယ်""

ဟုဆိုလိုက်ရာ တာတီးက အသင့်ယူဆောင်လာသော ဘာဂျာ ကို ထုတ်၍ အပျိုကြီးနားဆင်ရန် တေးသွားတစ်ပုဒ်ကို မှုတ်ပြလိုက် ရာ အပျိုကြီးက တာတီးကို ဖက်၍

"မင်းဘာဂျာမှုတ်တာ နားထောင်လို့ကောင်း
လိုက်တာကွယ်၊ မင်းကို ဘာဂျာကောင်းကောင်း
တစ်လက်ဝယ်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလေရာ တာတီးက ခေါင်းခါယမ်း၍

"ခင်များမှာ ဘာကျွာဝယ်ဖို့ အခွင့်အရေးမရှိတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ညဟာ ခင်ဗျားအတွက် လူ့လောကမှာ နေရတဲ့ နောက်ဆုံးညမို့လို့ပဲ၊ ခင်ဗျားမသေမီ လောကစည်းစိမ်ကို ကောင်းကောင်းကြီးခံစားပြီးပါပြီ၊ ဒါကြောင့် ခင်ဗျားသေမယ် ဆိုရင်လည်း သေပျော်ပါပြီဗျာ"

ဟုဆိုကာ ခုတင်အောက်ချထားသော ဓားကို ယူ၍အပျိုကြီး၏ရင်ဝသို့ ထိုးစိုက်ချလိုက်၏။ အပျိုကြီးက အော်ဟစ်ရုန်းကန်ရုန်းကြိုးစားသဖြင့် မျက်နှာကို ခေါင်းအုံးဖြင့် ဖိပြီးဓားဖြင့်ထပ်မံထိုးချလိုက်ရာ ခဏကြာလျှင် အပျိုကြီးသေဆုံးသွား၏။

သဘာဝတရားကြီး၏ ကိုယ်စားအပြစ်ဒဏ်ခတ်လိုက်ရချေပြီ။ တာတီးသည် အပျိုကြီး၏ ကိုယ်ခန္ဓာကို သဘောကျစွာ ကြည့်၍ နံရံ၌ ထင်ကျန်ရစ်သော သွေးများကို လက်ညိုးဖြင့် တို့ယူကာ နံရံ၌ အောက်ပါအတိုင်းရေးသားလိုက်လေ၏။

"ရေဲကလူ့ပြာမှုမကြောက်"

✳✳✳





ယခုနှစ်မိုးရာသီကုန်ဆုံးလျှင် ရှေ့ဝါမြိုင် အငြိမ့်အဖွဲ့သည် မြန်မာပြည်အနှံ့ရှိဘုရားပွဲများသို့ လှည့်လည်ကပြမည်ဆို၏။ တာတီးသည် နီလာမြိုင်ထံမှရသောသတင်းကြောင့် မျက်မှောင် ကြုတ်၍

"ရွှေဝါမြိုင်အဖွဲ့က အရင်တုန်းက ဘုရားပွဲတွေလှည့် မကပါဘူး"

ဟုပြောလေရာ နီလာမြိုင်က စိတ်အားတတ်ကြွသော အမူအရာဖြင့်

"ဟုတ်တယ်၊ အငြိမ့်အဖွဲ့ပိုင်ရှင်ဦးပွကြီးက အငြိမ့်အဖွဲ့တစ်ဖွဲ့လုံးကို အသစ်ပြန်ပြီး မွမ်းမံနေတယ်လေ၊ နောက်ဆိုရင် မြန်မာပြည်အနှံ့လှည့်ပြီး ကတော့မယ်တဲ့၊ ပျော်စရာကြီးနော်"

ဟုပြောလေရာ တာတီးသည် နီလာမြိုင်နှင့်ခွဲခွာရတော့မည့်သောအတွေးကြောင့် ရင်ထဲတွင် ပူပင်သွား၏။

တာတီးက နီလာမြိုင်ကိုကြည့်၍

"ဒါဆိုရင်၊ ငါတို့ခွဲရတော့မယ်နော်၊ ရာသီကုန်တော့မှ နှင် ပြန်ရောက်မှာပေါ့"

ဟုမေးလေရာ နီလာမြိုင်က အားတတ်သရောဖြင့်

"ဟုတ်တာပေါ့လေ၊ မြို့ကိုပြန်ရောက်ရင် နှင်နဲ့ ငါ ပြန်တွေ့ရ မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလေ၏။ နီလာမြိုင်နှင့်ခွဲရမည့်အတွက် တာတီးက ပူပန်နေသလောက် နီလာမြိုင်က ခရီးထွက်ရမည့်အရေးကို အပျော်ကြီးပျော်နေလေ၏။

တာတီးသည် နီလာမြိုင်၏ အတွင်းစိတ်ကို ဖောက်ထွင်းမြင်လိုက်သကဲ့သို့ရှိ၏။ နီလာမြိုင်သည် မိမိအချစ်ကို အလေးအနက်ထားသူမဟုတ်၊ မိမိကိုအပျင်းပြေ အပျော်တွဲခြင်းဖြစ်၏။ တာတီးသည် နီလာမြိုင်ကို လက်လွှတ်ဆုံးရှုံးမှာလည်း ကြောက်လာသလို ရှိ၏။ ထို့ကြောင့် သူမ၏ပခုံးကိုဖက်၍

"နင်ပြန်လာရင် ငါတို့လက်ထပ်ရအောင်နော်"

ဟုပြောလေရာ နီလာမြိုင်က တာတီးကို အံ့သြဟန်ဖြင့် ကြည့်၍

"လက်ထပ်ကြမယ်ဟုတ်လား။ နင်ဘာတွေအရူးထနေတာလဲ၊ နင့်မှာငါ အားကိုးရလောက်အောင် အလုပ်အကိုင်ရှိလို့လား"

ဟုမေးမြန်းလေ၏။ နီလာမြိုင်၏ စကားကြောင့် တာတီးသည် ငူငူငိုင်ငိုင်ကြီး ဖြစ်သွားပြီး

"နင်ပြန်လာရင် ငါအလုပ်တစ်ခုရှာပါမယ်၊ နင်ကအခုလို နယ်လှည့်ပြီး ကပြနေအောင်မယ်ဆိုတော့ ငါတို့လက်ထပ်ထားရင် စိတ်ချရမယ် မဟုတ်လား"





ဟုပြောလေရာ နီလာမြိုင်က တာတီး၏မျက်နှာကို ကြည့်၍ ရယ်မောလိုက်ပြီး

"ဟြော်၊ နင်ကငါကိုမခွဲနိုင်လို့ လက်ထပ်ဖို့ကြိုးစားမှာပေ့ါ၊ ဒါဆိုရင်လည်း နင်ကြိုးစားလေ၊ နင်မှာ အလုပ်ရှိရင် ငါလက်ထပ်မှာပေ့ါ။ နင့် အရည်အချင်းနဲ့ဆိုရင် အလုပ်တစ်ခုတော့ ရအောင်ရှာနိုင်မှာပါ"

ဟုပြောလိုက်၏။ နီလာမြိုင်၏ စကားကြောင့် တာတီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

"ငါရအောင် ရှာပါမယ်၊ဒါမှ ငါတို့နှစ်ယောက် နီးရမှာမဟုတ်လား၊ ငါကတိပေးပါ့မယ်၊ နင်ပြန်လာရင် ငါမှာအလုပ်တစ်ခု ရှိစေရမယ်၊ နင်ကလည်း ငါ့ကိုမမေ့နဲ့နော်"

ဟုသတိပေးလိုက်ရာ နီလာမြိုင်က သူ၏ရင်ခွင်ထဲသို့တိုးဝင်၍

"ဘယ်တော့မှ မမေ့ဘူး"

ဟုပြောလိုက်လေ၏။ နီလာမြိုင်ကို သူချစ်ရခြင်းမှာ ထို့အတွက်ကြောင့်ဖြစ်၏။ နီလာမြိုင်သည် သူ့ကို ယောကျ်ားတစ်ယောက်အဖြစ် အသိအမှတ်ပြု၏။ သူ၏အရည်အချင်းကို ယုံကြည်ကိုးစား၏။

နီလာမြိုင်နှင့် အတူနေထိုင်လျှင် မိမိကိုမိမိ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ကြောင်း ယုံကြည်သက်ဝင်စေ၏။ မိမိဘဝတစ်လျှောက်လုံး အဘိုးကြီးအဘွားကြီး၏ အနှိမ်ခံဘဝနှင့် နေထိုင်လာခဲ့ရ၏။

အဘိုးကြီးအဘွားကြီးသည် မိမိကို ပတ်ဝန်းကျင်အလယ်၌ သားအရင်းဟု ပြောဆိုထားသော်လည်း လူအများ၏ ကွယ်ရာ၌ မွေးစားသား ဟူ၍ အကြိမ်ကြိမ်နှိပ်ချပြောဆိုခဲ့၏။ ယခင်ကဆိုလျှင် သူ၏မိဘများက မိမိကိုမွေးစားသားဟူ၍ လုပ်ကြံပြောဆိုသည် ထင်ခဲ့၏။

တစ်နေ့တွင်မူ သူသည် အဘိုးကြီး အဘွားကြီး၏ မွေးစားသားဖြစ်ကြောင်း ကောင်းစွာပေါ်လွင်ခဲ့၏။ ထိုအချိန်မှစ၍ သူ၏ဘဝတစ်စစီကြွေမွသွားသည် ဟုထင်မိလေ၏။

ငယ်စဉ်ဘဝတစ်လျှောက်လုံး အဘိုးကြီးအဘွားကြီး၏နှိမ်ချပြောဆိုခြင်းများကို သိနားလည်လာ၏။ အဘိုးကြီးသည် မိမိကိုဘယ်တော့အခါမှ ချိုမွမ်းစကားပြောလေ့မရှိ၊ အဘွားကြီးသည် မိမိ၏အပြစ်များကို အစဉ်အမြဲရှာဖွေနေ၏။ သူ့ဘဝ တစ်လျှောက်လုံး အစဉ်သဖြင့် မကောင်းသတင်းများကိုသာ ကြားနေရသဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုပင် မရှိတော့ချေ။

ထိုကြောင့် သူတစ်ပါးကြား၌ အစဉ်အမြဲ သိမ်ငယ်နေရ၏။ လူအများအလယ်တွင် စိတ်အားငယ်သလို ခံစားရ၏။ လူအများကြား၌





တစ်ကိုယ်တည်းအထီးကျန်နေသလိုလည်းဖြစ်၏။ ထို့ကြောင့် ငယ်စဉ်ဘဝတစ်လျှောက်လုံး မည်သူနှင့်မှ ရင်းရင်းနှီးနှီး ပေါင်းသင်းခဲ့ခြင်း မရှိချေ။

မိမိဘဝတစ်လျှောက်လုံး အထီးကျန်နေထိုင်ရခြင်း၏ အဓိကတရားခံမှာ အဘိုးကြီးအဘွားခြင်းပင်ဖြစ်၏။ ယခုတော့ အဘိုးကြီးအဘွားကြီးနှင့် နီလာမြိုင်တို့အားလုံး ရေပြည်သို့ရောက်ရှိသွားချေပြီ။

မြန်မာပြည်အနှံ့ ဘုရားပွဲများတွင် လှည့်၍ကရန် နီလာမြိုင်အငြိမ့်အဖွဲ့၌ပါသွားပြီး နှစ်လခန့်အကြာတွင် မြို့သို့ စိတ်ပျက်လက်ပျက်အမူအရာဖြင့်ပြန်ရောက်လာ၏။ သူမက တာတီးကို အားကိုးတကြီးဖက်၍

“ငါ့ကိုဇာတ်ဆရာဦးပွကြီးက ထုတ်ပစ်လိုက်ပြီ”

ဟုပြောလေ၏။

တာတီးသည်ဘာကြောင့်ထုတ်ပစ်တာလဲဟု နီလာမြိုင်ကိုမေးခဲ့ချေ။ နီလာမြိုင်ပခုံးကို တင်းတင်းဖက်၍

“ဘာမှမပူနဲ့၊ ငါအလုပ်ရှာပြီးရင် နင့်ကိုလက်ထပ်ယူမယ်”

ဟု ယောကျ်ားရင့်မာကြီး တစ်ယောက်၏ အမူအရာဖြင့် ပြောဆိုလိုက်ရာ နီလာမြိုင်သည်မိမိကို အားကိုးတကြီးကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

တာတီးသည် နီလာမြိုင်ကို လက်ထပ်ယူရန် အမြန်ဆုံး အလုပ်ရှာရပေတော့မည်။ မည်သည့်အလုပ်ပဲဖြစ်ဖြစ် သူ အပင်ပန်းခံ၍ လုပ်နိုင်ပါသည်။ နီလာမြိုင်အတွက်ဆိုရင် အရာရာကို သူစွန့်စားဝံ့သည်။

✳✳✳

သုံးလောင်ပြိုင်လူသတ်မှုနှင့် ပတ်သတ်၍ အနီးအနားမြို့မှ ကြေးနန်းဝင်လာသဖြင့် အင်စပက်တော်လှမိုးသည် ဂျစ်ကားကို ဆီအပြည့်ဖြည့်လိုက်လေ၏။

ဝန်ထောက်ဦးဘကျော်ထံမှ ခွင့်ပြုမိန့်ရထားပြီး ဖြစ်သဖြင့် သုံးလောင်းပြိုင်လူသတ်မှုနောက်သို့ တစ်နေကုန်တစ်နေခန်းလိုက်ရန် မိမိတာဝန်သာဖြစ်၏။

အနီးအနားမြို့ရှိပုလိပ်ဌာနက သုံးလောင်ပြိုင်လူသတ်မှု၌ ပျောက်ဆုံးနေသော တာတီးသည် သူတို့မြို့မှာ လူသတ်မှုကျူးလွန်သွားသည်ဆို၏။ အင်စပက်တော်လှမိုးသည် တာတီး၏ ဓာတ်ပုံများကို ပုလိပ်ဌာနသို့ ဖြန့်ဝေထားခဲ့၏။ တာတီးသည် လူသတ်မှုများကို ကိုယ်တိုင်ကျူးလွန်သူတစ်ဦးပါလား။ တာတီးလူသတ်မှုများကို အဘယ်ကြောင့် ကျူးလွန်နေသနည်း။ သူတို့မြို့က သုံးလောင်းပြိုင်





အရေးခံသည် တာတီးဖြစ်လေသလား။ ဤသို့ဆိုလျှင် တာတီးသည် သားနှစ်ပါးကို ပြန်လည်သတ်ဖြတ်သော အဖေတသတ်ကဲ့သို့သားဆိုး သားမိုက် တစ်ယောက်ပေလော။

အနီးအနားမြို့သို့ အင်စပက်တော်လှမိုး ရောက်ရှိသွားသော အခါ လွှန်စွာပိန်လှီသော ဌာနအုပ် ကိုစိန်မြင့်ဆိုသူက စားသောက်ဖွယ်ရာများနှင့် ဧည့်ခံရန် အသင့်ပြင်ထား၏။ အင်စပက်တော်လှမိုး က သတ်ပြင်းချလိုက်ရင်း

"အမှုဖြစ်တဲ့နေရာကို အရင်ဆုံးသွားကြည့်ရအောင်"

ဟုပြောလိုက်ပြီး ဌာနအုပ်နှင့် ပုလိပ်သားနှစ်ယောက်ကို သူ၏ ကားနှင့်ပင်ခေါ်ဆောင်လာ၏။ ဌာနအုပ်ကိုစိန်မြင့်၏ အပြောအရ တာတီးသည် သူတို့မြို့မှ တည်းခိုခန်းတစ်ခု၌ တစ်လနီးပါးဝင်ရောက် လုပ်ကိုင်ခဲ့၏။ တည်းခိုခန်း၌ နေထိုင်စဉ်မည်သည့်ပြစ်မှုမျှ ကျူးလွန်ခြင်းမရှိဟုသိရ၏။ တာတီးသည် လွန်ခဲ့သောညက တည်းခိုခန်းမှ ထွက်ပြေးသွားပြီး မပြေးမီ တည်းခိုခန်းပိုင်ရှင် အပိုကြီးအား မုဒိန်းကျင့်၍ ဓားဖြင့်ထိုးသတ်သွားသည်ဆို၏။

အင်စပက်တော်လှမိုးရောက်ရှိသောအခါ တည်းခိုခန်း၏ နံဘေးရှိ ပျဉ်ထောင်အိမ်ကလေးသို့ခေါ်ဆောင်သွား၏။ တာတီးသည် ပျဉ်ထောင်အိမ်ရှိရာဘက်သို့ အုတ်တံတိုင်းမှ ကျော်ဝင်လာပုံရ၏။ ပျဉ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်အိမ်ကလေး၏ အိပ်ခန်းထဲသို့ရောက်သောအခါ ခုတင်ပေါ်တွင် အသက်ကင်းမဲ့စွာဖြင့် သေဆုံးနေသော မိန်းမလှကြီး တစ်ယောက်ကို တွေ့ရ၏။ သူမ၏ ရင်ဝ၌ ဓားဒဏ်ရာကိုတွေ့ရ၏။ နံရံ၌ ရေးသားထားသော ထူးဆန်းသော စာကိုလည်း တွေ့ရ၏။ စာကိုသေသူအပျိုကြီး၏ သွေးဖြင့်ရေးသားထားပြီး

"ရဲကလူ ပြာပုမကြောက်"

ဟူ၍ဖြစ်၏။ အင်စပက်တော်လှမိုးသည် အပျိုကြီးသေဆုံးမှုနှင့် ပတ်သက်၍ မန်နေဂျာကို စုံစမ်းရာ အပျိုကြီးသည် နားဆူသည်ဟု ဆိုကာ တာတီး၏ဘာဂျာကို ရိုက်ချိုးခဲ့ဖူးသည်ဟုဆို၏။ အင်စပက်တော်လှမိုးသည် သူ၏ အိတ်ထဲရှိ တာတီး၏ ဓာတ်ပုံကို ထုတ်ပြလိုက်ရာ မန်နေဂျာက

"ဒီတစ်ယောက်ပါပဲဗျာ… သေချာပါတယ်၊

ဆံပင်တိုတာနှင့် ရှည်တာပဲကွာတာပါ"

ဟုပြောလေ၏။ ထို့နောက် အင်စပက်တော်လှမိုးက ဗိုလ်စိတ်ကူးဖြင့် ရေးဆွဲထားသော တာတီး၏ ဆံပင်အတိုနှင့် ပန်းချီပုံကို ပြသလေရာ မန်နေဂျာက

"တစ်ပုံစံတည်းပါပဲ ဆရာရယ်၊ သူဟာ ဆရာ

တို့မြို့မှာ သုံးလောင်းပြိုင်တောင်သတ်ခဲ့တယ်ဆို

တော့၊ အမလေးကြောက်စရာကြီးပါလား၊ လူကြည့်





တော့ ဥပမိရုပ်ကလေးက ကောင်းရက်သားနဲ့"

ဟုပြောလေ၏။ ထို့နောက် အင်စပက်တော်လှမိုးသည် ရဲက …ပြာပုမကြောက် ဆိုသော စာလုံးကို သေချာစွာမှတ်သားလိုက်၏။ …တီးသည် လူသတ်မှုကျူးလွန်သူဖြစ်ကြောင်း သေချာသွားလေ၏။ …င်စပက်တော်လှမိုးသည် ဝန်ထောက်ဦးဘကျော်နှင့် သွားရောက် …ဆုံပြီး

"ဒီမြို့က လူသတ်မှုတွေကို တာတီးကျူးလွန်

ဖို့ဖြစ်နိုင်ချေ အတော်များနေပြီ ဘာဖြစ်လဲ ဆိုတော့

လူသတ်မှု ကျူးလွန်ခဲ့တဲ့ လက်နက်ချင်းလည်း

တူတယ်၊ နောက်ပြီးတော့ တာတီးဟာ မရှိးသားတဲ့

ရည်ရွယ်ချက်နဲ့ ရှောင်တိမ်းနေပုံရတယ်"

ဟုပြောလေရာ ဝန်ထောက်ဦးဘကျော်က မျက်မှောင်ကြုတ်၍

"ဒီသုံးလောင်းပြိုင်လူသတ်မှုမှာပါတဲ့ လူ

နှစ်ယောက်က တာတီးရဲ့ အဖေနဲ့အမေလေ၊ မိဘကို

သားသမီးက ပြန်သတ်ပါ့မလား"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက သက်ပြင်းချ၍

"မိဘအရင်းအခြာဟုတ်ချင်မှ ဟုတ်မှာပေါ့၊

ယဉ်မျိုးအင်စပက်တော် လင်မယား ဒီမြို့ကိုပြောင်း

လာတာလဲ၊ တာတီးတစ်သက်ပဲရှိတယ်၊ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်မြို့ကပြောင်းလာတာလဲ၊ တာတီးကိုမွေးဖွား
ခဲ့တာလား။ ဒါမဟုတ် တာတီးက သားအရင်းပဲလား
ဆိုတာကျွန်တော် စုံစမ်းလို့မရသေးဘူး၊ တာတီး
စိတ္တဖောက်ပြန်နေကြောင်း အထောက်အထား တစ်ခုလဲ
တွေ့တယ်၊ အဲဒါက ငရဲကလှ ပြာပူမကြောက် ဆိုပြီး
နံရံမှာသွေးနဲ့ရေးခဲ့တာပဲ၊ သူဘာဖြစ်လို့ ဒီစာသားကို
သုံးရတာလဲ၊ ငရဲကလှ ပြာပူမကြောက်ဆိုတာ ဘာ
သဘောလဲ၊ ကျွန်တော် ယဖ်မျိုးအရာရှိကြီးရဲ့ အိမ်ကို
ရှာဖွေကြည့်ချင်တယ်"

ဟုပြောလိုက်ရာ ဝန်ထောက်ဦးဘကျော်က အင်စပက်တော်
လှမိုးအား ပုလိပ်သားတစ်ယောက်ကို အဖော်အဖြစ် ခေါ်ယူရန်ပြော
လေ၏။ အင်စပက်တော်လှမိုးသည် ယဖ်မျိုး အရာရှိကြီး၏ နေအိမ်သို့
သွားရောက်ခဲ့ပြန်၏။ အင်စပက်တော်လှမိုးသည် အဖော် အဖြစ်ခေါ်
လာသော ပုလိပ်သားလေးအား အိမ်ပေါက်ဝ၌ ရပ်စောင့်နိုင်ထားပြီး
တစ်ကိုယ်တည်း ဝင်ရောက်ခဲ့လေ၏။ အိမ်၏ မီးဖိုချောင်၏အနီး၌
တာတီး၏အခန်းငယ်လေးရှိ၏။ အခန်းထဲ၌ သစ်သားကုတင်လေး
တစ်လုံးနှင့် အဝတ်ဗီရိုတစ်လုံးလည်းရှိနေ၏။ အဝတ်ဗီရို၏ အောက်
ထပ်များ၌ စာအုပ်များ ပြည့်နက်နေ၏။

ထိုစာအုပ်များထဲတွင် ဆရာကြီးရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား တို့





တို့များ ပါဝင်သောမဂ္ဂဇင်းများ အများစုဖြစ်၏။ မဂ္ဂဇင်း စာအုပ်
များကို လှန်လှောကြည့်ရင်း တစ်နေရာ၌ မဟာသဘာဝအရှင်ဟုရေး
ထားသော ဆောင်းပါးကို ဖတ်ရှုနေ၏။ ဆောင်းပါး ရေးသူမှာ
င်ရှား စာရေးဆရာတစ်ဦးဖြစ်ပြီး သဘာဝလောကကြီး၏ အစွမ်း
တ္တိများအကြောင်းကို စုံလင်စွာရေးဖွဲ့ပြထား၏။ တာတီးသည်
ဆောင်းပါးထဲမှ စာသားတော်တော်များများကို ခဲတံဖြင့် မျဉ်းသား
ကြောင်းတွေ့ရ၏။ အင်စပက်တော်လှမိုးသည် မဂ္ဂဇင်းများကို
တ်လက်ကြည့်ရှုရာ စာအုပ်များကြား၌ စာရွက်အပိုင်းအစများ
တွေ့ရပြီး ထိုစာရွက်များပေါ်၌

"ငရဲကလှဟာ ပြာပူလောက်တော့ ဘယ်
ကြောက်ပါ့မလဲ၊ ဘာမဆို ငါရင်ဆိုင်ဝံ့တယ်"

ဟု ကြုံးဝါးထားသော စာသားများကို တွေ့ရလေ၏။ တာတီး
သည် စိတ္တဖောက်ပြန်နေသော လူငယ်တစ်ဦး ဖြစ်ကြောင်းသေချာသွား
လေ၏။

အင်စပက်တော်လှမိုးသည် ထိုနေ့က အချိန်ကုန်သွားသဖြင့်
နောက်တစ်နေ့ ဆက်ပြီးရှာဖွေရန် ဆုံးဖြတ်လိုက်လေ၏။ အင်စပက်
တော်လှမိုး အိမ်သို့ပြန်ရောက်သောအခါ အိမ်စေ အဒေါ်ကြီး ပြင်ဆင်
ထားသော ထမင်းကို စားသောက်ရင်း နောက်တစ်ကြိမ် နီလာမြိုင်နှင့်
တွေ့ဆုံခဲ့ပုံကို သတိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မမျှော်လင့်ဘဲ လအတော်ကြာပျောက်နေပြီးမှ နီလာမြိုင် ပြန်ပေါ်လာ၏။

ဤတစ်ကြိမ်တွင် သူမ၏မျက်နှာညှိုးငယ်နေပြီး ဆောင့်ကြွားကြွားအမူအရာများ မရှိတော့ချေ။ အင်စပက်တော်လှမိုးက နီလာမြိုင်၏မျက်နှာကိုမြင်သည်နှင့်

"မင်းဘာကြောင့် ငါ့အိမ်ကို လာရတာလဲ၊ မင်းကို တစ်သက်လုံး ငါ့အိမ်မလာနဲ့ ဆိုတာ နား မထောင်ဘူးလား"

ဟုပြောလိုက်၏။ နီလာမြိုင်ကညှိုးငယ်သော မျက်နှာဖြင့်

"ကျွန်မ ဒုက္ခရောက်လာလို့ပါ၊ ကျွန်မမှာ အားကိုးစရာလဲ မရှိပါဘူး"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက သူမ၏ ညှိုးငယ်သော အမူအရာကြောင့် စိတ်ကို လျှော့လိုက်ပြီး

"မင်းဘာတွေဖြစ်ခဲ့လို့လဲ"

ဟုဆိုလိုက်ရာ နီလာမြိုင်က စိတ်ပျက်အားငယ်ဟန်ဖြင့်

"ကျွန်မကို အငြိမ့်အဖွဲ့က ထုတ်ပစ်လိုက်ပြီ။ တစ်မြို့လုံးက လူတွေကျွန်မကိုဝိုင်းပြီး လှောင်ပြောင်ကြတော့မယ်၊ ကျွန်မ ဘာလုပ်ရမှာလဲ၊ ကျွန်မမှာ အလုပ်မရှိရင် စားရမဲ့သောက်ရမဲ့ဘဝ ကိုရောက်





တော့မယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက

"မင်းကို ဘာဖြစ်လို့ အလုပ်ထုတ်ပစ်လိုက်တာလဲ"

ဟုမေးမြန်း၏။

နီလာမြိုင်က ခေါင်းခါယမ်း၍

"ကျွန်မမှာ အပြစ်မရှိဘဲ အလုပ်ထုတ်ပစ်တာပါ၊ ဇာတ်ပိုင်ရှင် ဦးပွကြီး သားက ကျွန်မကို ကြိုက်နေတယ်၊ ဦးပွကြီးသိတော့ ကျွန်မကို အပြစ်မရှိဘဲ ထုတ်ပစ်လိုက်တယ်"

ဟုပြောလေ၏။ သူမ၏ စကားကို အင်စပက်တော်လှမိုး ယုံကြည်ခြင်းမရှိချေ။ နီလာမြိုင်ကဲ့သို့ လျှပ်ပေါ်လော်လီသော မိန်းမသည် ဇာတ်ဆရာသားနှင့် ဇာတ်လမ်းရှုပ်မှာသေချာသည်။ ထို့ကြောင့် ဇာတ်ဆရာသည် သူမကိုမတူမတန်ဟုဆိုကာ ဇာတ်အဖွဲ့မှ ထုတ်ပစ်လိုက်ခြင်း ဖြစ်ပုံရ၏။ အင်စပက်တော်လှမိုးက သူမကို ကြည့်၍

"မင်းကို ဇာတ်အဖွဲ့ ထုတ်ပစ်လိုက်တာ ငါနဲ့ ဘာဆိုင်လို့လဲ"

ဟုပြောလိုက်၏။

ထိုအခါ နီလာမြိုင်က



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မအလုပ်တစ်ခု လိုချင်လို့ ရှင်ဆီကို လာခဲ့တာပါ"

ဟုပြောလေရာ အင်စပက်တော်လှမိုးက

"မင်းက အငြိမ့်သမတစ်ယောက်ပဲ၊ ဒီပြင် အငြိမ့်အဖွဲ့တွေ မှာ သွားပြီးကြိုးစားကြည့်ပါလား"

ဟုပြောလေ၏။ နီလာမြိုင်က သက်ပြင်းချ၍

"ကျွန်မလဲ အငြိမ့်ပဲကချင်တာပါ၊ ဒါပေမဲ့ ကျွန်မရဲ့ ချစ်သူက အငြိမ့်ကခွင့်မပြုတော့ဘူး"

ဟုပြောလေရာ အင်စပက်တော်လှမိုးက အံ့သြဟန်ဖြင့် ကြည့်လိုက်လေ၏။

နီလာမြိုင်လို မိန်းမတစ်ယောက်က ချစ်သူစကားကို နားထောင်နေပါလား။ အင်စပက်တော်လှမိုးက

"မင်းရဲ့ချစ်သူက အငြိမ့်ကဖို့ ဘာလို့ခွင့်မပြုတာလဲ"

ဟုမေးမြန်းလေ၏။ နီလာမြိုင်က သဘောကျဟန်ဖြင့် ရယ်မော၍

""ကျွန်မကို သဝန်တိုလို့ပေါ့ရှင်၊ သူစကားကို နားထောင်လို့ ကျွန်မ အငြိမ့်မကတာရှင့်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက သက်ပြင်းချ၍





"မင်းကိုငါ အလုပ်တစ်ခုရှာပေးရမှာလား"

ဟုမေးမြန်းလိုက်ရာ နီလာမြိုင်ကခေါင်းခါယမ်း၍

""ကျွန်မရှင့်ဆီက အလုပ်ကိုပဲ လုပ်ချင်တယ်၊ တစ်မြို့လုံးကလူတွေဆီမှာ အလုပ်မလုပ်ချင်ဘူး။ သူတို့အားလုံး ကျွန်မကို လှော်ပြောင်သရော်ကြလိမ့်မယ်၊ ကျွန်မကို တစ်မြို့လုံးမှာ ဖေးမကူညီမဲ့သူဆိုတာ ရှင်တစ်ယောက်တည်းရှိတယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက

"မင်းကို အလုပ်မပေးဘူးဆိုရင် ဘာဖြစ်မှာလဲ"

ဟုမေးမြန်းလိုက်၏။ နီလာမြိုင်က

"ကျွန်မကို ရှင်အလုပ်မပေးဘူးဆိုရင် ဒီမြို့မှာ ကျွန်မ ကြေးစားဖြစ်သွားလိမ့်မယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် နီလာမြိုင်စကားကြောင့် မငြင်းဆန်နိုင်တော့ဘဲ သက်ပြင်းချ၍

"မင်းငါ့အိမ်မှာ သန့်ရှင်းရေးနဲ့ ထမင်းချက်လုပ်ပေးပါ၊ ဒါပေမဲ့ ဒီမှာညအိပ်ခွင့်မရှိဘူး။ မနက် (၈)နာရီရောက်အောင်လာပြီး ညနေ (၆)နာရီပြန်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလေရာ နီလာမြိုင်က ဝမ်းသာအားရ ရယ်မော၍

"ဝမ်းသာလိုက်တာရှင်၊ ကျွန်မအလုပ်ရပြီ၊
ဒီမြို့မှာ ဘယ်သူ ဆီကမှ အောက်ကျို့စရာမလို
တော့ဘူး"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် နီလာမြိုင်ကိ
အလုပ်ပေးခဲ့ခြင်းကို မှားသွားပြီလောဟု တွေးမိ၏။

* * *

တာတီးသည် အပိုကြီးကို သဘာဝတရား၏ ကိုယ်စားအပြ
ဒဏ်ခတ်ပြီးနောက် မြို့ပြင်ထွက်၍ ကားကြုံကိုစောင့်၏။ အတ
ကြာသောအခါ ကုန်တင်ကားကြီးတစ်စီးရောက်လာ၍ ကားကြ
လိုက်ခဲ့၏။ သူသည် ကုန်တင်ကားကြီးတစ်စီး၏ အမိုးပေါ်တွ
ပက်လက်လှန်ရင် လိုက်ပါသွားခဲ့၏။

အပိုကြီးကို အပြစ်ဒဏ်ခတ်လိုက်သဖြင့် မိမိအလွန်ပင်ပ
သွား၏။ ထို့ကြောင့် အိပ်စက်ရန် ကြိုးစားကြည့်၏။ သို့သော် အိ
မပျော်ဘဲ မျက်လုံးများကြောင်နေပြီး နီလာမြိုင်၏ မျက်နှာကို မြ
ယောင်လာ၏။





နီလာမြိုင်ကို သူအလွန်ချစ်သော်လည်း အပြစ်ရှိသောကြောင့် အပြစ်ဒဏ်ခတ်လိုက်ရ၏။ သဘာဝတရားကြီးသည် မည်သူ့ကိုမျှ မျက်နှာမလိုက်၊ အပြစ်ရှိသူကို အပြစ်ရှိသည့်အတိုင်း ဆုံးမချေမည်။

"ငါကိုခွင့်လွှတ်ပါ နီလာမြိုင်၊ ငါက သဘာဝ
တရားကြီး ရဲ့ကိုယ်စားလှယ်ဖြစ်နေလို့ပါ။ အဘိုးကြီး
အဘွားကြီးလဲ ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ အခုဆိုရင်
ခင်များတို့အားလုံး ရေပြည်မှာဆုံနေကြပြီပေါ့"

တာတီးသည် နီလာမြိုင်အကြောင်းကို ပြန်လည်သတိရနေပြန်၏။ ထိုစဉ်က နီလာမြိုင်နှင့် လက်ထပ်ရန် တစ်မြို့လုံးလှည့်၍ အလုပ်အကိုင်ရှာဖွေ၏။ သို့သော် သူ့အတွက် အလုပ်အကိုင်ရှာဖွေရန် ခက်ခဲလှ၏။ အဘယ့်ကြောင့်ဆိုသော် တာတီးသည် အပေါင်းအသင်း မရှိဘဲ တစ်ကိုယ်တော် နေထိုင်သူဖြစ်၏။ အကူအညီပေးမည့်သူ မရှိဖြစ်နေ၏။

လက်ဖက်ရည်ဆိုင်ကြီး တစ်ဆိုင်မှာ စားပွဲထိုး အလုပ်ကိုရ၏။ သူသည် အလုပ်ကို လက်ခံပြီးမှ နုတ်ထွက်လိုက်၏။ အဘယ်ကြောင့်ဆိုသော ဆိုင်ရှင်မိန်းမကြီး၏ စားပွဲထိုးများ၏အပေါ် ဆက်ဆံပုံရိုင်းပြလွန်းသောကြောင့်ဖြစ်၏။

ရှိင်းပြသူကို သဘာဝတရားကြီးက လက်မခံချေ။ သူသည် သဘာဝတရားကြီးကို ကိုးကွယ်သူဖြစ်သဖြင့် သဘာဝ၏ အလိုကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမည်။

သဘာဝနှင့် ဆန့်ကျင်လို့ မဖြစ်ချေ။ သူသည် မြို့ထဲတွင် အလုပ်ရှာရင်း နေရာတိုင်းတွင်သဘာဝတရားကို ဆန့်ကျင်သူများတွေ့ရ၏။ နီလာမြိုင်က အငြိမ့်သမပြန်လုပ်မည်ဆိုသောအခါ တာတီး၏ ရင်ထဲတွင် စိုးရိမ်စိတ်များ ဝင်ရောက်လာပြီး

"အငြိမ့်လောကထဲကို လုံးဝပြန်မဝင်ရဘူး။ ငါ လုံးဝသဘောမတူဘူး"

ဟုပြောလိုက်လေ၏။

နီလာမြိုင်က သက်ပြင်းချ၍

"ဒီမြို့ပေါ်မှာလဲ ငါအလုပ်မလုပ်ချင်ဘူး။ မြို့ပေါ်က လူတွေက ငါ့ကို လှောင်ပြောင်ကြလိမ့်မယ်"

ဟုပြောလေရာ တာတီးက အံ့ကိုကြိတ်၍

"နင့်ဘာသာအေးအေးဆေးဆေးနေပါ။ ငါ ယောကျ်ားတစ် ယောက်ပါ။ မိန်းမတစ်ယောက်ကို ငါရှာကျွေးနိုင်ပါတယ်၊ ဘာလဲ နင်က ငါ့ကို မယုံလို့လား"

ဟုမေးမြန်းလိုက်လေ၏။ တာတီး၏အမူအရာကြောင့် နီလာမြိုင်က လေးနက်သော အမူအရာဖြင့်

""ဒီမြို့ပေါ်မှာ နင်ဟာ အထူးခြားဆုံး





ယောကျ်ားတစ်ယောက်၊ နင်ဟာဘယ်သူနဲ့မှ မပေါင်းဘဲ တစ်ကိုယ်တော်နေထိုင်တယ်၊ ဒီလိုလူမျိုးတွေဟာ သတ္တိရှိတယ်၊ အရည်အချင်းနဲ့ပြည့်စုံတယ်ဆိုတာ ငါယုံကြည်တယ်"

ဟုပြောလေရာ တာတီးသည် နီလာမြိုင်စကားကြောင့် များစွာဝမ်းမြောက်သွားလေ၏။ နီလာမြိုင်သည် ကမ္ဘာပေါ်တွင် တစ်ဦး တည်းရှိသောမိမိအပေါ် ယုံကြည်သူဖြစ်၏။ မိမိ၏အရည်အချင်းကိုအသိအမှတ်ပြုသူဖြစ်၏။ မိမိ၏ယောကျ်ားဘဝသည်လည်း နီလာမြိုင်နှင့်တွေ့မှ ပိုမိုပီပြင်လာလေ၏။ နီလာမြိုင်သည် ရုတ်တရက် တစ်စုံတစ်ရာကို စဉ်းစားဟန်နှင့် ငြိမ်သက်နေပြီးမှ

"ဟုတ်ပြီ၊ ငါသိပြီ အင်စပက်တော်ဆီမှာ အလုပ်တစ်ခု တောင်းရမယ်၊ ဒီမြို့ကိုပြောင်းလာတဲ့ အင်စပက်တော်နဲ့ ငါရင်းနှီးတယ်လို့ နင့်ကိုပြောဖူးတယ်မဟုတ်လား၊ အင်စပက်တော်ဟာ အင်မတန် သိက္ခာရှိတဲ့ လူတစ်ယောက်ပဲ၊ သူများကိုလည်းကူညီတတ်တယ်၊ သူ့အိမ်မှာ အိမ်အလုပ်တွေကို ငါလုပ်ရမယ်၊ နင်နဲ့ငါ နှစ်ယောက်ပေါင်းပြီး ရှာမှ ငါတို့မြန်မြန်နီးရမယ် ဟုတ်လား"

ဟုပြောလေ၏။ တာတီးသည် နီလာမြိုင်ထံမှ



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့မြန်မြန်နိုးရမယ်"

ဟူသောစကားကြောင့် တားဆီးရန် မကြိုးစားတော့ချေ။ အင်စပက်တော်သည် ဂုဏ်သိက္ခာနှင့် ပြည့်စုံသူဖြစ်သဖြင့် သဘာ တရားကြီး၏အလိုကျနေထိုင်သူဖြစ်မှာသေချာ၏

❋❋❋

အင်စပက်တော်လှမိုးသည် တာတီး၏အိမ်ကို ဆက်လက်ရှာ ဖွေရာ ယမ်မျိုးအင်စပက် အဘိုးကြီး အဘွားကြီး၏ လက်ထပ်စာချု ကို တွေ့ရှိရ၏။ ယမ်မျိုးအင်စပက် အဘိုးကြီးသည် မော်လမြိုင်မြို့ အဘွားကြီးကို ခမ်းနားသိုက်မြိုက်စွာလက်ထပ်ခဲ့ကြောင်းသတင်းစာ အချက်အလက်များအရသိရ၏။ အင်စပက်တော်လှမိုးသည် မော် လမြိုင်မြို့သို့သွားပြီး ယမ်မျိုးအင်စပက်တော် အဘိုးကြီး အဘွားကြီးနှင့် ပတ်သက်သည့်အချက်အလက်များကို ရှာဖွေ ရန်ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် မော်လမြိုင်သို့သွားရန် အထုပ်အပိုး ပြင်ဆင်နေမိ၏။ မော်လမြိုင်သို့သွားကာနီးတွင် ဝန်ထောက်ဦးဘကျော်ကသူ၏ပခုံးကို ပုတ်၍





"မောင်ရင် ဒီအမှုကိုလိုက်တာ အားရစရာ ကောင်းလိုက်တာ၊ မောင်ရင်ရဲ့လုံ့လဝီရိယနဲ့ဆိုရင် ဒီအမှုပေါ်မှာသေချာတယ်။ ဒါပေမယ့် သေသူအငြိမ့် သမလေးဟာ တစ်ခါတုန်းက မောင်ရင်ရဲ့ အိမ်မှာ အိမ်စေလုပ်သွားသေးတယ်ဆို"

ဟုမေးမြန်းလေ၏။ ဝန်ထောက်ဦးဘကျော်၏ အမေးကြောင့် ...တုန်လှုပ်သွား၏။ ပြီးမှ အလေးအနက်မထားဟန်ဖြင့်

""မှန်ပါတယ်၊ ဒါပေမဲ့ ခဏလေးဝင်လုပ် သွားတာပါ။ ကောင်မလေးကို အငြိမ့်အဖွဲ့ကထုတ် လိုက်လို့ စားဝတ်နေရေးအတွက် ခဏ ဝင်လုပ် သွားတာပါ"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် ဝန်ထောက် ...ဦးဘကျော်ထံမှ ပြန်လာပြီးနောက် နီလာမြိုင်မိမိအိမ်၌ ဝင်ရောက်လုပ် ...ကိုင်ခဲ့ခြင်းကို သတိရနေ၏။

နီလာမြိုင်သည် နံနက်(၈)နာရီအိမ်သို့လာပြီး သူ့အတွက် ...မင်းကြော်၊ ဝက်အူချောင်း၊ ကြက်ဥကြော် စသည်ဖြင့် စီစဉ်ပေး ...လေ၏။ ထို့နောက် အိမ်သန့်ရှင်းပြုလုပ်ပေးပြီး နေ့လယ်စာကို ...ချက်ပြုတ်ပေးလေ၏။ နီလာမြိုင်သည် နာမည်ပျက်များစွာဖြင့် ကျော် ...ကြားသော ယိမ်းသမတစ်ယောက်ဖြစ်သော်လည်း မိမိ၏ အိမ်၌ အပြစ်



www.burmeseclassic.com

www.burmeseclassic.com

ပြောစရာမရှိအောင် ကြိုးစား၏။

သူမ၏ပြင်ဆင်မှုများမှာ စေတနာပါပြီး အိမ်ရှင်မတစ်ဦးနှင့် တူသလိုခံစားရ၏။ မိမိနေ့လယ်စာ စားချိန်များနှင့်ဆုံလျှင် သူမ ချက်ပြုတ်ထားသော ဟင်းများကို စားချင်စဖွယ်ဖြစ်အောင် ပြောဆိုပြီး အနီး၌ဂရုတစိုက်ပြင်ဆင်ကျွေးမွေးတတ်၏။ ထို့အပြင် အင်စပက်တော်လှမိုး၏ အကျီ၊ အဝတ်အစားများကို ဖြူစင်စွာ လျှော်ဖွပ်ပေးပြီး သပ်ရပ်စွာမီးပူတိုက်ပေး၏။ အင်စပက်တော်လှမိုးသည် မိမိကို ဖနီးမယားကဲ့သို့ပြုစုစောင့်ရှောက်ပေးသော နီလာမြိုင်ကို စိတ်ထဲတွင် ကျိတ်၍ ကျေနပ်နေမိ၏။ ဤမိန်းကလေးသည် မိမိထက် အသက်များစွာ ငယ်ရွယ်ပြီး တစ်မြို့လုံး၏ အလယ်တွင်မကောင်းသော နံမည်သတင်းနှင့်ကျော်ကြားနေသူဖြစ်၏။

ထို့အပြင် သူမ၌ ချစ်သူရည်းစားတစ်ယောက် ရှိသည်ဆို၏။ အင်စပက်တော်လှမိုးသည် နီလာမြိုင်ကဲ့သို့ မိန်းကလေးကို စိတ်ကူးမယဉ်သင့်ကြောင်း မိမိကိုယ်မိမိ သတိပေးနေ၏။

တစ်နေ့တွင် ဝန်ထောက်ဦးဘကျော်၏မွေးနေ့ဖြစ်သောကြောင့် ဦးဘကျော်၏ အိမ်ကြီး၌ ညစာဖြင့် တည်ခင်းဧည့်ခံ၏။ ဝန်ထောက်ဦးဘကျော်သည် အင်စပက်တော်လှမိုးကို အရက်အနည်းငယ်တိုက်လေ၏။ အင်စပက်တော်လှမိုးသည် မိမိကိုယ်မိမိ အရှိုင်း တစ်ယောက်ဖြစ်မှန်းသိသဖြင့် အရက်ကို အနည်းငယ်သာသောက်၏။ သို့သော် ဧည့်ခံပွဲသို့ရောက်ရှိနေသော စာတိုက်မိုလ်ကြီးက အင်စပက်တော်လှမိုးအား အတင်းအဓမ္မအရက်များ တိုက်လေ၏။ နောက်ဆုံးတွင် အင်စပက်တော်လှမိုးသည် အရက်အလွန်အကျွံမူးပြီး အိမ်ကို ပြန်ရောက်လာ၏။ အင်စပက်တော်လှမိုးသည် မိမိ၏ကားကိုပင် မမောင်းနိုင်သဖြင့် ဝန်ထောက်ဦးဘကျော်၏ ဒရိုင်ဘာက လိုက်လံပို့ဆောင်ပေးလေ၏။ အင်စပက်တော်လှမိုးသည် အိမ်တံခါးကို နီလာမြိုင်က ဖွင့်ပေးသဖြင့် အံ့သြသွားပြီး

"ဟင်... နင်မပြန်သေးဘူးလား။ ဒီအချိန်ထိ အိမ်မှာ ဘာဖြစ်လို့ရှိနေတာလဲ"

ဟုမေးမြန်းလိုက်၏။ နီလာမြိုင်က ယိမ်းယိုင်သွားသော အင်စပက်တော်လှမိုးကို ထိန်းကိုင်၍

"ရှင်ဒီနေ့အိမ်ပြန်နောက်ကျတော့ ကျွန်မက ဘာမှန်းညာမှန်း မသိဘဲ၊ အိမ်စောင့်ပေးနေရတာပေါ့။ ရှင်ပြန်လာတော့လဲ၊ အရက်တွေ အမူးလွန်လာတယ်၊ ရှင်ထမင်းမစားတော့ဘူးဆိုရင် ကျွန်မပြန်တော့မယ်"

ဟုပြောလေရာ အင်စပက်တော်လှမိုးက အာလေးလျှာလေးဖြင့်

"ပြန်တော့၊ နင်အမြန်ဆုံးပြန်တော့"







www.burmeseclassic.com

www.burmeseclassic.com

ဟုအော်ဟစ်လိုက်လေ၏။ ထိုသို့အော်ဟစ်ပြီး ဧည့်ခန်းထဲ၌ ယိမ်းယိုင်၍လဲကျသွားလေ၏။ နီလာမြိုင်သည် အိမ်ထဲမှ ထွက်ရန် ကြံရွယ်ပြီကာမှဧည့်ခန်းထဲတွင် လဲကျနေသော အင်စပက်တော်လှမိုး ကိုကြည့်၍ စိတ်ပျက်လက်ပျက်ဖြင့် အိမ်ထဲသို့ပြန်ဝင်လာ၏။

နီလာမြိုင်သည် အင်စပက်တော်လှမိုး၏ ကိုယ်ခန္ဓာကို မနိုင့် တနိုင်ဖြင့် ပွေ့ထူ၍ အိပ်ခန်းသို့ ပို့ဆောင်ပေး၏။ ထို့နောက် အင် စပက်တော်လှမိုးကို ခုတင်ပေါ်သို့ တင်ပေးလိုက်ပြီး အိမ်ခန်းထဲမှ ပြန်ထွက်သွားလေ၏။

နီလာမြိုင်သည် အိမ်တံခါးဝသို့ရောက်သောအခါ အင်စပက် တော်လှမိုးကို စိတ်မချသလိုဖြစ်သွားပြီး အခန်းထဲသို့ ပြန်ဝင်လာ၏။ အင်စပက်တော်လှမိုးက နီလာမြိုင်ဝင်လာမှန်းမသိဘဲ ခုတင်တစ်ဖက် သို့ လိမ့်လိုက်ရာ ခုတင်ပေါ်မှ ပြုတ်ကျသွားလေ၏။

နီလာမြိုင်က စိတ်ပျက်လက်ပျက် ညည်းညူ၍ အင်စပက် တော် လှမိုးကို ခုတင်ပေါ်သို့ ပြန်တင်ရန် ကြိုးစားလေ၏။ သို့သော် အင် စပက်တော်လှမိုး၏ ကိုယ်ခန္ဓာကို မနိုင်တော့ဘဲ ကြမ်းပေါ်သို့ နှစ်ဦး သားပြိုလဲကျသွား၏။ အင်စပက်တော်လှမိုးသည် နီလာမြိုင်၏ ကိုယ်ခန္ဓာကို တင်းတင်းကြပ်ကြပ်ပွေ့ဖက်ထား၏။

နီလာမြိုင်က အင်စပက်တော်လှမိုး၏ လက်မှ ရုန်းကန်၍ မောပန်းစွာဖြင့်





"ကျွန်မကိုလွှတ်ပါ"

ဟုတီးတိုးပြော၏။ အင်စပက်တော်လှမိုးက မည်သည့်စကား မျှ မဆိုဘဲ သူမ၏ ကိုယ်ခန္ဓာကို ကြာမြင့်စွာ ပွေ့ဖက်ထား၏။ မိနစ် အနည်းငယ်ကြာသောအခါ နီလာမြိုင်၏ ရင်ထဲတွင် မှုလောင်လာပြီး ဇာတ်လုံးအစုံကို စုံမှိတ်ထားလေ၏။ အင်စပက်တော်လှမိုးလည်း ဆက်ပြီး ဘာဖြစ်မှန်း မမှတ်မိတော့ချေ။

✳✳✳

နီလာမြိုင်သည် နောက်တစ်နေ့ အစောကြီးထ၍ သူ၏အိမ်မှ ထွက်ခွာသွားလေ၏။ အင်စပက်တော်လှမိုးသည် နောက်တစ်နေ့ သို့ရောက်သောအခါ ညကအဖြစ်ကို ပြန်တွေးပြီး ထိတ်လန့်တုန်လှုပ် သွားလေ၏။ မိမိကိုယ်မိမိ အပြစ်တင်၍မဆုံးနိုင်အောင် ဖြစ်မိ၏။ ညက နီလာမြိုင်နှင့် ကာမဆက်ဆံမိသွားသည်ထင်မိ၏။ ညသို့ရောက်သော အခါ နီလာမြိုင်အိမ်သို့ ရောက်ရှိလာပြန်၏။ အင် စပက်တော်လှမိုးက



www.burmeseclassic.com

www.burmeseclassic.com

သူမကို မဝံ့မရဲကြည့်၍

"ညက ငါတို့ဘာဖြစ်သွားသလဲ"

ဟုမေးမြန်းလေ၏။ နီလာမြိုင်က အရေးမပါဟန်ဖြင့်

"ဘာမှမဖြစ်ပါဘူး။ ရှင်အမူးလွန်ပြီး ခုတင်ပေါ်က ပြုတ်ကျလို့တစ်ညလုံး ကျွန်မစောင့်အိပ်ပေးရတယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက သူမကို မယုံကြည်ဟန်ဖြင့် ကြည့်၍

"မင်းငါ့ကို မှန်မှန်ပြောစမ်းပါ။ ငါတို့ဘာတွေဖြစ်ခဲ့သလဲ"

ဟုဆိုလိုက်ရာ နီလာမြိုင်က ခေါင်းခါယမ်း၍

"ဘာမှမဖြစ်ပါဘူးဆို၊ ရှင်ကျွန်မစကားကို ဘာလို့မယုံတာလဲ"

ဟုမေးမြန်းလေ၏။ အင်စပက်တော်လှမိုးက ခေါင်းခါယ လိုက်ပြီး

"ငါ့ကိုယ်ငါမလုံမလဲဖြစ်နေမိတယ်၊ ညက ငါတို့ ဘာမှမဖြစ်ဘူးဆိုရင် ဒီနေ့စပြီး မင်းငါ့အိမ်မှာ ဆက်ပြီး အလုပ်မလုပ်နဲ့တော့၊ မင်းကို ၆ လစာ ပေးပြီး ငါအလုပ်ထုတ်ပစ်လိုက်ပြီ၊ ဒီအိမ်မှာ လုပ်ပါ





ရစေလို့မင်းငါ့ကိုမတောင်းပန်ပါနဲ့၊ မင်းအိမ်မှာရှိနေရင် ငါ့ရဲ့ အကျင့်စာရိတ္တပျက်စီးသွားနိုင်တယ်""

ဟုပြောဆိုပြီး သူမအတွက် ၆ လစာငွေကို စားပွဲပေါ်သို့ တင် ပြီး အိပ်ခန်းထဲသို့ဝင်ခဲ့လိုက်၏။ အတန်ကြာသောအခါ နီလာမြိုင် တွေ့ရတော့ဘဲ စားပွဲပေါ်တွင် တင်ထားသော ငွေစက္ကူများကို သွားကြောင်းတွေ့ရ၏။ ထိုနေ့မှစ၍ နီလာမြိုင်ကို မတွေ့ရတော့

ယခုနီလာမြိုင်ကို ပြန်လည်တွေ့ဆုံချိန်၌ မားဒက်ရာဖြင့်သေ နေလေပြီ။

အင်စပက်တော်လှမိုးသည် နီလာမြိုင် အကြောင်းကို ဆက် တော့ဘဲ ခရီးထွက်ရန် မိတ်ဆီအပြည့်ဖြည့်ပြီး ဝပ်ရှော့ဆရာ ဘားကိုစစ်ဆေးလေ၏။ ဝပ်ရှော့ဆရာက ကားကောင်းကြောင်း ဆိုသဖြင့်မော်လမြိုင်မြို့သို့ ခရီးထွက်ခဲ့လေ၏။ မကြာမီ သုံး င်းပြိုင်လူသတ်မှုနှင့် ပတ်သက်၍ သဲလွန်စများ ရရှိမည်ဟု ကြည့်မိလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



တာတီးသည် ကုန်ကားကြီးနှင့် လိုက်ပါလာရင်း ပဲခူးမြို့ ရောက်သောအခါ ကားပေါ်မှဆင်း၍ မော်လမြိုင်သို့ ခရီးဆက်ခဲ့ပြန်

မိမိဘဝနှင့် ပတ်သက်သောသဲလွန်စများ မော်လမြိုင်မြို့ ရှိနေလိမ့်မည်။ သူသည် မုတ္တမဘက်သို့ထွက်ခွာမည့် ကုန်ကားကြီး လိုက်ခဲ့ပြန်၏။ လော်ရီကားကြီး၏ ခေါင်မိုးပေါ်မှ လိုက်ပါသ ပူပြင်းသောနေ၏အဟက်ကို ခံနေရ၏။

သို့သော် မိမိကိုယ် မိမိ သဘာဝတရား၏ တမာန်တော်ဟု ယူ လိုက်သည့် အချိန်မှ စ၍ ပင်ပန်းနွမ်းနယ်ခြင်းမရှိတော့ချေ။ ငရဲက ပြာပူလောက်ကို ဘယ်တော့မှမကြောက်ဟု ယူဆထား၏။ ထို့ကြော အရာရာကို ရင်ဆိုင်ရန် အသင့် ဖြစ်နေလေ၏။

သူသည် ကားစီးရင်း မကြာခဏ နီလာမြိုင်၏ မျက်နှာကို မြင် မိ၏။ နီလာမြိုင်သည် မိမိနှင့် အတူလိုက်ပါလာသကဲ့သို့ ခံစား လေ၏။

လမ်းခရီး၌ ကြုံတွေ့ရသော မိန်းကလေးအချို့သည် နီလာ ၏ မျက်နှာများဖြစ်နေ၏။ ထိုအခါ သူ၏ရင်ထဲတွင် နာကျင်သွား ဝမ်းနည်းကြေကွဲနေမိလေ၏။

နီလာမြိုင်သည် မိမိဘဝ၏ ပထမဆုံးနှင့်နောက်ဆုံးချစ်သူ ၏။ သူသည်သဘာဝတရား၏ ကိုယ်စားလှယ်ဖြစ်သဖြင့် မျက်နှာ ရန် မဖြစ်နိုင်ချေ။ သဘာဝတရားကြီးသည် မျက်နှာများခြင်း





ပြုမည်မဟုတ်။ ထိုအတူလိမ်လည်လှည့်ဖြားခြင်း၊ လှောင်ပြောင် ရော်ခြင်းတို့ကိုလည်း ခွင့်ပြုမည်မဟုတ်ချေ။

မိမိဘဝတစ်လျှောက်လုံး အနှိမ်ခံဘဝနှင့် နေထိုင်လာခဲ့ရ၏။ ကိုမွေးစားသော အဘိုးကြီး၊ အဘွားကြီးသည် ပတ်ဝန်းကျင်၌ တို့၏သိက္ခာမကျအောင် မိမိကို သားအရင်းဟုပြောဆို၍ ကွယ်ရာ မိမိကိုမွေးစားသားဟုဆိုကာ အမျိုးမျိုးနှိမ့်ချဆက်ဆံ၏။

အဘွားကြီးက မိမိလူမှန်းသိတတ်စအရွယ်ကပင်

"နင်ကို ငါတို့မွေးစားခဲ့ကြတာ၊ နင်ဟာမျိုးရိုး ကောင်းတဲ့သူမဟုတ်ဘူး။ နင်အမေက မကောင်းတဲ့ မိန်းမတစ်ယောက်ပဲ၊ ဒါကြောင့် နင်ကို စွန့်ပစ်ခဲ့တာ ပေါ့"

ဟုပြောဆိုလေရာ တာတီးသည် အဘွားကြီးကို မယုံနိုင်ဟန် ငိုကြည့်၍

"အမေ... ကျွန်တော်ကို နောက်နေတာလား။ ဒီလိုတော့ မနောက်ပါနဲ့ဗျာ"

ဟုဆိုလိုက်ရာ အဘွားကြီးက လှော်ပြောင်ရယ်မောလိုက်ပြီး

"နင့်ကိုနင် သိပ်အထင်ကြီးနေသလား။ ပတ် ဝန်းကျင်မှာ ငါတို့လင်မယားကို ကလေးမရနိုင် တဲ့သူတွေဆိုပြီး အထင်သေးမှာစိုးလို့ နင့်ကို သား



www.burmeseclassic.com

www.burmeseclassic.com



အရင်းလို့ လိမ်ညာထားတာဟဲ့၊ တကယ်တော့
နင်က သားအရင်းမဟုတ်ဘူး"

ဟုပြောလိုက်လေ၏။ တာတီးသည် အဘွားကြီး၏ မျက်နှာ
ဝမ်းနည်းကြေကွဲစွာ ကြည့်ရှုလိုက်ပြီး

"အမေ တကယ်လားဗျာ၊ ကျွန်တော်သိပ်ဝမ်း
နည်းတယ်ဗျာ၊ တကယ်လား"

ဟုပြောလိုက်လေ၏။ ပြီးနောက် အခန်းထောင့်၌ ချိတ်ပြား
နေသောအဘိုးကြီးကို အားကိုးတကြီးဖြင့် ကြည့်လိုက်၏။ အဘိုး
၏ မျက်လုံးများ၌ ကရုဏာအရိပ်အငွေ့ကို မတွေ့ရဘဲ သရော်လှော
ပြောင်ခြင်းကိုသာ မြင်ရလေ၏။ အဘွားကြီးသည် ပြောရင်း စိတ်အ
တက်ကြွလာပြီး မီးခံသေတ္တာကိုဖွင့်၍ အညိုရောင်စာအိတ်ကြီးတ
အိတ်ကိုယူလိုက်၏။ ထိုစာအိတ်ကြီးသည် မိမိဘဝအတွက် သေမိန့်
သော စာအိတ်ကြီးနှင့် အလားသဏ္ဌာန် တူလေ၏။

အဘွားကြီးသည် အညိုရောင် စာအိတ်ကြီးထဲမှ စာချုပ်တ
စောင်ကို ထုတ်ယူလိုက်ပြီး

"မိုးမစစ်တဲ့ကောင်၊ မင်းဟာဘာကောင်လဲ
ဆိုတာ သိချင်ရင် ဒီစာချုပ်ထဲမှာကြည့်ပေတော့၊
မင်းကိုနွားတစ်ကောင်ဝယ်သလို ပိုက်ဆံပေးပြီး
တော့ ဝယ်လာခဲ့တာဟဲ့၊ မင်းကို ဝယ်ဖို့အတွက်





အဲဒီတုန်းက ရွှေဒင်္ဂါး သုံးပြားပေးခဲ့ရတယ်၊ ဟောဒီ
စာချုပ်ထဲမှာ ဖတ်ကြည့်လိုက်၊ မင်းကို အပြီးအပိုင်
မွေးစားမယ် ဆိုပြီးဝယ်လာခဲ့တာဟဲ့၊ စာချုပ်ထဲ
မှာပါတဲ့ ဒေါ်လှရင်ဆိုတဲ့မိန်းမက မော်လမြိုင်
မှာနေတာ၊ ဒီမိန်းမက ကလေးတွေကို ရောင်းပေး
နေတဲ့ ပွဲစားမပဲ၊ စာချုပ်ထဲမှာ ဒေါ်လှရင်နာမည်နဲ့
သူ့လိပ်စာပါတယ်"

ဟုပြောလေ၏။ တာတီးသည် စာချုပ်ထဲရှိ အကြောင်းအရာ
များကိုဖတ်ရှုပြီး ကမ္ဘာကြီးပြိုကျသကဲ့သို့ ခံစားလိုက်ရလေ၏။

"သွားပါပြီ၊ မိမိဘဝမှာ အရေးပါတာ ဘာ
တစ်ခုမှ မရှိတော့ပါလား။ ဒါကြောင့်ငါကို အဘိုးကြီး
အဘွားကြီး လင်မယားက မကြင်နာတာကိုး"

ဟုရင်နာနာဖြင့်တွေးလိုက်လေ၏။ မိမိဘဝတစ်လျှောက်လုံး
ကောင်းပြောခံရပုံများကို ပြန်လည်ကြားယောင်လာ၏။ အဖွားကြီး
သည် သူ့ဘာလုပ်လုပ် မည်သူ့အခါမှ အကောင်းမမြင်ဘဲ အဆိုး
ဘက်မှသာ ပြောဆိုတတ်၏။ ထို့ကြောင့် ငယ်စဉ်ကတည်းက မိမိ
ကိုယ်မိမိယုံကြည်မှုနည်းပါးခဲ့ရ၏။

ဘဝတူသူငယ်ချင်းများအလယ်၌ အမြဲအထီးကျန်ဖြစ်ခဲ့ရ၏။
ကြာတော့ လူတွေအားလုံး သူ့ကိုလှော်ပြောင်သရော်နေသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့၏။

ထို့ကြောင့် လူတွေကိုလည်း မိမိဘက်က အကောင်းမြ
တော့ချေ၊ ထိုအခါ သူ့ကို ရန်လိုသူတစ်ဦးသူ အများက သတ်မှတ်
၏။ ကျောင်း၌ပြဿနာရှာတတ်သော ကလေးဟု ဆရာများက မြ
လာကြ၏။ (၈)တန်းစာမေးပွဲ၌ စာတွေရပါလျှက် သူစာမေးပွဲ ကျ
စာမေးပွဲခန်း၌ စိတ်ပေါက်ပေါက်နှင့် ဖြေချင်ရာဖြေလိုက်သောကြော
ဖြစ်၏။ (၈)တန်းစာမေးပွဲကျသောအခါ အဘွားကြီးက သူ၏ ဂုဏ
သိက္ခာကျဆင်းပါသည် ဆိုပြီး အကြီးအကျယ်ပေါက်ကွဲလေတော့
အဘိုးကြီးက

"ခွေးဖြစ်မှဲကောင်"

ဟုအကြိမ်ကြိမ်အော်ဟစ်ဆဲဆိုပြီး ကန်ကျောက်လေ၏။ သူ
နာနာဖြင့် ခေါင်းငုံခံနေရ၏။ နီလာမြိုင်က လက်ထပ်ရန် အလုပ်
ဟုပြောသဖြင့် တစ်မြို့လုံး လှည့်ပြီးအလုပ်ရှာ၏။

သို့သော် မိမိ၏အလုပ်ရှင်များ အားလုံးက သဘာဝတရား
ဆန့်ကျင်နေသူများ ဖြစ်နေ၏။ သဘာဝတရားကို ဆန့်ကျင်သူများ
မိမိပေါင်းသင်းလို့ရမှာမဟုတ်။ သဘာဝတရားကို မဆန့်ကျင်သူဆို
ဝပ်ရှော့ဆရာ ဦးဘာဘာသာရှိ၏။ ဦးဘာဘာက သူ၏ ပခုံးကိုပုတ်
"ငါ့ဝပ်ရှော့နာမည်ကိုက သဘာဝတဲ့ကွ၊ ဒါ
ကြောင့် ငါ့ဆီမှာ အလုပ်ဝင်မယ်ဆိုရင် သဘာဝ





အတိုင်းနေ၊ သဘာဝကို ဆန့်ကျင်တဲ့ အလုပ်မလုပ်
ရဘူး။ ငါကိုယ်တိုင် သဘာဝကို ဘယ်တော့မှ မဆန့်
ကျင်ဘူး။ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံးအရာက
သဘာဝ တရားပဲကွ"

ဟုပြောလေ၏။ ဦးဘာဘာ၏ စကားကိုသူအလွန်သဘော
ကျသွား၏။ ထို့ကြောင့် ဦးဘာဘာ၏ ဝပ်ရှော့၌ အလုပ်သင်အဖြစ်
ဝင်လုပ်ရန် သဘောတူလိုက်၏။

ထိုအကြောင်းကို အဘိုးကြီး အဘွားကြီးသိသောအခါ ခါးခါး
သီးသီး ဆန့်ကျင်ကြ၏။ အဘိုးကြီးက အံကိုကြိတ်၍

"မင်းက ယဖ်မျိုးအင်စပက်တော်မင်းရဲ့သား
ဆိုတာမေ့နေပြီးလား၊ ခွေးကောင်၊ မျိုးမစစ်တဲ့
ကောင်၊ မင်းဝပ်ရှော့မှာ ဝင်အလုပ်လုပ်ရင် ငါကိုလူ
တွေက ဘာပြောကြမှာလဲ"

ဟုဆူပူကြိမ်းမောင်းရှိ၏။ အဘွားကြီးကလည်း

"နင့်ဘာသာ မျိုးမစစ်ရင် မျိုးမစစ်တဲ့မိဘ
တွေနဲ့နေမှ အောက်တန်းကျတဲ့ အလုပ်ကိုလုပ်၊
ငါတို့ဆီမှာနေရင်တော့ အောက်တန်း ကျတဲ့အလုပ်
ကို မလုပ်ရဘူး"

ဟုပြောလေ၏။ အဘွားကြီး၏စကားကြောင့် ဘာတီးသည်



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားစွာဖြင့်

"ကျွန်တော်မှာ ချစ်သူရှိနေပြီဗျ။ ဒီနှစ်ကုန်ရင်သူနဲ့ လက်ထပ်တော့မှာ၊ ကျွန်တော်မှာ အလုပ်ရှိမှ ဖြစ်မှာပေါ့"

ဟုဆိုလိုက်ရာ အဘွားကြီးသည် မိမိကို ရှုံ့ရှာစရာသတ္တဝါ တစ်ဦးကဲ့သို့ကြည့်လိုက်ပြီး

""ချစ်သူရနေပြီဟုတ်လား၊ ဘာချစ်သူလဲ၊ ဒီမြို့တစ်မြို့လုံး မိန်းမကောင်း တစ်ယောက်မှ မရှိဘူး။ အေးလေ၊ နင်လိုကောင်ကို ယူမယ်ဆိုတဲ့ မိန်းမက မိန်းမကောင်းဘယ်ဟုတ်တော့မှာလဲ၊ နင့်ကို ငါတို့ မွေးစားရတာ ဘာအကျိုးရှိသလဲ၊ ကျွေးရ၊ မွေးရ၊ ကျောင်းထားရနဲ့ ပိုက်ဆံကုန်တာပဲ အဖတ်တင်တယ်၊ အချိန်တန်တော့ မျိုးမစစ်တဲ့ကောင်က အောက်တန်းကျတဲ့လမ်းကိုပဲလိုက်တော့တာပဲ၊ မိန်းမယူတော့မယ်တဲ့၊ နင်ကို တစ်သက်လုံး ကျွေးမွေးလာတဲ့ သူတွေကို ကျေးဇူးဆပ်မယ်ဆိုတဲ့ စိတ်ကူးရှိရဲ့လား အမျိုးယုတ်ကောင်ရဲ့"

ဟုပြောလေ၏။ အဘိုးကြီး၊ အဘွားကြီးသည် ပြောရင်း ဆိုရင်း သဘာဝတရားကို ဆန့်ကျင်လာ၏။ သဘာဝတရားကို ဆန့်ကျင်လို့မရ



သဘာဝတရားသည် အဘိုးကြီး၊ အဘွားကြီးကို သက်ညှာနေမည် မဟုတ်။ သူ့ရင်ထဲမှာမလောင်ဆူပြီး

"သဘာဝတရားကို မဆန့်ကျင်နဲ့ဗျ"

ဟုအော်ဟစ်ပြောလိုက်လေ၏။ အဘွားကြီးသည် အမိပွါယ် ကောက်လွဲသွားပြီး

"ဘာ...မိန်းမယူချင်တာ သဘာဝဟုတ်လား၊ နင်တော်တော် အကြောထနေသလား၊ နင်ငါတို့ကို ဘယ်လိုပြန်ပြီး ကျေးဇူးပြုမှာလဲ၊ အောက်တန်းစားရဲ့"

ဟုအော်ဟစ်ကြိမ်းမောင်းလေ၏။ အဘိုးကြီးက ကြားဝင်ဖြတ် ပြောပြန်၏။

"ဒီမြို့မှာ မိန်းမကောင်းတစ်ယောက်မှ မရှိဘူး။ ငါ့ရဲ့ ဂုဏ်သိက္ခာကို မင်းချစ်မိန်းမကြိုးစားနဲ့၊ ဝပ်ရှော့မှာလည်း မလုပ်ရဘူး"

အဘိုးကြီး၏စကားသည် သူ၏အနာဂတ်ကို မှောင်အတိ ကျသွားစေလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

အင်စပက်တော်လှမိုးသည် မော်လမြိုင်မြို့သို့ရောက်သော အခါ မြို့နယ်ရဲလမှတ်တန်းဟူသော ရုံးကွက်သို့ သွားရောက်ပြီး မိမိရရှိထား သော လိပ်စာများအတိုင်း ရှာဖွေလေ၏။

ထိုအခါ ဒေါ်တင်ရီဆိုသော မိန်းမကြီးကို သက်ရှိထင်ရှား တွေ့ ပြီး အစ်ချုပ်သင်တန်းတစ်ခုလုံးကို ဦးစီးလုပ်ဆောင်နေ၏။ ဒေါ်တင်ရီ သည် ယမ်မျိုးအင်စပက်တော်အဘိုးကြီး၊ အဘွားကြီး၏ လက်ထပ် စာချုပ်၌ သက်သေအဖြစ်လက်မှတ်ရေးထိုးခဲ့သူဖြစ်၏။

ဒေါ်တင်ရီသည် ယမ်မျိုးအင်စပက်တော်အဘိုးကြီးကို ကောင်း စွာမှတ်မိပြီးမော်လမြိုင်မြို့၌ နေထိုင်ရင်း သိကျွမ်းခဲ့သည်ဆို၏။

ယမ်မျိုးအင်စပက်တော်အဘိုးကြီးသည် လေးဆယ်ကျော် ကံပေါ်ပြီး အိမ်ထောင်ကျသူဖြစ်ကြောင်းသိရ၏။ ကျန်သော အသိ သက်သေနေရာတွင် လက်မှတ်ရေးထိုးသော ဦးဘိုးစဆိုသူမှာ လွန်ခဲ့ သောနှစ်ကမှသေဆုံးခဲ့ကြောင်းသိရ၏။ ဒေါ်တင်ရီက

"သူတို့လင်မယား မြို့ကိုပြောင်းသွားတုန်းက

ကလေး မရသေးပါဘူး"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် ဒေါ်တင်ရီစကား ကြောင့် အံ့သြသွားပြီး

"ဟင်…သူတို့လင်မယားမှာ ကလေးမရတာ

သေချာတယ်ပေါ့။ ဒါဆိုရင် သူတို့လင်မယားပြလေ့





ရှိတဲ့ ဆရာဝန်တွေ ဘာတွေ မရှိဘူးလား"

ဟုမေးမြန်းလေ၏။ ထိုအခါ ဒေါ်တင်ရီက မျက်မှောင်ကြုတ်၍

"သူတို့ပြလေ့ရှိတဲ့ ဒေါက်တာကတော့

ဒေါက်တာ ဦးဘဦးကြီးပဲ၊ အဘိုးကြီးက အသက်ကြီး

ပေမဲ့ဆေးကုနေတုန်းပဲ"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် ဒေါက်တာ ဦးဘဦး ကြီးထံသို့သွားရောက်မေးမြန်းပြန်၏။ ဦးဘဦးကြီးသည် အသက်(၇၀) နီးကျင်ခန့် ရှိသော်လည်း ယနေ့အထိဆေးကုနေတုန်း ဖြစ်၏။

ဒေါက်တာဦးဘဦးကြီးသည် အင်စပက်တော်အဘိုးကြီးကို ကောင်းစွာမှတ်မိပြီ၊ စိတ်အားထက်သန်စွာဖြင့်

"သူတို့လင်မယားက ကလေးမရခဲ့ပါဘူး။

ကလေးမရလို့ လင်မယားနှစ်ယောက်စလုံး စိတ်

ညစ်နေကြတယ်၊ သူတို့နှစ်ယောက်စလုံးကလေး

ရှူးရှူးနေလို့၊ ကျူပ်လဲတတ်သလောက်၊ မှတ်သ

လောက်၊ သင်ပြပေးခဲ့တယ်၊သူတို့နှစ်ယောက်

အကြောင်းကို ကြားရတာ စိတ်မကောင်းလိုက်တာ၊

မော်လမြိုင်မှာနေတုန်းက ကလေးမရတာ သေချာ

တယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် ယမ်မျိုးအင်စပက်



www.burmeseclassic.com

www.burmeseclassic.com

တော် အဘိုးကြီးလင်မယား ပြောင်းရွှေ့လာသည့်အချိန်နှင့် မိမိတို့မြို့သို့ရောက်ရှိသောနေ့စွဲကို ကြည့်ပြီး တစ်စုံတစ်ရာကို သဘောပေါက်သွားလေ၏။

အင်စပက်တော်လုမိုးကမျက်မှောင်ကြုတ်၍

"တာတီးဟာ သူတိုကလင်မယားရဲ့ သားအရင်းမဟုတ်တာ သေချာပြီ၊ ငါတို့မြို့ပေါ်မှာ အဘိုးကြီးအဘွားကြီး လင်မယားက တာတီးကို သားအရင်းလို့ကြော်ငြာထားတယ်၊ ဒါပေမဲ့ တာတီးက သူတို့သားအရင်း မဟုတ်ဘူး။ တာတီးကို သူတို့ဘယ်ကမွေးစားခဲ့တာလဲ"

ဟုတွေးတောနေမိ၏။

* * *

တာတီးသည် မုတ္တမသို့ရောက်သောအခါ လော်ရီကားပေါ်မှ ဆင်း၍ မော်လမြိုင်ဘက်သို့ကူးခဲ့လေ၏။

မော်လမြိုင်သို့ ရောက်လျှင် ကမ်းနားလမ်းရှိ တည်းခိုခန်းတစ်ခန်း၌ ဝင်၍အိပ်စက်လေ၏။





မှောင်ရီသန်းစပြုသောအခါ တစ်ဖက်ခန်းရှိ လင်မယား နှစ်ယောက်၏ရန်ဖြစ်သံကြောင့် အိပ်ရာမှလန့်နိုးလာ၏။

ယောက်ျားဖြစ်သူက မိန်းမအား အပြင်းအထန်ရိုက်နှက်နေ၏။ မိန်းမက နာကျင်စွာအော်ဟစ်၍

"မလုပ်ပါနဲ့ရှင်....တောင်းပန်ပါတယ်"

ဟုပြောဆိုနေလေ၏။

သို့သော် ယောက်ျားဖြစ်သူက ရက်စက်စွာရိုက်နှက်ဆဲ ဖြစ်ပုံ ရ၏။

တာတီးသည် ထိုအသံများကိုနားထောင်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်၏။

သဘာဝနှင့်ဆန့်ကျင်သောအပြုအမူများကို ကျူးလွန်နေပေပြီ။ သဘာဝတရား၏ တမန်တော်ဖြစ်သော မိမိကို ဖိတ်ခေါ်နေခြင်းပေလော။

မိမိသည် သဘာဝတရားကြီး၏ ကိုယ်စား မကောင်းမှုများကို နှိမ်နင်းရပေတော့မည်။

ထို့ကြောင့် ကုတ်အင်္ကျီအိတ်ထဲတွင်ရှိသော ဓားမြှောင်ကို ဆွဲထုတ်လိုက်၏။ ပြီးနောက် လှဲအိပ်နေရာမှ ထထိုင်ရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် တစ်ဖက်ခန်းမှဆူညံသံများငြိမ်သက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

တာတီးသည် အတန်ကြာအောင်စောင့်ကြည့်၏။ လင်မယား နှစ်ယောက်စလုံး မည်သည့်အသံမျှ မကြားရတော့ဘဲ ငြိမ်သက်သွားလေ၏။

ထိုသို့ဆိုလျှင် သဘာဝတရား၏အလိုနှင့်ကိုက်ညီသွားပေပြီ မိမိဝင်ရောက်ထိန်းသိမ်းပေးစရာမလိုတော့ချေ။ ရဲကလူသည် ပြာပူကို ဘယ်တော့မှ မကြောက်တော့....။

* * *

အင်စပက်တော်လှမိုးသည် မော်လမြိုင်မြို့၌ပင် ဆက်လက် ၍ နေထိုင်၏။

အင်စပက်တော်လှမိုး နေ့လယ်စာစားနေစဉ် တည်းခိုခန်းသို့ လူတစ်ဦးရောက်လာပြီး အင်စပက်တော်လှမိုးအမည်ဖြင့် စာ တစ်စောင်ပေးလေ၏။ စာပေးသူမှာ ဒေါက်တာ ဦးဘဦးကြီး ဖြစ်၏။

အင်စပက်တော်လှမိုးသည် ဒေါက်တာဦးဘဦးကြီးထံသို့ ရောက် သောအခါ ဦးဘဦးကြီးက ဝမ်းသာအားရဖြင့်

"ယစ်မျိုးအင်စပက်တော် လင်မယားရဲ့ဆေးမှတ်တမ်းကို ကျုပ်ပြန်တွေ့ပြီ၊ လွန်ခဲ့တဲ့ညက ကျုပ်





အိပ်မပျော်တာနဲ့ အနှစ် (၂၀)ကျော်က ဆေးမှတ်တမ်းကို ပြန်ရှာကြည့်တယ်၊ ဆေးမှတ်တမ်းကို ပြန်ရှာကြည့်တော့ သူတို့ပြဿနာက သားသမီး မရနိုင်တဲ့ပြဿနာပဲ၊ သူတို့လင်မယား နှစ်ယောက်စလုံး သားသမီး သိပ်လိုချင်ကြတယ်။ ပြဿနာကတော့ အဘိုးကြီးရဲ့ပြဿနာလို့ထင်တယ်၊ အဘိုးကြီးက နယ်ဘက်မှ အမှုထမ်းတုန်းက မြင်းစီးခဲ့တယ်၊ မြင်းစီးရင်း သူ့ရဲ့ကိုယ်ခန္ဓာအောက်ပိုင်းကို ထိခိုက်ခဲ့ဖူးတယ်"

ဟုပြောလိုက်ရာ အင်စပက်တော်လှမိုးက သက်ပြင်းချ၍

""သူတို့မော်လမြိုင်က ပြောင်းလာပြီး ကျုပ်တို့မြို့ကိုရောက်တော့ ကလေးတစ်ယောက်ရှိနေတယ်ဒေါက်တာ၊ ရက်ပိုင်း လပိုင်းအတွင်းမှာ ကလေးတစ်ယောက်မွေးတယ်ဆိုတော့ ထူးဆန်းမနေဘူးလား၊ သူတို့ ကလေးတစ်ယောက်ကို မွေးစားတာ သေချာတယ်"

ဟုပြောလေ၏။

ထိုအခါ ဒေါက်တာဦးဘဦးက ခေါင်းညိတ်၍

""သေချာတာပေါ့၊ ကျုပ်ရဲ့ဆေးမှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ ကလေးတစ်ယောက်မွေးစားကြောင်း အထောက်အထားတွေ့လိုက်လို့ အက်စပက်တော်ကို လူကြုံနဲ့စာပေးလိုက်ရတာပဲ၊ ကျုပ်ရဲ့ဆေးမှတ်တမ်းထဲမှာ ပန်းပဲတန်းရပ်က ဒေါ်လှရင်ဆိုတဲ့ မိန်းမရဲ့လိပ်စာကို မထင်မရှားရေးမှတ်ထားတာတွေ့တယ်၊ အဲဒီဒေါ်လှရင်ဆိုတာ အရင်တုန်းက ဆင်းရဲနွမ်းပါးတဲ့ကလေးတွေကို ရောင်းစားတဲ့ ပွဲစားမပဲ၊ နောက်တော့ ပုလိပ်အဖမ်းခံရပြီး ထောင်ကျသွားခဲ့တယ်"

ဟုပြောလိုက်ရာ အင်စပက်တော်လှမိုးသည် လွန်စွာစိတ်လှုပ်ရှားသွားပြီး

"ဟင်၊ အဲဒီဒေါ်လှရင်ဆိုတဲ့ မိန်းမကြီး အခုရှိနေသေးလား ဒေါက်တာ"

ဟုမေးမြန်းလိုက်၏။ ဒေါက်တာဦးဘဉီးကြီးက ခေါင်းကုတ်၍

"ဒေါ်လှရင် ထောင်ကထွက်လာပြီး နောက်ပိုင်းမှာ၊ ငါးခြောက်ရောင်းပြီး အသက်မွေးဝမ်းကြောင်းတယ်။ နောက်ပိုင်းတော့ မကောင်းတဲ့ အလုပ်တွေမှာမွေ့ပျော်တဲ့ ဒေါ်လှရင်ဟာ မိန်းကလေး ငယ်ငယ်လေးတွေမွေးပြီး ဖိမ်ခေါင်းအလုပ်





ကိုလုပ်စားနေတယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် ဒေါ်လှရင်ဆိုသော မိန်းမကြီးကို အမြန်ဆုံးသွားရောက်တွေ့ဆုံလို၏။ ထိုကြောင့် ဒေါက်တာဦးဘဉီးကြီးထံတွင် လိပ်စာတောင်း၍ ပန်းပဲတန်းရပ်ရှိ ဒေါ်လှရင်၏ အိမ်သို့ထွက်ခဲ့လေ၏။ ဒေါ်လှရင်ကိုတွေ့လျှင် တာတီးသည် ယဖိမျိုး အင်စပက်တော်လင်မယား၏ မွေးစားသားဖြစ်ကြောင်း အထောက်အထားတွေ့ရနိုင်၏။

✲ ✲ ✲

တာတီးသည် စိတ်အားထက်သန်စွာဖြင့် နံနက် စောစော အိပ်ရာထလေ၏။

ယနေ့ တာတီးဆိုသော လူသားတစ်ယောက်၏ မူလဘဝ ဖြစ်သည့်မှုကို သိရှိရတော့မည်။ တာတီး ဘယ်သူလဲဆိုတာ သိချင်နေတာကြာပြီ။ တာတီးကို လူမှန်းသူမှန်းမသိအောင် လုပ်ခဲ့သူအားလုံး ဘဝတရား၏ အပြစ်ဒဏ်ခတ်ခြင်းကို ခံရပေမည်။

နီလာမြိုင်နှင့် အဘိုးကြီးအဘွားကြီး နှစ်ယောက်စလုံး သဘာဝတရား၏ အပြစ်ဒဏ်ကိုခံလိုက်ရချေပြီ။ ပန်းပဲတန်းရပ်၌ နေထိုင်သော ဒေါ်လှရင်၏ လိပ်စာကို ဘုံပြတ်သမားများထံသို့သွားရောက် မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



လေရာ မြင်းလှည်းဆရာများက ဝိုင်ဝန်းရယ်မော၍ ပျော်ရွှင်တ
သော မြင်းလှည်းသမားတစ်ဦးက

"ပန်းပဲတန်းရပ်မှာ ဒေါ်လှရင်ကို မသိတဲ့လူ
မရှိဘူးဗျ မောင်ရင်က ဒေါ်လှရင်ဆီမှာ ဘာသွား
လုပ်မှာလဲ"

ဟုမေးမြန်းလေ၏။ တာတီးသည်မိမိကိုလှောင်ပြောင်သ
သော မြင်းလှည်းသမားများ၏ လုပ်ရပ်သည် သဘာဝတရား
ဆန့်ကျင်သော အပြုအမူဖြစ်ကြောင်းသိ၏။

သို့သော် ယနေ့နံနက်၌ သဘာဝတရား၏ တမာန်တော် အ
တာဝန်ထမ်းဆောင်ရဦးမည် ဖြစ်သဖြင့် စိတ်ကိုထိန်းချုပ်ထားလိုက်

"ဒေါ်လှရင်ဆီမှာ ကျုပ်ရဲပြဿနာကို ဖြေရှင်း
မလို့ပေါ့ဗျာ"

ဟုပြောလိုက်လေ၏။ တာတီး၏စကားကြောင့် ဘုံပြတ်သ
များသည် ပိုမိုသဘောကျသွားပြီး ခွက်ထိုးခွက်လန်ရယ်မောကြ
၏။ တာတီးသည် မိမိကိုလှောင်ပြောင်နေသူများကိုကြည့်၍ သ
များပူနွေးလာပြီး လွယ်အိတ်ထဲရှိ ရှမ်းဓားမြှောင်ကို တင်းတင်း ဆု
ကိုင်လိုက်၏။

တာတီးက အံကိုကြိတ်၍

"ခင်ဗျားတို့ဘာလို့ ကျုပ်ကို လှောင်နေရ





တာလဲ"

ဟုမေးမြန်းလေ၏။ ထိုအခါ ဘုံပြတ်သမားတစ်ဦးက တာတီး
မြီးတို့သွားကြောင်း ရိပ်စားမိသွားပြီး

""စိတ်မရှိပါနဲ့မောင်ရင်ရယ်၊ ဒေါ်လှရင်ဆို
တာ မိန်းကလေး ငယ်ငယ်လေးတွေကိုမွေးထားပြီး
ဖိမ်ခေါင်းလုပ်နေတဲ့ မိန်းမကြီးမို့ပါ""

ဟုပြောလေ၏။

တာတီးသည် ထိုအခါမှပင် မိမိကို ဝိုင်းဝန်းလှောင်ပြောင်
ခြင်းအကြောင်းကို ရိပ်စားမိသွားလေ၏။

ဒေါ်လှရင်သည် ယနေ့ထက်တိုင် သဘာဝတရားကို ဆန့်
ကျင်သောအပြုအမူများကို ကျူးလွန်နေဆဲဖြစ်၏။

"ဒီမိန်းမကြီးကို သဘာဝတရားရဲ့အလိုအရ
တရားစီရင်ရမယ်"

ဟုကြုံးဝါးလိုက်၏။

တာတီးသည် ၄င်းရရှိထားသော လိပ်စာအတိုင်း ဒေါ်လှရင်၏
အိမ်သို့သွားလေရာ ပန်းပဲတန်းရပ်ရှိ ဒေါ်လှရင်၏ နှစ်ထပ် ပျဉ်ထောင်
အိမ်မည်းကြီးရှေ့သို့ ရောက်ရှိသွားလေ၏။

အိမ်မည်းကြီး၏အောက်ထပ်၌ ထိုင်နေသော မိန်းမလေး
သောက်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမများသည် ပြုံတီတီမျက်နှာပေးဖြင့် တာတီးကို ကြည့်ကြလေ၏။

တာတီးသည် သဘာဝတရား၏ အလိုကိုဆန့်ကျင်သော မိန်းမများကို မုန်းတီးရွံရှာသွားလေ၏။

ထိုမိန်းမများအနက် နဖူးမောက်မောက် ဖင်ကောက်ကောက်နှင့်မိန်းမတစ်ဦးသည် ထိုင်ရာမှထလာပြီး

"ရှင် ဘယ်သူနဲ့တွေ့ချင်လဲ"

ဟုမေးမြန်းလေရာ တာတီးက မျက်မှောင်ကြုတ်၍

"ဒေါ်လှရင်နဲ့"

ဟုပြောလိုက်ရာ မိန်းမများက ဝိုင်းဝန်းရယ်မောကြလေ၏။ မိန်းမတစ်ဦးက ခွက်ထိုးခွက်လန်ရယ်မော၍

"ဒေါ်လှရင်ကြီးနဲ့တွေ့ချင်တယ်ဟုတ်လား။ ရှင့် အသက်အရွယ်နဲ့ ဒေါ်လှရင်ကိုတွေ့ချင်တယ်ဆိုတော့ မလွန်လွန်းဘူးလား"

ဟုမေးမြန်းလိုက်၏။

တာတီးက မိန်းမများကို ရွံရှာဟန်ဖြင့်

"ခင်ဗျားတို့ ဘာတွေပြောနေတာလဲ၊ ဒေါ်လှရင်က ကျုပ်နဲ့အမျိုးတော်တယ်ဗျ။ ဒါကြောင့်လာတွေ့တာ"





ဟုပြောလိုက်ရာ မိန်းမရှင်များသည် တာတီးကို စိတ်မဝင်စားတော့ဘဲ ဟောင်းအိုနေသော လှေခါးတစ်ခုကို လက်ညှိုးညွှန်ပြပေးလေ၏။

တာတီးသည် စိတ်လှုပ်ရှားစွာဖြင့် ဟောင်းအိုနေသော လှေခါးအတိုင်း အပေါ်ထပ်သို့ တက်သွားလေ၏။ အပေါ်ထပ်တစ်ခုလုံးတောင်းသောအနံ့အသက်များ ဖုံးလွှမ်းနေပြီး အလင်းရောင်ညှိုးပါးလေ၏။

တာတီးသည်ဧည့်ခန်းထဲသို့ရောက်ပြီးမျက်လုံးဝေ့ကြည့်လိုက်သောအခါ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်၍ မဂ္ဂဇင်းတစ်အုပ်ကိုဖတ်ရှုနေသော အသက်၆၀ ဝန်းကျင်အဖွားကြီး တစ်ဦးကို တွေ့ရလေ၏။ သူမ၏ ဆံပင်များဆွတ်ဆွတ်ဖြူနေပြီး ရွှေကိုင်းမျက်မှန်အောက်ရှိ မျက်လုံးများကမူတောက်ပဆဲဖြစ်၏။ ထိုအဖွားကြီးသည် သဘာဝတရား၏ အလိုကို ဆန့်ကျင်သော ဒေါ်လှရင်ဆိုသည့် အဘွားကြီးဖြစ်၏။

တာတီးသည် အပေါ်ထပ်သို့တက်မည့် အခန်းတံခါးကို ချက်ထိုး၍ ပိတ်လိုက်၏။

ဒေါ်လှရင်က တာတီးကို မျက်မှောင်ကြုတ်ကြည့်၍

"နင်ဘယ်သူလဲ"

ဟုမေးမြန်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တာတီးက ဒေါ်လှရင်ကို ရှုံ့ရှာစွာကြည့်၍

"ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျားကိုမေးရမယ်မျှ၊ ခင်ဗျား မှန်မှန်ဖြေ၊ လွန်ခဲ့တဲ့ နှစ် (၂၀) လောက်က ယစ်မျိုးအက်စပက်တော် လင်မယားကို ခင်ဗျားရောင်းလိုက်တဲ့ကလေးက ကျုပ်ပဲ"

ဟုပြောလိုက်ရာ ဒေါ်လှရင်က တာတီးကိုကြည့်၍ အံ့ဩ ဟန်မရှိဘဲ

"ဩော်...နင်တောင် ဒီအရွယ်ရောက်နေပြီကိုး၊ ငါရောင်းပေးတဲ့ ကလေးတွေအများကြီးပဲ၊ ဒါကြောင့် ကောင်းကောင်း မမှတ်မိဘူး၊ ဒါပေမဲ့ နင့်ကိုတော့ ငါကောင်းကောင်းမှတ်မိတယ်၊ ဘာကြောင့်လဲဆိုတော့ ယစ်မျိုးအင်စပက်တော်ကြီးဆီက ငါပိုက်ဆံ အများကြီးရလိုက်တာကိုး၊ ဒါနဲ့ နင်ဒီကိုလာတာ နင့်အဖေနဲ့အမေ သိသလား"

ဟုမေးမြန်းလေ၏။

တာတီးက ဒေါ်လှရင်ကိုရှုံ့ရှာစွာကြည့်၍

"သူတို့မရှိတော့ဘူး သေကုန်ပြီ"

ဟုပြောလိုက်ရာ ဒေါ်လှရင်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍

"သေကာနီးမှတော့ နင့်ကိုပြောလိုက်ပြီပေါ့၊





ဟဲ့...နင့် အမေအရင်းက နယ်နယ်ရရမဟုတ်ဘူး နော်၊ မြန်မာပြည်မှာ ဒိတ်ဒိတ်ကြဲ ဖြစ်နေတဲ့ မိန်းမ ဟဲ့"

ဟုပြောလိုက်ရာ တာတီးသည် စိတ်လှုပ်ရှားလွန်းသဖြင့် ရှေ့သို့တိုး၍

"သူဘယ်သူလဲ၊ ကျုပ်ကိုပြောစမ်းပါ"

ဟုမေးမြန်းလိုက်၏။ အဘွားကြီးက ခေါင်းခါယမ်း၍

"ဟဲ့...ဒါကိုတော့ ငါပြောလို့ဘယ်ဖြစ်မလဲ၊ ငါ့ အလုပ်ရဲ့အဓိကစည်းကမ်းက လျှို့ဝှက်ချက်ပဲ"

ဟုပြောလိုက်ရာ တာတီးသည် သဘာဝတရား၏အလိုတော် ဆိုးအနေဖြင့် ဒေါ်လှရင်ကြီးကို မရရအောင် မေးမြန်းမည်ဟု ဆုံးဖြတ်ပြီး လွယ်အိတ်ထဲမှ ရှမ်းဓားမြှောင်ကိုထုတ်၍ အဘွားကြီး ၏ လည်ပင်းကို ဖိကပ်ထားပြီး

"သဘာဝတရားကို ဆန့်ကျင်တဲ့အဘွားကြီး ခင်ဗျား ငရဲပြည်ကိုရောက်ချင်သလား၊ ကျုပ်အမေ အရင်း ဘယ်သူလဲဆိုတာ အခု ပြောစမ်း"

ဟုဆိုလိုက်ရာ အဘွားကြီးသည် အော်ဟစ်ရန်ပြင်ဆင်လိုက်၏။ တာတီးသည် အဘွားကြီး၏ပါးစပ်ကို လက်ဖြင့်ပိတ် လိုက်ပြီး

"အမြန်ပြောစမ်း အဘွားကြီး၊ ကျုပ်သတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်မှာနော်၊ ကျုပ်ကို ဘာကောင်မှတ်သလဲ၊ ကျုပ်က သဘာဝရဲ့တာမန်တော်မျှ လူတွေသတ်လာတာမျိုးလုပြီ၊ ဧရဲကလူဟာ ပြာပူကို မကြောက်တော့ဘူး"

ဟုပြောလိုက်ရာ ဒေါ်လှုရင်ကြီးသည် ကြောက်ရွံ့တုန်လှုပ်ပြီး သေးများထွက်ကျလာကာ

"မသတ်ပါနဲ့၊ ပြောပါမယ် ဧရဲကလူရယ်၊ နင့်ရဲ့အမေ ဟ......"

ဟုဆိုပြီး ပြောလိုက်ရာ တာတီးက

"မကြားရဘူး ကျယ်ကျယ်ပြောစမ်း"

ဟုမေးမြန်းလိုက်ပြန်၏။

ဒေါ်လှုရင်ကြီးသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တာတီး သိလိုသော အဖြေကိုပြောပြလိုက်လေ၏။

တာတီးသည် ဒေါ်လှုရင်ထံမှ အဖြေကိုရရှိပြီးနောက်

"""ခင်ဗျားက သဘာဝကိုဆန့်ကျင်တဲ့မိန်းမကြီးပဲ၊ မိဘအရင်း ကမွေးတဲ့ကလေးကို ပိုက်ဆံယူပြီး မွေးစားမိဘဆီရောက်အောင် ခင်ဗျား လုပ်တယ်၊ ခင်ဗျားတော်တော်ရိုင်းပြတဲ့ မိန်းမကြီး၊ ခင်ဗျားလို ရိုင်းပြတဲ့သူကို သဘာဝတရားကြီးကခွင့်





မလွှတ်ဘူး။ ကျုပ်က သဘာဝတရားကြီးရဲ့ ကိုယ်စားလှယ်မျှ ဒါကြောင့် ခင်ဗျားကို သက်သက်ညှာညှာ အပြစ်ဒဏ်ခတ်ရမယ်"

ဟုဆိုကာ ရှမ်းဓားမြှောင်ကို ဒေါ်လှုရင်ကြီး၏ နှလုံးရှိရာသို့ ဒိုးစိုက်ချလိုက်၏။ ဒေါ်လှုရင်ကြီးသည် ရှန်းကန်ရင်း အသက် ထွက်သွားလေ၏။

သဘာဝတရားကို ဆန့်ကျင်သူများကို မိမိတစ်ယောက်ပြီး တစ်ယောက် အပြစ်ဒဏ်ခတ်ပြီးချေပြီ။

မကြာမီ သဘာဝကို ဆန့်ကျင်သူများကို ထပ်မံရှာဖွေ၍ အပြစ်ဒဏ်ခတ်ရမည်။

ယနေ့ တာတီးဆိုသော လူသားတစ်ယောက်၏ ဖြစ်တည်မှုကို မသိရှိရချေပြီ။

မိမိသည် ကံဆိုးရှာသော လူသားတစ်ယောက်အဖြစ် ကမ္ဘာမြေ၌ မွေးဖွားလာခဲ့သည်။ သနားဖွယ်ကောင်းလှပါဘိ။

* * *

အင်စပက်တော်လှမိုးသည် ပန်းပဲတန်းရပ်ရှိ ဒေါ်လှုရင်၏ နေအိမ်သို့ မေးမြန်းပြီးရောက်ရှိခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အင်စပက်တော်လှမိုး လမ်းထဲသို့ရောက်ရှိသောအခါ တာတီး
သည် အိမ်မည်းကြီးမှ ဣန္ဒြေရရ ထွက်လာ၏။

အင်စပက်တော်လှမိုးနှင့် တာတီးတို့ နှစ်ဦးမျက်နှာချင်းဆိုင်
ဆုံကာနီးတွင် မော်လမြိုင်အခေါ် ဘုံပြုတ်ဟုခေါ်သော မြင်းလှည်း
တစ်စီးသည် ၎င်းတို့ရှေ့မှ ဖြတ်သွားလေ၏။

ထိုကြောင့် ၎င်းတို့နှစ်ဦး မျက်နှာချင်းဆိုင် မဆုံဖြစ်လိုက်ချေ

အင်စပက်တော်လှမိုးသည် အိမ်မည်းကြီးထဲသို့ ဝင်သွားပြီး
ဗလတောင့်တောင့်လူအား

"ကျုပ် ဒေါ်လှရင်နဲ့တွေ့ချင်တယ်"

ဟုဆိုလိုက်ရာ ဗလမောင်ကြီးသည် အင်စပက်တော်လှမိုး၏
ဥပဓိရုပ်အရှိန်အဝါကြောင့် တားဆီးခြင်းမရှိဘဲ

"အပေါ်ထပ်သို့ တက်သွားပါ"

ဟုပြောဆိုလေ၏။

ဧည့်ခန်းထဲသို့ အင်စပက်တော်လှမိုးရောက်ရှိသွားသောအခါ
မိန်းကလေးများက ကြိုဆိုပြီး

"ရှင်ဘယ်သူနဲ့ပျော်ချင်သလဲ"

ဟုပြောလိုက်ရာ အင်စပက်တော်လှမိုးက လက်ကာပြ၍

"ကျုပ် ဒေါ်လှရင်နဲ့တွေ့ချင်လို့ပါ"

ဟုပြောလိုက်ရာ မိန်းကလေးများက ရယ်မောကြပြီး





"ဒီနေ့ဘယ်လိုဖြစ်တာလဲ၊ တို့အန်တီကြီး
စန်းပွင့်နေပါလား၊ တွေ့ချင်သူတွေ သိပ်များနေ
တယ်၊ စောစောတုန်းက အန်တီကြီးနဲ့ တွေ့ဖို့ လူတစ်
ယောက်လာသွားတယ်၊ သူပြန်သွားပြီး လမ်းထိပ်
တောင်မရောက်သေးဘူး ရှင်ရောက်လာတယ်"

ဟုပြောလိုက်ရာ အင်စပက်တော်လှမိုးသည် ရင်ထဲတွင် ထိတ်
နေဖြစ်သွားပြီး ကုတ်အင်္ကျီအိတ်ထဲရှိ တာတီး၏ဓာတ်ပုံကို ထုတ်၍
မိန်းကလေးအား ပြကာ

"စောစောတုန်းက လာသွားတဲ့လူဟာ သူလား"

ဟုမေးမြန်းလိုက်၏။

မိန်းကလေးက အံ့ဩဟန်ဖြင့် ခေါင်းညိတ်၍

"ဟုတ်တယ်၊ သူပဲ၊ ရှင်နဲ့ရှေ့ဆင့်နောက်
ဆင့်ပဲ လွဲသွားတယ်"

ဟု ပြောလေ၏။

အင်စပက်တော်လှမိုးသည် ဒေါ်လှရင်အတွက် စိုးရိမ်သွားပြီး

"ဒေါ်လှရင်ဘယ်မှာလဲ"

ဟုမေးမြန်းလိုက်ရာ မိန်းကလေးက အိမ်အပေါ်ထပ်သို့ လက်
ညွှန်ပြလိုက်လေ၏။

အင်စပက်တော်လှမိုးသည် လှေကားကြီးအတိုင်း အပေါ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြေးတက်သွားပြီး ပိတ်ထားသောတံခါးကို ဆောင့်တွန်းလိုက် တံခါးကြားမှ ယိုစီးကျနေသော သွေးစီးကြောင်းကြီးကို တွေ့လိုက် ရလေ၏။

အင်စပက်တော်လှမိုးသည် တံခါးကို ဝုန်းခနဲတွန်းဖွင့်၍ အိမ် သို့ ကြည့်လိုက်ရာ ပက်လက်ကုလားထိုင်၌ ထိုင်လျက်သေဆုံး သော ဒေါ်လှရင်ကိုတွေ့ရလေ၏။

အင်စပက်တော်လှမိုးသည် ဒေါ်လှရင်၏ လက်ကောက် ဝတ် စမ်းသပ်ကြည့်လိုက်ရာ အသက်မရှိတော့သဖြင့် စိတ်ပျက် လက်ပျ ဖြစ်သွားလေ၏။

တာတီးတစ်ယောက် လူသတ်မှုများကို တစ်မှုပြီးတစ်မှု ကျူးလွ နေချေပြီ။

ထိုအနိုက်မှာပင် သူ၏အနောက်မှ မိန်းကလေးတစ်ဦးပေ လာပြီး အသံကုန်အော်ဟစ်လိုက်၏။

ထိုအခါ အိမ်အပေါ်ထပ်သို့ မိန်းကလေးများနှင့် လူအချ ပြေးတက်လာပြီး ဒေါ်လှရင်၏အလောင်းကိုကြည့်ကာ

"အန်တီကြီးကို သတ်သွားပြီ"

"လူသတ်သမား မပြေးနဲ့...မပြေးနဲ့"

ဟုအော်ဟစ်ကြလေ၏။

ဗလမောင်ကြီးသည် အင်စပက်တော်လှမိုးကို ဝင်ရောက် ဖမ်





ဆီးရန် ကြိုးစားလေ၏။

အင်စပက်တော်လှမိုးက လက်ကာပြ၍

"ခင်ဗျားတို့အထင်မှားနေပြီ၊ ကျုပ်က ပုလိပ် အရာရှိတစ် ယောက်ပါ။ ဒေါ်လှရင်ကို သတ်သွားတာ ကျုပ်မဟုတ်ဘူး။ ကျုပ် ရှေ့က ရောက်သွားတဲ့လူပဲ၊ ဒီလူဟာ လူတွေအများကြီးသတ် ထားတဲ့လူသတ် သမားပဲ"

ဟုပြောဆိုလေရာ လူထွားကြီးက ယုံကြည်ဟန်မရှိဘဲ

"ဟေ့လူ၊ ခင်ဗျားကို လက်ပူးလက်ကြပ် မိတာတောင် ငြင်းချင်သေးသလား။ ပုလိပ်လက် အပ်ရမယ်"

ဟုဆိုကာ အင်စပက်တော်လှမိုးကို ဖမ်းဆီးရန်ကြိုးစားလေ၏။

အင်စပက်တော်လှမိုးသည် မိမိကိုဖမ်းဆီးရန် ရှေ့တိုးလာသော လူထွားကြီး၏ လက်ကို ဆတ်ခနဲဆောင့်ဆွဲပြီး ရှေ့သို့ငိုက်ကျလာ သောအခါ ကုတ်အကျီထဲမှ လက်ထိပ်ကိုထုတ်၍ ပြတင်းပေါက် တိုင်နှင့်တွဲ၍ ခတ်လိုက်ပြီး

"ငြိမ်ငြိမ်လေးနေစမ်း၊ ငါက ပုလိပ်အရာရှိ တစ်ယောက်ဆိုတာမယုံသေးဘူးလား၊ ရုတ်ရုတ် ရုတ်ရုတ်လုပ်ရင် ဝတ္တရား နှောင့်ယှက်မှုနဲ့ အချုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com


ထည့်လိုက်မယ်"

ဟုခြိမ်းခြောက်လိုက်ရာ ၄င်းကို ဝိုင်းအုံနေသော လူအုပ်သည် ငြိမ်သက်သွားလေ၏။

အင်စပက်တော်လှမိုးက ပုလိပ်များကို သွားရောက်ခေါ် ဆော[illegible]နိုင်းလိုက်၏။

မကြာမီ မော်လမြိုင်မြို့ခံ ပုလိပ်များ ရောက်ရှိလာပြီး အ[illegible] စပက်တော်လှမိုးအကျိုးအကြောင်းရှင်းလင်းပြလေ၏။ ထို့နော[illegible] အင်စပက်တော်လှမိုးသည် ဒေါ်လှရင်အိမ်ရှိ လူများကို တစ်ဦးချ[illegible] စစ်ဆေးခဲ့လေ၏။

ထိုသို့စစ်ဆေးရင်း လွန်ခဲ့သောနှစ်ပေါင်းများစွာက ဒေါ်လှ[illegible] ကလေးပွဲစားလုပ်ခဲ့ပုံများကို မေးမြန်းစုံစမ်းလေ၏။ သို့သော် ဒေါ်လှ[illegible] ကလေးပွဲစားလုပ်ခဲ့ခြင်းကို မည်သူမျှ ရေရေရာရာမပြောနိုင်ခေ[illegible] ထိုအခိုက်မှာပင် ဒေါ်လှရင်၏ တောက်တိုမယ်ရအလုပ်များ[illegible] လုပ်ကိုင်ပေးသော အဒေါ်ကြီးသည် အိမ်ထဲသို့ ဝမ်းပန်းတနည်း[illegible] ရောက်လာလေ၏။ အဒေါ်ကြီး၏ အဝတ်အစားများသည် အလွ[illegible] စုတ်ချာနေပြီး စိတ်မနံ့သူတစ်ဦးနှင့်ပုံသဏ္ဍာန်တူလေ၏။အင်စပ[illegible] တော်လှမိုးသည် အဒေါ်ကြီးကို ပိုက်ဆံတစ်မူးပေး၍

"သေသွားတဲ့ ဒေါ်လှရင်ကြီးက အရင်တုန်းက ကလေးတွေ ကိုပဲ ပွဲစားလုပ်တယ်ဆို၊ ကျွန်တော် အထင်တော့ ကြီးကြီးကျယ်ကျယ် လုပ်ခဲ့မယ်မထင်ဘူး"

ဟုပြောလေ၏။ ထိုအခါ အဒေါ်ကြီးကအင်စပက်တော်လှမိုးကို [illegible]သောမကျေနပ်ဖြင့် ကြည့်၍

"အစ်မကြီးလှရင်က ကလေးတွေကို ကြီးကြီးကျယ်ကျယ် ရောင်းဝယ်ခဲ့တာကွယ်၊ အစ်မကြီးကို အထင်မသေးနဲ့၊ အစ်မကြီး ရောင်းဝယ်ခဲ့တဲ့ ကလေးတွေထဲမှာ ရန်ကုန်မြို့က သူဌေးသူကြွယ် မိသားစုတွေလဲပါတယ်"

ဟုပြောလိုက်ရာ အင်စပက်တော်လှမိုးက အဒေါ်ကြီးကို [illegible]ချင်အောင် ပြောဆိုရန် ဆုံးဖြတ်လိုက်ပြီး

"ဒေါ်လှရင်ကြီးက အဒေါ်ကို ကြွားဝါပြီးပြောခဲ့တာ မဖြစ်နိုင် ဘူးလား"

ဟုမေးမြန်းလိုက်၏။ ထိုအခါ အဒေါ်ကြီးက အင်စပက်တော်[illegible]က မကျေမချမ်းကြည့်၍

""ဒီမှာမောင်ရင်၊ မောင်ရင်ပုလိပ်အရာရှိကြီး လုပ်ပြီး သူတစ်ပါးကိုမတရားမပြောပါနဲ့၊ လျှို့ဝှက်ချက်တစ်ခုကို ပြောပြဦးမယ်၊ ရန်ကုန်မြို့က ဓါတ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေးမကြီးဖြစ်နေတဲ့ သူ့ရဲ့သား



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကိုတောင် ရောင်းပေးခဲ့ဖူးတယ်”

ဟုပြောလေရာ အင်စပက်တော်လှမိုးက မယုံကြည်ဟန်ဖြင့်

“မဖြစ်နိုင်တာဗျာ၊ ဓါတ်ရှင်ပိုင်ရှင် သူဌေးမကြီးက သူ့သားကို သူကိုယ်တိုင်မွေးမှာပေါ့၊ ဘာဖြစ်လို့ ရောင်းစားရမှာလဲ”

ဟုမခံချင်အောင်ပြောဆိုလိုက်ရာ အဒေါ်ကြီးက အင်စပက်တော်လှမိုးကို မကျေမချမ်းဖြင့်

“ဒီမှာသူဌေးမတွေလဲ အဖေမပေါ်ဘဲ ကလေးမွေးနိုင်တာပဲ၊ အဲဒီလိုသူဌေးမတွေက ပိုပြီးတော့ အဖေမပေါ်တဲ့ ကလေးတွေ မွေးနိုင်သေးတယ်၊ အဲဒီသူဌေးမရဲ့သားကိုဝယ်သွားတဲ့ သူကလဲ နယ်နယ်ရရ မဟုတ်ဘူး၊ ယဇ်မျိုးအင်စပက်တော် အရာရှိကြီး လင်မယားတဲ့၊ သူတို့လင်မယားကလဲ ကလေးမရလို့ ကလေးရှူးရှူးနေတာ၊ ဒီအကြောင်းတွေကို အစ်မလှရင်ကခဏခဏပြောပြလို့အလွတ်တောင်ရနေပြီ”

ဟုပြောလေရာ အင်စပက်တော်လှမိုးသည် အလွန်စိတ်လှုပ်ရှားသွားပြီး

“ယဇ်မျိုးအင်စပက်တော်လင်မယားက





မွေးစားဖို့ ဝယ်သွားတယ်ဟုတ်လား၊ ဒါဆိုရင်ဓာတ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေးမဖြစ်နေတဲ့ သူကဘယ်သူလဲ၊ ဓါတ်ရှင်ကုမ္ပဏီနံမည်က ဘယ်လိုလဲ”

ဟုမေးမြန်းလေ၏။ သို့သော် အဒေါ်ကြီးက ခေါင်းကို ခါယမ်း၍

“ဓါတ်ရှင်ကုမ္ပဏီနာမည်ကို အစ်မကြီးပြောဖူးပါတယ်၊ ဒါပေမဲ့ ဘယ်ကုမ္ပဏီလဲဆိုတာ မမှတ်မိတော့ဘူး၊ ကုမ္ပဏီပိုင်ရှင် မိန်းမနာမည်ကိုလဲ မမှတ်မိတော့ဘူး၊ လုပ်ကြံပြောနေတာ မဟုတ် ဘူးနော်”

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက အဒေါ်ကြီးကို မျက်နှာကြည့်၍

“အဒေါ်ကြီးအမှန်တွေပြောနေတယ်ဆိုတာ ယုံကြည်ပါတယ်၊ ဒေါ်လှရင်ဆိုတဲ့ အဖွားကြီးဟာ ကလေးတွေကိုအကြီးအကျယ် ပွဲစားလုပ်ပြီးရောင်းဝယ်ခဲ့ပုံရတယ်၊ ဒါကြောင့်လဲ ပုလိပ်အဖမ်းခံရတာပါ”

ဟုဆိုလိုက်ရာ အဒေါ်ကြီးသည် ကျေနပ်ဟန်ဖြင့် ငြိမ်သက်သွားလေ၏။ အင်စပက်တော် လှမိုးသည် ဒေါ်လှရင်၏ အိမ်ကို အသေးစိတ်ဆက်လက်ရှာဖွေလေ၏။

ဒေါ်လှရင်၏ ဗီရိုကြီးကို မွှေနှောက် ရှာဖွေသောအခါ အံဆွဲ



www.burmeseclassic.com

www.burmeseclassic.com

တစ်လုံး၏အောက်ဆုံး၌ ဟောင်းနွမ်းနေသော အညိုရောင်မှတ်စု စာအုပ်ကလေး တစ်အုပ်ကို တွေ့ရှိရ၏။ အင်စပက်တော်လှမိုးသည် မှတ်စုစာအုပ်ကလေးကို ဖတ်ကြည့်ရာ အကြွေးစာရင်းများနှင့် စာရင်း အတိုအထွာများကို မှတ်သားထားကြောင်း တွေ့ရ၏။ အချို့သော အကြောင်းအရာများကို အတိုကောက်ရေးသားထား၏။ အင်စပက် တော်လှမိုးသည် ထိုစာအုပ်ကလေးကို အသေးစိတ် ဖတ်ရှု သိမ်းဆည်းလိုက်လေ၏။

ထိုနောက် ဝန်ထောက်ဦးဘကျော်ထံသို့ အမှုအခြေအနေ အသေး စိတ်အစီအရင်ခံလိုက်လေ၏။ ဝန်ထောက်ဦးဘကျော် အင်စပက်တော်လှမိုး၏စကားကို သေချာစွာနားထောင်၍

"မောင်ရင်လိုက်စရာရှိတာကို အဆုံးထိ
လိုက်ပေတော့၊ လိုအပ်ရင် ပုလိပ်မင်းကြီးနှင့်တွေ့ပြီး
ကျုပ်အစီရင်ခံလိုက်မယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် အမှု၏အ သတ်သို့တဖြည်းဖြည်း နီးကပ်လာသလိုခံစားရ၏။ နောက်ဆုံး၌ သတ်မှုများ ၏ တရားခံ တရားခံတာတီးကို လက်ရဖမ်းစီးရပေတော့ မည်။ ထိုရက်များအတွင်း အင်စပက်တော်လှမိုးသည် နီလာမြိုင် မျက်နှာကို မကြာခဏမြင်ယောင်နေမိ၏။

* * *





တာတီးသည် ဒေါ်လှရင်နှင့်တွေ့ဆုံပြီးမှ သူ၏စိတ္တဇများ ပိုမို၍ ပြင်းထန်လာ၏။ မိမိကိုရက်ရက်စက်စက်ထားရစ်ခဲ့သော အမေ အရင်းဆိုတာကို သိလိုက်ရလေ၏။

"ရက်စက်လိုက်တာ အမေရယ်၊ ကျွန်တော်
လိုမွေးကင်းစ ကလေးငယ်မှာ ဘာအပြစ်ရှိလို့ သူ
တစ်ပါးလက်မှာထားခဲ့တာလဲ၊ ကျွန်တော်ဟာ
တိရစ္ဆာန်တစ်ကောင် မဟုတ်ပါဘူးအမေ၊ ကျွန်
တော်ဟာ လူသားတစ်ယောက်ပါ၊ လူသားတစ်
ယောက် ကြီးထွားဖွံ့ဖြိုးဖို့အတွက် မိခင်မေတ္တာ
အစစ်အမှန်လိုအပ်တယ်ဆိုတာ အမေမသိဘူး
လား။ အမေတစ်ကိုယ်ကောင်းဆန်ပြီး ကျွန် တော်ကို
ပစ်ထားခဲ့လို့ ကျွန်တော်ဘဝမှာဘယ်လောက်
နာကြည်းကြေကွဲခဲ့ရသလဲ၊ ကျွန်တော် ငယ်စဉ်ဘဝ
တစ်လျှောက်လုံးအနှိမ်ခံခဲ့ရတယ်၊ ကျွန်တော့်ကို
မွေးစားတဲ့အဘိုးကြီးအဘွားကြီးက ကျွန်တော်ကို
ဘယ်တော့မှ အကောင်းမပြောဘူး။ အသုံးမကျတဲ့
ကောင် မိန်းမထဘီနားခိုစားမဲ့ကောင် လို့ပဲပြော
ကြတယ်။ သူတို့ပတ်ဝန်းကျင်မှာ ဖြစ်သမျှပြဿနာ
အားလုံးဟာ ကျွန်တော်အပြစ်လို့ ပုံချကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငယ်စဉ်တုန်းက အဘွားကြီးရဲ့ ကျွဲရိုက်နွားရိုက်ရိုက်တာကို နေ့တိုင်းခံနေရတယ်၊ တစ်ခါတလေ ကျွန်တော်ကို အိမ်မှာရိုက်ရုံမကဘူး၊ ကျောင်းအထိတောင် လိုက်ရိုက်ပြီး အရှက်ခွဲဖို့ကြိုးစားခဲ့တယ်၊ လူတွေ အားလုံးဟာ ကျွန်တော်ကို လှောင်ပြောင်ကြတယ်၊ သနားစရာသတ္တဝါတစ်ကောင်လိုကြည့်ကြတယ်၊ ကျွန်တော်ဘယ်သူနဲ့မှ အပေါင်းအသင်းမလုပ်ရဲတော့ဘူး၊ အထီးကျန်နေထိုင်ရတဲ့ဘဝက ရင်နာစရာကောင်းလွန်းပါတယ်၊ မြို့ပေါ်မှာ ဘုရားပွဲလုပ်တဲ့ညမှာ အိမ်က ခိုးထွက်ပြီး ပွဲခင်းထဲမှာ ပျော်ဖို့ကြိုးစားကြည့်တယ်၊ ဒါပေမယ့် လူတွေနဲ့ ကျွန် တော်မသက်ဆိုင်သလို ခံစားရတယ်၊ ဒါတွေအားလုံးဟာ အမေကြောင့်ပါ၊ အမေရဲ့ တစ်ကိုယ်ကောင်းဆန်မှုကြောင့်ပေါ့၊ အမေနဲ့တွေ့ရင်ဘာလို့ ဒီလိုလုပ်ရတာလဲလို့ ကျွန်တော်မေးမယ်နော်၊ အမေ မှန်မှန်ဖြေပါ၊ ကျွန်တော်ကိုမလိမ်ပါနဲ့၊ မုသားတွေမသုံးပါနဲ့၊ နီလာမြိုင်လိုမိန်းမကတော့ ကျွန်တော်ကို လိမ်တယ်၊ ညာတယ်၊ အဘိုးကြီးအဘွားကြီးနှင့်အတူ ကျွန်တော်ကို လှောင်ပြောင်





တယ်၊ ဒါကြောင့် သူတို့ရဲ့ နောက်ဆုံးခရီးကို ကျွန်တော်ကိုယ်တိုင် ပို့ပေးလိုက်ရပဲ"

တာတီးသည်တစ်ကိုယ်တည်းပြောချင်ရာပြောရင်း မီးရထားနှင့်လိုက်ပါလာ၏။ မီးရထားလက်မှတ်ဝယ်ပြီး ပေါ်ပေါ်တင်တင်လိုက်ခြင်းမဟုတ်ဘဲ သစ်လုံးတင်သောတွဲများမှ ခိုး၍လိုက်ပါလာခြင်းဖြစ်၏။

သူသည်သဘာဝတရား၏ တမာန်တော်ဖြစ်သည့်အချိန်မှ စ၍လူ့ပတ်ဝန်းကျင်မှ စည်းကမ်းများကို လိုက်နာခြင်းမရှိတော့။ ထိုစည်းကမ်းများကိုလည်း ယုံကြည်ခြင်းမရှိတော့ချေ။

တာတီးသည် မီးရထားပေါ်တွင် လိုက်ပါရင်း နီလာမြိုင်၏မျက်နှာကို မြင်ယောင်နေမိ၏။ နီလာမြိုင်သည် အလွန်ချောမောလှပသဖြင့် မိမိအသက်တမျှ ချစ်မြတ်နိုးခဲ့ရ၏။ နီလာမြိုင်သည် မိမိတွေ့ဖူးသမျှ လူများထဲတွင် ထူခြားစွာမိမိကို အကောင်းမြင်တတ်သူဖြစ်၏။ မိမိရုပ်ရည်ကို ယောက်ျားပီသပြီး ဆွဲဆောင်မှုရှိသည်ဟုပြောဖူး၏။

နီလာမြိုင်သည် မိမိအလုပ်အကိုင်ရှာဖွေနေချိန်၌ စိတ်ဓာတ်ကျေအောင် ပြောခဲ့၏။ တနေ့တွင် နီလာမြိုင်က

"ရှင့်မိဘတွေက ကျွန်မနဲ့လက်ထပ်ဖို့သဘောတူပုံမလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ တာတီးသည် ရုတ်တရုတ် ထိတ်လန့်တုန်လှု
သွား၏။ တာတီးသည် နီလာမြိုင်ကို မဝံ့မရဲကြည့်၍

"မစောလွန်းဘူးလားကွာ"

ဟုပြောလိုက်လေ၏။ ထိုအခါ နီလာမြိုင်က

"နောက်တောင်ကျနေပြီ၊ ရှင်နဲ့ကျွန်မ မကြာမီပဲ ယူတော့မှာပဲ၊ ရှင့်မိဘတွေက ကျွန်မ အပေါ်ဘယ်လိုသဘောထားလဲဆိုတာ ကျွန်မသိချင်တယ်"

ဟုပြောလိုက်ရာ တာတီးသည် မိဘများ၏ မျက်နှာများကို မြ
မိပြီး အလွန်တုပ်လှုပ်သွားမိ၏။ သူ၏မိဘများသည် မြို့ပေါ်ရှိ မိန်း
များကို ဘယ်တော့အခါမျှ အကောင်းမြင်သူမဟုတ်၊ အဘိုးကြီး
မိန်းမများကိုကြည့်၍

"ဒီမြို့က မိန်းကလေးတွေ တစ်ယောက်မှ အဆင့်အတန်း မရှိဘူး"

ဟုဝေဖန်လေ့ရှိ၏။ အဘွားကြီးကလည်း

"ဒီမြို့မှာ မိန်းမကောင်းမရှိဘူး၊ ရှိသမျှမိန်းမတွေ အားလုံး မိန်းမရှုပ်တွေချည်းပဲ"

ဟုမှတ်ချက်ချလေ့ရှိ၏။

အဘိုးကြီးအဘွားကြီးသည် မိမိကိုဘယ်သောအခါမျှ အကော





ကြည့်သူမဟုတ်၊ ဤအခြေအနေ၌ နီလာမြိုင်ကို မည်သည့် နည်းဖြင့်
ခေါ်ဆောင်ရမည်နည်း။ သို့သော် နီလာမြိုင်သည် မကြာမီ မိမိလက်
ထပ်ယူမည့် မိန်းမဖြစ်သည့်အတွက် အဘိုးကြီးအဘွားကြီး သိသင့်
သည်ထင်၏။ မိမိကို အကောင်းမမြင်သော အဘွားကြီးသည်
နီလာမြိုင်ကိုလည်း အကောင်းမြင်မည်မဟုတ်၊ နီလာမြိုင်ကို အော်
ငေါက်ဆဲဆိုပြီး အိမ်ပေါ်က မောင်းချနိုင်၏။ ထို့ကြောင့် နီလာမြိုင်ကို
အိမ်သို့ခေါ်ရမည့် အရေးကို တစ်ရက်ပြီးတစ်ရက် နောက်သို့ရွှေ့ရခဲ့၏။
ထိုအခြင်းအရာကို နီလာမြိုင်ရိပ်စားမိသောအခါ ဒေါသပုန်ထ၍

"ရှင်ကျွန်မကို လှည့်စားနေတာလား။ ရှင့်အိမ်ကို ကျွန်မကို မခေါ်ဘူးဆိုတော့ ရှင်ကျွန်မကို လက်မထပ်ဘဲ အပျော်တွဲနေတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ ဒါဆိုရင် ကျွန်မအငြိမ့်လောကထဲ ပြန်ဝင်လိုက်တော့မယ်"

ဟုခြိမ်းခြောက်လေ၏။ နီလာမြိုင် အငြိမ့်လောကထဲဝင်မှာ
သူအရမ်းကြောက်လေ၏။ ဒီတစ်ကြိမ် အငြိမ့်လောကထဲသို့ ပြန်
ရောက်လျှင် မိမိတို့နှစ်ယောက် ဝေးမှာသေချာလေ၏။

ထို့ကြောင့် နီလာမြိုင်ကို မိဘများနှင့် တွေ့ဆုံရန် ကတိပြု
လိုက်လေ၏။ နီလာမြိုင်က လာမည့်စနေနေ့တွင် တွေ့ဆုံမည်ဟု နေ့ရက်
သတ်မှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ သူသည် ညစဉ်အိပ်မပျော်ဘဲ နီလာမြိုင်၏ အဘိုးကြီးအဘွားကြီးတွေ့မည့်အရေးကို တွေး၍ ထိတ်လန့်တုန်လှုပ် နေမိ၏။

စနေနေ့သို့ရောက်သောအခါ နီလာမြိုင်သည် အထက်အောက် အနီရောင်ဝမ်းဆက်ဝတ်ဆင်၍ ခေါင်း၌ အနီရောင်နှင်းဆီပွင့်ကြီး ပန်လေ၏။ အနီရောင်ကို သူအလွန်မုန်း၏။ အနီရောင်သည် မိ အတွက် နိမိတ်မကောင်းဟု ယူဆ၏။

နီလာမြိုင်က တာကီး၏ရှေ့တွင် ကိုယ်ကိုလှည့်ပတ်ပြ၍

"ဘယ်လိုလဲ ကျွန်မ ကြည့်ကောင်းတယ် မဟုတ်လား"

ဟုမေးမြန်းလေရာ တာတီးက စိတ်မပါတစ်ပါဖြင့် ခေါင်းညိတ် ပြလိုက်၏။

ထိုနေ့က နီလာမြိုင်သည် အလှဆုံးဖြစ်အောင်ပြင်ဆင်ထား သဖြင့် သူမကိုယ်သူမ ယုံကြည်မှုကြီးစွာရှိလေ၏။

အဘွားကြီးက မြို့ပေါ်ရှိ မိန်းကလေးများကို မြင်တိုင်း

"ဒီမြို့က မိန်းကလေးတိုင်းဟာ ယောကျ်ား တွေကို မြူဆွယ်နေတယ်"

ဟုပြောဆိုတတ်၏။

နီလာမြိုင်က သူမ၏နှုတ်ခမ်းကို ရဲတွတ်နေအောင် ဆိုးလိုက်ပြီ





"ကျွန်မတို့ နောက်ကျနေပြီထင်တယ်"

ဟုဆိုလိုက်ရာ တာတီးက အေးတိအေးစက်ဖြင့်

"အချိန်ကအရေးမကြီးပါဘူး"

ဟုဆိုလိုက်၏။

နီလာမြိုင်က တာတီး၏မျက်နှာကို မသင်္ကာဟန်ဖြင့်ကြည့်၍

"ရှင့်ကြည့်ရတာ တက်တက်ကြွကြွမရှိဘူး။ ရှင့်မိဘတွေက ကျွန်မနဲ့ သဘောမတူဘူးထင် လို့လား"

ဟုမေးမြန်းလေ၏။ တာတီးက မသိမသာသက်ပြင်းချ၍

"သဘောတူမှာပါ၊ လာ... ငါတို့သွားကြရ အောင်၊ ဟိုရောက်ရင် ကံကောင်းနိုင်ပါတယ်"

ဟုပြောပြီး နီလာမြိုင်ကို အိမ်သို့ခေါ်ဆောင်လာခဲ့လေ၏။

တစ်လမ်းလုံး သူ၏ရင်ခုန်နှုန်းများ မြန်ဆန်နေ၏။ စိတ်လှုပ်ရှားလွန်းသောကြောင့် သူ၏လက်ဖဝါး၌ ချွေးများ စို့နေလေ၏။

အိမ်နှင့် နီးကပ်လာသောအခါ သူ၏ခြေလှမ်းများပိုမိုလေး တန်လာပြီး ယိမ်းယိုင်လဲလုမတတ်ဖြစ်နေ၏။

နီလာမြိုင်ကမူ အဘိုးကြီး အဘွားကြီးနှင့်တွေ့ဆုံရန် လှုပ်ရှားစွာ စိတ် ဓာတ်တက်ကြွနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တာတီး၏အမူအရာကို အားမလို အားမရဟန်ဖြင့်ကြည့်၍

"ရှင်ဘာဖြစ်လို့ ဒီလောက်တောင် ထူထုံ

ထိုင်းတဲ့ပုံစံဖြစ်နေတာလဲ"

ဟုဆိုလိုက်ရာ တာတီးသည် ထိုစကားကို မခံမရပ်နိုင်ဖြစ်၍

လေသံမာမာဖြင့်

"မင်း ငါ့ကို ဘယ်တော့မှ ထူထုံထိုင်းတဲ့

ကောင်လို့ မပြောနဲ့၊ ဒီစကားကြောင့် ငါ့ရင်တွေ

နာခဲ့ရတာကွ"

ဟုဆိုလိုက်၏။

နီလာမြိုင်က အံ့လေးထားဟန်မရှိဘဲ

"ရှင့်မိဘတွေ ကျွန်မကို သဘောကျပါ့

မလားမသိဘူး။ သူတို့ ကြိုက်အောင်တော့ အတတ်

နိုင်ဆုံးကြိုးစားရမယ်"

ဟုပြောလေ၏။

တာတီးသည် နီလာမြိုင်၏ ထူထုံထိုင်းဆိုသော စကားကို သာ

မကျေမနပ်ဖြစ်နေမိ၏။

ထူထုံထိုင်းဆိုသောစကားကို အဘွားကြီး အမြဲသုံးလေ့ရှိ၏

သူ့ဘဝတစ်လျှောက်လုံး ထိုစကားကြောင့် နာကျင်ခဲ့ရ၏။

ယခုလည်း နီလာမြိုင်က ထိုစကားကို ပြောပြန်ပြီ။





မကြာမီ သူတို့နှစ်ယောက် အိမ်ရှေ့သို့ရောက်ရှိသွားလေ၏။

တာတီးသည် ခေါင်းငိုက်စိုက်ချ၍ အိမ်ထဲသို့ ဦးဆောင်ပြီး ဝင်ခဲ့၏။

အိမ်၏ဧည့်ခန်းထဲ၌ အဘိုးကြီး အဘွားကြီးကို ဆိုက်ဆိုက် မြိုက်မြိုက်

တွေ့ရ၏။

အဘိုးကြီးက ဓာတ်ပြားတစ်ချပ်ကို ဓာတ်စက်မှာတင်၍ ဖွင့်

ရန်ကြိုးစားနေ၏။

အဘွားကြီးက တာတီးအနောက်မှ လိုက်ပါလာသော နီလာမြိုင်

ကို မလိုလားဟန်ဖြင့် ကြည့်လိုက်၏။

အဘွားကြီးက တာတီးကို မျက်မှောက်ကြုတ်ကြည့်၍

"ဒီကောင်မက ဘယ်သူလဲ"

ဟုမေးမြန်းလိုက်ရာ တာတီးက အသံတုန်တုန်ယင်ယင်ဖြင့်

"ကျုပ်ချစ်သူပါ အမေ၊ ကျုပ်နဲ့လက်ထပ်မဲ့

မိန်းကလေးပါ"

ဟုပြောလိုက်ရာ အဘွားကြီးသည် အကြီးအကျယ်ပေါက်ကွဲ

လေ၏။

"ဘာ...နင်က မိန်းမယူတော့မယ်ဟုတ်လား။

နင့်ကို ငါတို့ ကျွေးမွေးပြုစုခဲ့တဲ့အတွက် နင်က ကျေး

ဇူးပြန်ဆပ်လိုက်တာပေါ့လေ၊ နင် ဘာအလုပ်အကိုင်

ရှိလို့ မိန်းမယူရမှာလဲ ငတုံး အကောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ရာ တာတီးသည် ခေါင်းထဲတွင် ရိပ်ခနဲ မူးဝေသွားလေ၏။ ထိုအခါ နီလာမြိုင်က ပြုံးရွှင်သောမျက်နှာဖြင့်

"ကျွန်မ သူ့ကိုအလုပ်ရှာနိုင်းထားပါတယ် အမေ"

ဟုပြောဆိုလိုက်လေ၏။

အဘွားကြီးသည် နီလာမြိုင်ကို မျက်နှာမဲ့၍ကြည့်လိုက်ပြီး

"ညည်းငါ့ကို အမေလို့မခေါ်နဲ့၊ ညည်းမို့လို့ ဒီလို တုံးအေ ကောင်ကို လင်လုပ်ဖို့ကြိုးစားတယ်၊ ဒီကောင်ဟာ အဖြစ်ရှိတာ မဟုတ်ဘူး။ မိန်းမထဘီ နားခိုစားမဲ့ကောင်ဆိုတာ မသိဘူးလား"

ဟုပြောလိုက်လေ၏။ နီလာမြိုင်သည် အဘွားကြီး အကြိုက် လိုက် ပြောရန် ဆုံးဖြတ်လိုက်ပုံရ၏။ ထိုကြောင့် အဘွားကြီး၏ စကားကို ခေါင်းညိတ်ထောက်ခံ၍

"ဟုတ်ပါတယ်အမေရယ်၊ ကျွန်မလဲသူ့ကို တုံးအေဆိုတာ သိပါတယ်"

ဟုပြောလိုက်ရာ တာတီး၏ခေါင်းထဲတွင် မိုက်ခနဲဖြစ် သွားလေ၏။ အဘွားကြီးသည် နီလာမြိုင်ကို အနည်းငယ် သဘောကျသွားပြီး

"ဒီကောင်ဟာ ငါတို့အိမ်ရဲ့ အမှိုက်သရိုက် ကောင်ဟဲ့၊ သူ့ကိုမွေးတဲ့နေ့ကစပြီး ဂြိုလ်ဆိုးဝင်



တော့တာပဲ၊ ဒီအရွယ်အထိ ဘာမှအားမကိုးရဘူး၊ ကျောင်းပညာလဲ ရှစ်တန်းတောင်မအောင်ဘူး၊ သူ့လိုလူက မိန်းမတစ်ယောက်ကို ရှာဖွေကျွေးနိုင် မယ်ထင်လို့လား"

ဟုမေးမြန်းလိုက်ရာ နီလာမြိုင်ကဝင်ရောက်၍

"လုံးဝမထင်ပါဘူးအမေရယ်၊ ကျွန်မ လုပ်စာကို ထိုင်စားမယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ဒီလိုတုံးမျိုးကိုမှ ကျွန်မကကြိုက်နေမိတာကိုး၊ ဘယ်တတ်နိုင်ပါ့မလဲ၊ အမေနှင့်ကျွန်မနှစ်ယောက် ပေါင်းပြီး သူ့ကိုဝိုင်းပြစ်လိုက်ရင် တုံးဘဝက ကျွတ် မှာ သေချာတယ်"

ဟုပြောလေ၏။ နီလာမြိုင်၏ စကားများသည်တာတီး၏ နားထဲသို့ချည်ပွန်နှင့် လောင်းလိုက်သည့်အလားခံစားရ၏။ ထိုစကားများသည် အဘွားကြီးတစ်သက်လုံးပြောလာခဲ့သော စကားများဖြစ်၏။ အဘွားကြီး သူ့ကို ပြစ်တင်ရှုံ့ချသော စကားများ ပြောနေချိန်၌ နီလာမြိုင်ကပါ တ်ရောကိုယ်ပါ ဝင်ရောက်ထောက်ခံနေ၏။ ရက်စက်လိုက်တာ နီလာမြိုင်ရယ်၊ နင်ငါ့ကိုသစ္စာဖောက်သွားပြီပေါ့။ ငါအခင်မတန်မုန်းတဲ့ တုံးအေဆိုတဲ့စကားကို နင့်နှုတ်ခမ်းက ထွက်နေပြီပေါ့၊ ငါ့နားကိုတောင် မယုံနိုင်ဘူး လူယုတ်မာမ။



www.burmeseclassic.com

www.burmeseclassic.com

တာတီးသည် မိမိကို ပြစ်တင်ရှုံ့ချသော စကားများကြော ရင်ထဲတွင် ဗလောင်ဆူလာ၏။ သွေးများပွက်ပွက်ဆူလာသယော ခံစားရလေ၏။ မျက်လုံးထဲတွင် တဖြည်းဖြည်းပြာဝေလာ၏။ နီလာမြို သည် အဘွားကြီးနှင့်ရောနှော၍ မိမိကိုသရော်လှောင်ပြောင်နေ အဘိုးကြီးကပါ ဝင်ရောက်ပြီးနှိမ့်ချပြောဆိုနေ၏။ ယမ်းမှိုး အင်စယ တော်ဘဝ၌ တာတီးကို မွေးစားလိုက်သော လှိုဏ်ချက်ကို အဘိုးကြ က ဖွင့်ချလိုက်၏။

"ဒီကောင်ဟာ မျိုးမစစ်တဲ့ကောင်၊ သူ့အမေ

အရင်းဟာ အဖေ မပေါ်ဘဲမွေးခဲ့တာကွ"

ဟုဆိုလိုက်ရာ သူ့ကိုအားလုံး ခွက်ထိုးခွက်လန်ဖြင့် ဝိုင်းဝန်းရယ မောကြလေ၏။ မိမိကို လှောင်ပြောင်သရော်နေသူများထဲတွင် မိမိ အချစ်ဆုံးနီလာမြိုင်ပါနေ၏။ ထိုအရာသည် အဆိုးဝါးဆုံးဖြစ် နီလာမြိုင်က သူ့ကို လက်ညှိုးငေါက် ငေါက်ထိုး၍

"ဪ...သူကမွေးစားသားလား၊ ဒီ

အကြောင်းတွေကို ကျွန်မကို ဘယ်တော့မှမပြော

မပြဘူး"

ဟုဆိုလိုက်ရာ အဘွားကြီးက

"ဒီကောင်က အမြဲတမ်းလူတွေကို လိမ်ညာ

ရမှ ထမင်းစားဝင်တဲ့ကောင်ပဲ"





ဟုပြစ်တင်ရှုတ်ချလေ၏။ နီလာမြိုင်က သဘောကျတာနဲဖြင့် တက်ဟက်ပက်ပက်ရယ်မောနေလေ၏။

နီလာမြိုင် မင်းငါ့ကို လှောင်ပြောင်ရက်တယ်နော်၊ မင်းငါ့ကို သိပ် အားကိုးတယ်ဆို၊ ငါဟာယောကျ်ားပီသတဲ့ ကောင်ဆို၊ အခုတော့ ငါဟာ မလျာဖြစ်သွားပြီလား။ ထိုစကားလုံးများသည် နီလာမြိုင် မိမိကို လိမ်ညာပြောဆိုခြင်းလည်းဖြစ်နိုင်၏။

နီလာမြိုင်သည် မိမိကို ဝိဝိရိရိလှည့်စားရက်တာပါလား။ ထိုသို့ တွေးရင်း နာကြည်းကြွေကွဲစိတ်မှ ဒေါသစိတ်အဖြစ်ပြောင်းလဲသွား သ၏။ နီလာမြိုင်သည် အဘိုးကြီးအဘွားကြီးနှင့်ပေါင်းပြီး မိမိကို ချပြောဆိုရန်ကြိုတင်အကွက်ချထားခြင်းပေလော၊ ရေကလူက တော့ ပြာမှုကိုကြောက်မှာမဟုတ်၊ တာတီးသည် လှောင်ပြောင်ရယ်မော သူများကို ကြည့်၍ နောက်ဆုံးအနေဖြင့် ကြိုးစားကြည့်လိုက်၏။

"အမေ မလှောင်ပါနဲ့ဗျာ၊ ကျွန်တော်တို့နှစ်

ယောက် လက်ထပ်ကြမလို့ဗျ"

ဟုဆိုလိုက်ရာ အဘိုးကြီးက ဝင်ရောက်၍

"ဟေ့ကောင်၊ မင်းပိုက်ဆံဘယ်နှစ်ပြားရှာ

နိုင်လို့ လက်ထပ်မှာလဲ၊ မိန်းမတစ်ယောက်ကို

ယူတယ်ဆိုတာ လွယ်တယ်များ မှတ်လို့လား၊

အရည်အချင်းမရှိဘဲ နန့်ကြောထချင်ရင် မိန်းမရှင်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဆီသွားပါလား"

ဟုဆိုလိုက်ရာ သူတို့အားလုံး သဘောကျဟန်ဖြင့် ဝိုင်း ရယ်မောကြလေ၏။ မိမိကို လူသားစစ်စစ်ဟု အသိအမှတ်ပြုပါရုံ နီလာမြိုင်က ဝင်ရောက်၍

"အမေနဲ့အဖေ ဘာပဲဖြစ်ဖြစ် ဒီငတုံးကောင်ကို ကျွန်မထိန်းနိုင်ပါတယ်၊ သူ့ငတုံးဘဝက ကျွတ်လွတ်အောင် ပြုပြင်နိုင်ပါတယ်"

ဟုဆိုလိုက်ရာအဘွားကြီးက ဝင်ရောက်၍

"ငါတို့တစ်သက်လုံးပြုပြင်လို့မရတာ နင်လုပ်လို့ရောရမှာလား၊ ဒီကောင်ဟာမျိုးမစစ်တဲ့ကောင်၊ အလုပ်ကိုလက်ကြောတင်း အောင်မလုပ်ချင်ဘဲနန့်ကြောထချင်တယ်၊ ဒီလောက် နန့်ကြောထချင်ရင်......"

ဟု မကြားဝံ့မနာသာများကို ဆက်လက်ပြောဆိုလေ၏။ အဘွား ကြီး၏စကားများသည် ရိုင်းပြလွန်းလှ၏။ စာနာခြင်းလည်း ကင်းမဲ့လှ၏။ ဤသို့ နှိမ့်ချခြင်းများသည် သဘာဝတရား၏ အလိုတော်နှင့် ကိုက်ညီခြင်းမရှိတော့။

"သဘာဝတရားကြီးခင်ဗျား၊ ကျွန်တော်မျိုးအားစွမ်းအင်တွေ ပေးသနားပါ။ သဘာဝတရားကြီး ကိုယ်စား အပြစ်ရှိသူတွေကို အပြစ်ဒဏ်ခတ်ဖို့ တာဝန်ပေးတော်မူပါ"

တာတီးသည် မျက်လုံးစုံမှိတ်၍ လက်အုပ်ချီကာ သဘာဝတရားကြီးမှ စွမ်းအင်များကို တောင်းဆိုနေမိ၏။

အတန်ကြာသောအခါ သဘာဝတရားကြီးက မိမိကို ကိုယ်ခန္ဓာလှယ်ခန့်အပ်လိုက်ကြောင်း အကြောင်းကြောင်း သံကြားလိုက်ရ၏။ ထိုအခါ သူ၏ကိုယ်ခန္ဓာအတွင်းသို့ မမြင်ရသော စွမ်းအင်များတရှိန်ထိုး ဝင်ရောက်လာ၏။

မိမိကိုလှောင်ပြောင်နေသူများသည် သဘာဝကိုဆန့်ကျင်သော သတ္တဝါများ ဖြစ်၏။ ထိုသတ္တဝါများကို မိမိရှင်းပစ်ရလေတော့မည်။

တာတီး၏ ကိုယ်ခန္ဓာမှ စိတ္တဇသည် အမြင့်ဆုံးအခြေအနေသို့ ရောက်ရောက်သွားလေ၏။

သူဘာတွေလုပ်လိုက်မှန်း မိမိကိုယ်ပင် မသိအောင် မြန်ဆန် လှ၏။

အဘိုးကြီးနှင့်အဘွားကြီး သွေးအိုင်ထဲတွင် လဲကျသွား၏။

နီလာမြိုင်သည် အသံကုန်အော်ဟစ်၍ အိမ်ထဲမှပြေးထွက်ရန် ကြိုးစား၏။

သို့သော် သဘာဝတရားကြီးပေးအပ်သော စွမ်းအင်သည် နီလာ မြိုင်ထက် များစွာမြန်ဆန်လေ၏။




မြနှင်းဆီစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်းဝမှာသူမကိုမြင်ပြီး နောက်ကျောကို ဓားဖြင့်စိုက်ချလိုက်

သဘာဝတရား၏ ကိုယ်စားတာဝန်ကို ထမ်းဆောင်ပြီး သောအ… သူ၏လက်ထဲရှိ ရှမ်းဓားမြှောင်လေးတွင် သွေးများ ချင်းချင်းနီနေ၏

တာတီးသည် သွေးအိုင်ထဲတွင် လဲကျနေသူများကိုကြည့်… ရှိုက်ကြီးတငင်ငင်ငိုကြွေးနေမိ၏။

အတန်ကြာအောင် ငိုကြွေးပြီးသောအခါ အဘိုးကြီး၏ မီး… သေတ္တာသော့ကိုယူ၍ သော့ဖွင့်လိုက်၏။

မီးခံသေတ္တာထဲတွင် စာချုပ်တစ်စုံရှိ၏။ ထိုစာချုပ်ထဲတွင် သူ… ၏ ဖြစ်တည်မှုတစ်ခုရှိ၏။

တာတီးသည် စာချုပ်ကိုသေချာစွာဖတ်ရှုပြီး မှတ်သားကာ ပါး… ထဲသို့ထည့်၍ ဝါးစားလိုက်၏။

ပြီးနောက် အိမ်ထဲမှ ထွက်ခဲ့လေ၏။

ရဲကလူ ပြာပွက်ကိုလုံးဝမကြောက်ဘူး။

☼ ☼ ☼

ယနေ့ ပဲရစ်ကုမ္ပဏီ၏ မင်းသားရွေးပွဲရှိသဖြင့် ကုမ္ပဏီပိုင်… ဒေါ်စိန်ဆင့်သည် အိပ်ရာမှအစောကြီးနိုးနေလေ၏။





ခဏကြာလျှင် အိပ်ရာထဲမှထ၍ ရေချိုးခန်းသို့ဝင်၍ ကိုယ် …လက်သန့်စင်လေ၏။

ပြီးနောက် ရေချိုးခန်းထဲမှထွက်ကာ စားပွဲပေါ်ရှိ မင်းသားသစ် …လျှောက်လွှာဖိုင်ကြီးကိုယူလိုက်၏။

ဖိုင်ထဲတွင် လျှောက်လွှာတင်ထားသော မင်းသားသစ် ငါး …ဆယ်ကျော်ခန့်ရှိ၏။

ပဲရစ်ကုမ္ပဏီမှ အသစ်ရိုက်မည့် ဇာတ်ကားအတွက် မင်းသား …သစ်တစ်လက် ရှာဖွေခြင်းဖြစ်၏။

ရဲကလူ ပြာပွမကြောက် ဇာတ်ကားသည် အထိုးအကြိတ် …အသတ်အပုတ် သာမက နိုင်ငံထိုးသော အခန်းမြောက်မြားစွာပါရှိ …သဖြင့် မင်းသားသစ်အနေဖြင့် နိုင်ငံကောင်းကောင်းထိုးတတ်ဖို့လို၏။

ထို့ပြင် ယောက်ျားပီသသော မင်းသားတစ်ယောက်ဖြစ်ဖို့ လို၏။

ယနေ့ လူတွေ့စစ်ဆေးမည့် မင်းသားများထဲတွင် မိမိတို့လို …ချင်သော အရည်အချင်းရှိသည့် မင်းသားသစ်ရပါစေဟု ဆုတောင်း …မိ၏။

ဒေါ်စိန်ဆင့်သည် မင်းသားသစ်လျှောက်လွှာပေါ်ရှိ ဓာတ်ပုံ များကို …အဓိပ္ပာယ်မဲ့ ကြည့်ရင်း သူမ၏စိတ်သည် လွန်ခဲ့သော အနှစ် နှစ်ဆယ် …ကာလဆီသို့ ရောက်ရှိသွားလေ၏။

ထိုအခါ သူမ၏ရင်ထဲတွင် နာကြင်ကြေကွဲသွားပြီး တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကို မုန်းတီးရွံရှာစိတ်ဖြင့်

"လူယုတ်မာ တဏှာရူး"

ဟုရေရွတ်လိုက်လေ၏။

ထိုသို့ရေရွတ်ရင်း မှန်ထဲတွင်မြင်တွေ့ရသော သူမ၏ပုံရိပ် ကြည့်လိုက်၏။ မှန်ထဲတွင် အသက်လေးဆယ်ဝန်းကျင်ရှိပြီး ချော လှပသော မိန်းမတစ်ယောက်ကိုမြင်တွေ့လိုက်ရ၏။

ဒေါ်စိန်ဆင့်သည် ခုတင်ပေါ်သို့ ပြန်လှဲလိုက်ပြီး နဖူးပေါ် လ တင်ကာ အနှစ်နှစ်ဆယ်ကျော်ကာသို့ ပြန်လည်ရောက်ရှိသွားလေ၏။ ထိုစဉ်က သူမ၏အသက် နှစ်ဆယ်သာရှိသေးပြီး အလွန် ချောမော နေသော အချိန်ဖြစ်၏။

ယောက်ျားအားလုံး သူမကို နှစ်သက်သည်ဟု ထင်မြင်ရသော ကာလဖြစ်၏။ ထိုအချိန်က တွေ့သမျှမြင်သမျှ ယောက်ျားများသည် သူမကိုပြုံးရွှင်စွာဆက်ဆံကြ၏။ သူမကိုအကူအညီပေးမည့်ယောက်ျား ဝိုင်းဝိုင်းလည်နေ၏။

ဒေါ်စိန်ဆင့်ကို ရန်ကုန်မြို့နှင့် လွန်စွာနီးသော ရွာကလေးတစ် ၌ မွေးဖွား၏။ သူမဆယ်ကျော်သက်အရွယ်သို့ရောက်သောအခါ ဆုံးပါးသွားပြီး မိခင်သည် စပါးပွဲစားလူလည်တစ်ယောက်နှင့် နောက် အိမ်ထောင်ထူထောင်၏။

ထိုအခါ စပါးပွဲစားလူလည်သည် မိခင်ကိုသာမက သားအ





ယောက်စလုံးကို သိမ်းပိုက်ချင်သောကြောင့် မိခင်ကို လက်ထပ် ခဲ့ခြင်းဖြစ်၏။

လသာသောညတစ်ညတွင် စပါးပွဲစားလူလည်သည် မစိန်ဆင့် ၏ ကိုယ်ခန္ဓာကို ရယူရန်ကြိုးစား၏။ မစိန်ဆင့်သည် ပထွေးဖြစ်သူကို ရှာစိတ်ဖြင့် အသံကုန်အော်ဟစ်လိုက်၏။ ကာမဘီလူးစီးနေသော ထွေး၏လက်မှလွတ်အောင် ပြတင်းပေါက်မှ ခုန်ဆင်းပြေးခဲ့ရ၏။

ပထွေး၏ ယုတ်မာမှုကို တစ်ရွာလုံးသိရှိသွားသောအခါ မစိန် ဆင့်သည် ရွာမှာမနေချင်တော့ဘဲ ရန်ကုန်မြို့ပေါ်ရှိ သီလရှင်ကျောင်း စ်ကျောင်း၌ ခိုကပ်ပြီး အလုပ်ရှာရန်ကြိုးစား၏။

မစိန်ဆင့် ရှာဖွေသောအလုပ်မှာ ရိုးရိုးအလုပ်မဟုတ်ဘဲ ဓာတ်ရှင် င်းသမီးအလုပ်ဖြစ်၏။

တစ်နေ့ ယူနီဗာဆယ်ဓာတ်ရှင် ကုမ္ပဏီ၌ မင်းသမီး လျှောက် သော မင်းသမီးသစ်များကြားတွင် ထင်းထင်းကြီးလှနေသော သူမ ကို ချယ်ခြင်းခံခဲ့ရ၏။

ထို့နောက် မစိန်ဆင့်ကို သရုပ်ဆောင်အမှုအယာစမ်းသပ် ကြည့် က်ပြီး ဒါရိုက်တာသည် စိတ်ပျက်လက်ပျက်ခေါင်းခါယမ်းလိုက်၏။

မစိန်ဆင့်သည် ရုပ်ရည်အလွန်ချောမောလှပသော်လည်း သရုပ် ဆောင် ညံ့ဖျင်းလွန်းလှ၏။

ထိုအချိန်မှစ၍ မစိန်ဆင့်သည် ဓာတ်ရှင်မင်းသမီးဖြစ်သော်

www.burmeseclassic.com



လည်း ဓာတ်ရှင်လောကသားများ၏ စိတ်ဝင်စားခြင်းခံရ၏။

ဓာတ်ရှင်ဒါရိုက်တာ မောင်ဖေမြင့်သည် မစိန်ဆင့်ကို ဘုံဘေ

ကုမ္ပဏီ၏ ညှော်ခံပွဲတစ်ပွဲသို့ ဖိတ်ကြား၏။ ထိုညှော်ခံပွဲ၌ ဓာတ်ရှင် ထုတ်

လုပ်သူများနှင့်တွေ့ဆုံလျှင် မစိန်ဆင့်ကိုမင်းသမီးဖြစ်နိုင်သည် ဟူ

လည်း မက်လုံးပေး၏။

မစိန်ဆင့်သည် မင်းသမီးဖြစ်လိုဇောဖြင့် ရှိမဲ့စုမဲ့ အဝတ်အစား

လေးများကို ဝတ်ကာ ဒါရိုက်တာ မောင်ဖေမြင့် ချိန်းဆိုရာနေရာသို့

လာခဲ့၏။

ထိုညက မစိန်ဆင့်သည် မည်သည့်ညှော်ခံပွဲသို့မှ မရောက်ဘဲ

ဒါရိုက်တာမောင်ဖေမြင့်၏ သိမ်းပိုက်ခြင်းကိုသာ ခံလိုက်ရ၏။

ဒါရိုက်တာမောင်ဖေမြင့်သည် မစိန်ဆင့်ကို ညှော်ခံပွဲသို့ ခေါ်

မသွားဘဲ မြို့ပြင်သို့ခေါ်ဆောင်သွားလေ၏။

မစိန်ဆင့်သည် မြို့ပြင်သို့ရောက်ရှိသွားသဖြင့် မောင်ဖေမြင့်

"မစိန်ဆင့်ကို ကျုပ်သဘောကျတဲ့အတွက်

ခိုးပြေးတာပဲ"

ဟုပြောလိုက်ရာ မစိန်ဆင့်သည် အလွန်ထိတ်လန့်တုန်လှုပ်ပြီး

အသံကုန်အော်ဟစ်လိုက်၏။

သူမ လင်မယူချင်သေးချေ။ မင်းသမီးမဖြစ်ဖြစ်အောင် လုပ်

မည်ဟု ဆုံးဖြတ်ထားသဖြင့် လင်မယူလိုသေးချေ။



မစိန်ဆင့်က သူမကို ပြန်ပို့ပေးရန် အကြိမ်ကြိမ်အဖန်ဖန် တောင်း

ခံလေ၏။

သို့သော် မောင်ဖေမြင့်က

"မင်း ဘာတွေတွေးနေတာလဲ၊ ကိုယ်က

ဒါရိုက်တာလေ၊ ဒါရိုက်တာကို ယူလိုက်ရင် မင်းသမီး

ဖြစ်ပြီပေါ့၊ ဒါအမြန်ဆုံး မင်းသမီးဖြစ်တဲ့နည်းပဲ၊

မင်းသမီးဖြစ်ချင်ရင် ကိုယ့်ကိုသာ ယူလိုက်ပါ။ မင်း

သမီး ဖြစ်ရုံမကဘူး အိမ်ထောင်ရေးအရသာကိုပါ

ခံစားရဦးမယ်"

ဟုပြောလေရာ မစိန်ဆင့်သည် မငြင်းဆန်နိုင်တော့ဘဲ မောင်

ဖေမြင့် ခေါ်ရာသို့ လိုက်ခဲ့လေ၏။ ငြင်းဆန်လို့လည်းမဖြစ်နိုင်ချေ။

မောင်ဖေမြင့်သည် ပဲခူးဘက်ရှိ နှစ်ထပ်တိုက်ကြီးတစ်လုံးသို့ခေါ်

ဆောင်သွားလေ၏။

ထိုတိုက်ကြီးပေါ်ရှိ အိပ်ခန်းကြီး၌ နှစ်ယောက်အိပ်ခုတင်ကြီး

တစ်လုံးကို အသင့်ပြင်ဆင်ထား၏။

မောင်ဖေမြင့်သည် ခုတင်ကြီးလက်ဝှေ့ယမ်းပြ၍

"ကိုယ်တို့နှစ်ယောက် ဒီည ဒီမှာအိပ်ရမယ်၊

လောလောဆယ် အားရှိအောင် နွားနို့နဲ့ ကြက်ဥ

သောက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ ကြက်ဥနှင့်နွားနို့များကို ၄င်းကိုယ်တိုင်သောက်လေ၏။ မစိန်ဆင့်ကိုလည်း ကြက်ဥသုံးလုံးနှင့် နွားနို့များကို တိုက်လေ၏။

မောင်ဖေမြင့်သည် လန်ဒန်မှဝယ်လာသော အားဆေးများကို လည်း သောက်လေ၏။ ပြီးနောက် မစိန်ဆင့်ကိုပွေ့ဖက်၍ အခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။

မောင်ဖေမြင့်သည် အခန်းထဲသို့ရောက်သောအခါ မစိန်ဆင့်အား မျက်နှာဖြူစုံတွဲများ၏ ကာမဆက်ဆံသောဓာတ်ပုံစာအုပ်များကို ပြ လေ၏။ မစိန်ဆင့်သည် ထိုဓာတ်ပုံများကိုကြည့်ပြီး ရင်ထဲတွင် တလှိုက်လှိုက်ဖိုလေ၏။

နောက်ဆုံး၌ မောင်ဖေမြင့်၏ သိမ်းပိုက်ခြင်းကို ခံလိုက်ရလေ၏။

မောင်ဖေမြင့်သည် မစိန်ဆင့်ကို တစ်ပတ်ခန့် အားရအောင် ပေါင်းသင်းပြီး ရန်ကုန်မြို့သို့ ခေါ်ဆောင်ရန်ပြင်လေ၏။

မောင်ဖေမြင့်သည် ရန်ကုန်မြို့သို့ မခေါ်မီ မစိန်ဆင့်ကို ပဲခူးမြို့ တရားရုံး၌ လက်ထပ်ခဲ့လေ၏။

မစိန်ဆင့်၏ အိမ်ထောင်ရေး ကံဆိုးသည်ဟု ဆိုရပေမည်။

လှည်းကူးဘက်သို့ရောက်သောအခါ မြိတ်သျှအစိုးရ၏ စစ်ကားကြီးသည် မောင်ဖေမြင့်ကား၏ မျက်နှာချင်းဆိုင်မှပေါ်လာပြီး ကားနှစ်စင်း ခေါင်းချင်းဆိုင်ပြီး တိုက်လိုက်မိ၏။

ထိုမတော်တဆမှုကြောင့် မောင်ဖေမြင့် ပွဲချင်းပြီးသေဆုံး သွား





လေ၏။ မစိန်ဆင့်သည် သွေးသံရဲရဲ သေဆုံးသွားသော မောင်ဖေမြင့်ကို ကြည့်၍ ထိတ်လန့်တကြားအော်ဟစ်ပြီး ထိုနေရာမှ ထွက်ပြေးခဲ့လေ၏။

မစိန်ဆင့်သည် ခြေဦးတည့်ရာ လျှောက်ပြေးနေပြီး လှည်းကူး မြို့နယ်ရှိ ထမင်းဆိုင်တစ်ဆိုင်ရှေ့၌ လဲကျမေ့မြောသွားလေ၏။

ထိုထမင်းဆိုင်၏ ပိုင်ရှင်မှာ ဒေါ်အေးသိန်းဆိုသော အဘွားကြီးဖြစ်၏။ ဒေါ်အေးသိန်းသည် မစိန်ဆင့်ကို ဂရုဏာစိတ်နှင့် သူမဆိုင်၌ ခေါ်ဆောင်ထားလေ၏။

မစိန်ဆင့်သည် ရုတ်တရက် ကြုံတွေ့ရသော မတော်တဆမှုကြီးကြောင့် ထိတ်လန့်ပြီး ရန်ကုန်သို့ မပြန်ရဲခဲ့ပေ။

မစိန်ဆင့်သည် ဒေါ်အေးသိန်း၏ထမင်းဆိုင်၌ ခိုကပ်၍ နေထိုင်စဉ် အလွန်ထိတ်လန့်ဖွယ်အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ခဲ့လေ၏။ ထိုအဖြစ်မှာ သူမ၏ ဗိုက်ထဲတွင် မောင်ဖေမြင့်နှင့်ရရှိသော ရင်သွေးလေး ရှိနေချေပြီ။

မစိန်ဆင့်သည် သူမဗိုက်ထဲတွင် ကိုယ်ဝန်ရှိသဖြင့် အလွန် စိတ်ဆင်းရဲသွားလေ၏။

သူမသည် ဓာတ်ရှင်မင်းသမီးဖြစ်ရန် အလွန်စိတ်အားထက်သန်နေပြီး မိခင်စိတ်မရှိသဖြင့် သူမဗိုက်ထဲရှိ ကိုယ်ဝန်ကို မွေးဖွားလိုစိတ်မရှိချေ။

ထို့ကြောင့် သူမ၏ကိုယ်ဝန်ကို ဖျက်ချရန် ဒေါ်အေးသိန်းအား



www.burmeseclassic.com

www.burmeseclassic.com

အကူအညီတောင်းလေ၏။ ထိုအခါ ဒေါ်အေးသိန်းက

"သမီးရဲ့ကိုယ်ဝန်ကို မဖျက်ဆီးလိုက်ပါနဲ့၊
ကလေးကို မွေးဖြစ်အောင်မွေးပါ။ ကလေးမွေးပြီး
ရင် အဒေါ်ရဲ့ညီမ မလှရင်ဆိုတာ မော်လမြိုင်မှာရှိ
တယ်၊ မလှရင်က ကလေးလိုချင်နေတယ်။ မစိန်ဆင့်
ကလေးမွေးပြီးရင် အဒေါ်တာဝန်ထား"

ဟုပြောလေ၏။

မစိန်ဆင့်သည် ကလေးမွေးပြီးနောက် ရန်ကုန်မြို့သို့ ပြ
လေ၏။ ရန်ကုန်သို့ရောက်သောအခါ မမျှော်လင့်သော ဖြစ်ရပ်
ကြုံတွေ့ခဲ့ရ၏။

မစိန်ဆင့်ထံသို့ မောင်ဖေမြင့်၏မိဘများ ရောက်ရှိလာပြီး မော
ဖေမြင့်အသက်မသေကြောင်းပြောဆိုကာ ၎င်းတို့၏အိမ်သို့ ခေါ်ဆော
သွားလေ၏။

မောင်ဖေမြင့်၏ မိဘများသည် မစိန်ဆင့်နှင့် မောင်ဖေမြင့်
လက်ထပ်သော စာချုပ်ကိုတွေ့ရှိခဲ့လေ၏။

မစိန်ဆင့်သည် အိပ်ရာပေါ်တွင် ကိုယ်တစ်ပိုင်းသေနေသော
မောင်ဖေမြင့်ကို တွေ့ရ၏။

ဤသို့ဖြင့် မစိန်ဆင့်သည် မောင်ဖေမြင့်ကို လင်သားတ
ယောက်အနေဖြင့် ပြုစုခဲ့ရ၏။





မောင်ဖေမြင့်သည် မစိန်ဆင့်၏အပြုအစုကို ခံယူပြီးနောက်
နှစ်ခန့်အကြာ၌ ဘဝတစ်ပါးသို့ပြောင်းလဲသွား၏။

မစိန်ဆင့်သည် ဝမ်းမနည်းသည့်အပြင် သူမ ဝင့်ကြွားသွားပြီဟု
သောထားကာ ကြိတ်ပြီးပျော်ရွှင်ခဲ့၏။

မောင်ဖေမြင့် သေဆုံးပြီးနောက် ၎င်း၏မိဘနှစ်ပါးလည်း ရှေ့
ဆင့်နောက်ဆင့် ကွယ်လွန်သွားရာ မစိန်ဆင့်သည် အမွေပစ္စည်းများစွာ
ကို ရရှိခဲ့၏။

မစိန်ဆင့်သည် အမွေပစ္စည်းများကို အရင်းပြု၍ ပဲရစ်ဓာတ်ရှင်
ကုမ္ပဏီကို တည်ထောင်ခဲ့၏။

မစိန်ဆင့်သည် သူမ အလွန်ဖြစ်ချင်သော ဓာတ်ရှင်မင်းသမီး
ဖြစ်ခဲ့သော်လည်း၊ ဓာတ်ရှင်ကုမ္ပဏီပိုင်ရှင်ဖြစ်ခဲ့၏။

သူမ၏ကုမ္ပဏီမှ ဓာတ်ရှင်ဇာတ်ကားများစွာကို ရိုက်ကူးခဲ့ပြီး
ကောင်းမြင်သောကားများစွာကို ထုတ်လုပ်ခဲ့သဖြင့် အမြတ်အစွန်းများ
ဖြစ်ထွန်းခဲ့၏။

မစိန်ဆင့်သည် ရုပ်ရည်ချောမောလှပပြီး ဥစ္စာဓနများစွာ ပိုင်
ဆိုင်သူဖြစ်သဖြင့် သူမ၏မေတ္တာကို ကမ်းလှမ်းသူများစွာရှိခဲ့၏။

သို့သော် မစိန်ဆင့်သည် သဘာဝတရားကို ဆန့်ကျင်သူ ဖြစ်ပြီး
ယောက်ျားများကို ချစ်မြတ်နိုးသူမဟုတ်ချေ။

ထို့ကြောင့် သူမကို ကမ်းလှမ်းသောယောက်ျားများစွာကို ငြင်း

www.burmeseclassic.com



ပယ်ပစ်ခဲ့၏။

ထိုအခါ ယောက်ျားများသည် မစားရသည့်အမဲ သဲနှင့်တ
သည့်သဘောဖြင့် မစိန်ဆင့်သည် ပဲရစ်ကုမ္ပဏီ၏ မန်နေဂျာ ဦးဘ
နှင့် တိတ်တိတ်ပုန်း ဖြစ်နေသည်ဟု သတင်းလွှင့်ကြ၏။

ပဲရစ်ကုမ္ပဏီ၏မန်နေဂျာဦးဘဦးသည် အသက်ငါးဆယ်ကျေ
လူကြီးတစ်ဦးဖြစ်ပြီး ကုမ္ပဏီအပေါ် သစ္စာရှိသောရိုးသားဖြောင့်
သူဖြစ်၏။ ဦးဘဦး၌ သားကြီးမယားကြီးလည်းရှိ၏။

တစ်နေ့သ၌ ပဲရစ်ကုမ္ပဏီ၏ ညွှန့်ခံပွဲတစ်ပွဲသို့ ဦးဘဦး
မယားကြီးပေါက်ချလာပြီး မစိန်ဆင့်ကို လက်ညှိုးငေါက်ငေါက်
ကာသူတစ်ပါးလင်ကို ဖျားယောင်းသူအဖြစ်စွတ်စွဲလေ၏။

ထိုသတင်းသည် သတင်းစာများသို့တိုင် ပြန့်နှံ့သွားသဖြ
မန်နေဂျာ ဦးဘဦးကြီးသည် လွန်စွာအရှက်ရပြီး ရန်ကုန်မြို့ကို
ခွာပြေးလေ၏။

ကံဆိုးရှာသော ဦးဘဦးသည် မော်လမြိုင်ဘက်တွင် သင်္ဘော
မှောက်ပြီးသေဆုံးရှာ၏။

ထိုအခါ မစိန်ဆင့်နှင့်ပတ်သက်သော အလွန်ထိတ်လန့်ဖွယ်
ကောင်းသော ကောလဟာလတစ်မျိုးထွက်ပေါ်ခဲ့လေ၏။

ထိုကောလဟာလမှာ မစိန်ဆင့်နှင့်ပတ်သက်သော ယောက်ျ
တိုင်း အသေဆိုးနှင့်သေဆုံးရသည်ဟူ၏။





ထို့ကြောင့် မည်သည့်ယောက်ျားမှ မစိန်ဆင့်ကို မကာပ်ရဲ
တော့ချေ။

မစိန်ဆင့်သည် ထိုအခါမှပင် ယောက်ျား ဂ်ယုက်
ခြင်းမှ ကင်းဝေးသွားလေ၏။

***

ဒေါ်စိန်ဆင့်သည် လွန်ခဲ့သော နှစ်န ကမှ လက်ရှိ
ဘဝကို ပြန်လည်ရောက်ရှိလာ၏။

ထိုအခါ မင်းသားသစ်ရွေးပွဲကို သတိရသွားပြီး ခုတင်ပေါ်မှ
ဆင်းကာ အလှဆုံးဖြစ်အောင် အလှပြင်လေ၏။ ဒေါ်စိန်ဆင့်ကို ယနေ့
ထက်တိုင် အချောဆုံးအလှဆုံးဖြစ်နေသည်ဟု အများက မြင်အောင်
ပြင်ဆင်၏။

ဒေါ်စိန်ဆင့်သည် မှန်ထဲတွင် မြင်ရသောသူမ၏ရုပ်ပုံကို သဘော
ကျသွားပြီး ကုမ္ပဏီသို့သွားရန် အောက်ထပ်သို့ဆင်းသွားလေ၏။

အိမ်အောက်ထပ်၌ အိုင်ဘာအဘိုးကြီးသည် သူမ၏ ကားကြီး
ကို အသင့်ပြင်ဆင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com

အလုံဘက်ရှိ ပဲရစ်ကုမ္ပဏီ၏ မြို့ကြီးသို့ရောက်သောအခါ မြို့ထဲ၌ လူအများစည်ကားနေပြီး မင်းသားသစ်ရွေးပွဲအတွက် အသင့် ဖြစ်နေ လေ၏။

ဒေါ်စိန်ဆင့်က မင်းသားသစ်ရွေးပွဲ စတင်နိုင်ပြီဖြစ်ကြောင်း အမိန့် ထုတ်လိုက်၏။

မင်းသားသစ်ရွေးပွဲအတွက် အထိုးအခုတ် အသတ်အပုတ်နှ ဒိုင်မင်စွမ်းရည်ကိုပါ စစ်ဆေးရမည်ဖြစ်သဖြင့် ပဲရစ်ကုမ္ပဏီ ဝန်းကျင် မြက်ခင်းပြင်၌ ကျင်းပလေ၏။

ပဲရစ်ကုမ္ပဏီမြက်ခင်းပြင်၌ မင်းသားသစ်များဒိုင်မင်ထိုးနိုင် စင်မြင့်တစ်ခု တည်ဆောက်ထားပြီး မင်းသားသစ်များ အကျ မနာစေ မွေ့ယာကြီးများကို ခင်းကျင်းထား၏။

ထိုနေ့က မင်းသားသစ်တော်တော်များများ ဒိုင်မင်ထိုးရန် မ သဖြင့် နောက်ဆုတ်သွားကြ၏။

ကျန်သောမင်းသားသစ် အယောက်နှစ်ဆယ်နီးပါးသည် ဒိုင်မ ထိုးရန် သဘောတူကြ၏။

မင်းသားသစ်များသည် တစ်ဦးပြီးတစ်ဦး ဒိုင်မင်ထိုးကြလေ အမှန်တကယ် ဒိုင်မင်ထိုးတတ်သူ ငါးယောက်သာတွေ့ရ၏

ထိုငါးယောက်ကို အဓိကထား၍ ရွေးချယ်လိုက်ပြီး တစ်ဦးချင်း ကိုယ်ခံပညာကို စမ်းသပ်ကြည့်လေ၏။





ထိုအခါ လူငယ်တစ်ဦးသည် တုတ်ရှည်တစ်ချောင်းကို လှပ စွာကစားပြပြီး ကိုယ်ခံပညာကျွမ်းကျင်ကြောင်း ပြသနိုင်လေ၏။ ဒေါ်စိန်ဆင့်သည် ထိုလူငယ်ကို သဘောကျပြီး မင်းသားသစ်အဖြစ် ရွေးချယ်လိုက်၏။

ထိုလူငယ်သည် အထိုးအခုတ် အသတ်အပုတ် ကျွမ်းကျင်ရုံမက သောက်ကျားပီသသော ရုပ်ရည်ရှိသဖြင့် "ရဲကလူ ပြာမှု မကြောက်" ဇာတ်ကားအတွက် ကွက်တိဖြစ်နေလေ၏။

မင်းသားသစ်ရွေးချယ်ပွဲ ပြီးဆုံးသွားသောအခါ ဒေါ်စိန်ဆင့်က ၎င်းရွေးချယ်ထားသော လူငယ်ကို အခန်းထဲသို့ ပို့ဆောင်ခိုင်းလိုက်၏။ ခဏကြာမီ သူမ၏ရုံးခန်းထဲသို့ မင်းသားသစ်အဖြစ် ရွေးချယ်လိုက်သော လူငယ်ရောက်ရှိလာ၏။

ဒေါ်စိန်ဆင့်က မိမိရှေ့သို့ရောက်ရှိလာသော လူငယ်အား ကြည့်၍ တစ်စုံတစ်ဦးနှင့်တူသယောင် ခံစားရ၏။

လူငယ်ကိုကြည့်ရင်း ရင်းနှီးခင်မင်နေသလို ခံစားရလေ၏။

ဒေါ်စိန်ဆင့်က လူငယ်ကိုကြည့်၍

"မင်းရဲ့နာမည် ဘယ်လိုခေါ်သလဲ"

ဟုမေးမြန်းလိုက်ရာ လူငယ်က

"ကျွန်တော့်နာမည် စေတမာန်လို့ခေါ်ပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ရာ ဒေါ်စိန်ဆင့်သည် အံ့သြဟန်ဖြင့် မျက်မှောင်ကြုတ်၍

"မင်းရဲ့နာမည်က အဆန်းပါလား။ ဒါပေမဲ့ဒီနာမည်နဲ့တော့ ဓာတ်ရှင်ရိုက်လို့မရဘူး။ ပြောင်းမှရမယ်"

ဟုဆိုလိုက်ရာ လူငယ်က သက်ပြင်းချ၍

"ပြောင်းဆိုရင်လဲ ပြောင်းတာပေါ့ဗျာ၊ ကျွန်တော်ကတော့ စေတမာန်ဆိုတဲ့နာမည်ကို အတော်သဘောကျတယ်"

ဟုပြောလိုက်လေ၏။

ဒေါ်စိန်ဆင့်သည် လူငယ်ကိုကြည့်၍

"မင်း ဘယ်ဇာတိလဲ၊ မင်းရဲ့မိဘတွေက ဘာအလုပ်လုပ်သလဲ"

ဟုမေးမြန်းလေ၏။

လူငယ်က သက်ပြင်းချ၍

"ကျွန်တော်က ကြို့ပင်ကောက်ဇာတိပါ။ ကျွန်တော့်မိဘတွေ ကုန်သည်တွေပါပဲ၊ မိဘတွေတော့ မရှိတော့ပါဘူး"

ဟု ပြောလေရာ ဒေါ်စိန်ဆင့်က





"မင်းရဲ့ အထိုးအခုတ် အသတ်အပုတ်ပညာတော်တော်ကောင်းတယ်၊ ဒိုင်ဗင်ထိုးတာလဲ အတော်လှတယ်"

ဟုချီးမွမ်းလေရာ စေတမာန်ဆိုသောလူငယ်က

"မြို့မှာနေကတည်းက ရှမ်းဆရာကြီး တစ်ယောက်ဆီမှာ ကိုယ်ခံပညာသင်ဖူးတယ်၊ ဒိုင်ဗင်ထိုးတာကတော့ ဝါသနာပါလို့ တိုင်ကီနှစ်လုံးထပ်ပြီးလေ့ကျင့်ခဲ့တာပါ"

ဟုပြောလေ၏။ ထိုအခါ ဒေါ်စိန်ဆင့်ကခေါင်းညိတ်၍

"ကောင်းပါပြီ၊ ဒါဆိုရင် ဒီနေ့ပဲ ကုမ္ပဏီမှာ ဓာတ်ပုံရိုက်သွားပါ။ ဓာတ်ပုံတွေရိုက်ပြီးရင် မင်းရဲ့ပုံတွေကို သတင်းစာတွေ၊ ဂျာနယ်တွေမှာ ဖော်ပြရမယ်၊ ဒါမှ မင်းရဲ့ဓာတ်ရှင်ကား မထွက်မီ တစ်နိုင်ငံလုံးက မင်းကို သိနေလိမ့်မယ်၊ မနက်ဖြန် ကုမ္ပဏီကို လာခဲ့ဦး။ မင်းအတွက် အနုပညာအမည် ငါးမျိုးရွေးပေးမယ်၊ အဲဒီ ငါးမျိုးထဲက တစ်မျိုးကို မင်းကိုယ်တိုင်ရွေးပေးပါ"

ဟုပြောလိုက်လေ၏။

ထိုအခါ စေတမာန်ဆိုသောလူငယ်သည် ဒေါ်စိန်ဆင့်ကို နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ ထွက်ခွာသွားလေ၏။

ဒေါ်စိန်ဆင့်သည် စေတမာန်ဆိုသောလူငယ်၏နောက်ကျော ကိုကြည့်၍ ရင်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာတစ်မျိုးကို လိုက်ရလေ၏။

ထိုဝေဒနာကို သူမကိုယ်တိုင်ခွဲခြားပြီး မသိချေ။

✲-✲-✲

စေတမာန်သည် မင်းသားသစ်ရွေးပွဲ၌ မိမိကိုရွေးချယ်ကြ သဖြင့် လွန်စွာ ကျေနပ်အားရနေမိ၏။ မိမိဘဝသည် ပဲရစ်ကု ကြောင့် အောင်မြင်ကျော်ကြားရပေတော့မည်။

ထိုအခါ နိုင်ငံကျော်မင်းသားတစ်ယောက်အဖြစ် မိမိ၏ များ၌ ငွေသီးရပေတော့မည်။

မိမိဘဝ၏ ရည်မှန်းချက်များအောင်မြင်ဖြစ်ထွန်းရပေတော့မည်။

စေတမာန်သည် ပဲရစ်ကုမ္ပဏီ၏အနောက်ရှိ ဓာတ်ပုံကူး သွားရောက်၍ ဓာတ်ပုံအရိုက်ခံလေ၏။





ဓာတ်ပုံဆရာသည် စေတမာန်ကို စိတ်တိုင်းကျဓာတ်ပုံများကို ရိုက်ကူးပြီး ပြန်လွှတ်လိုက်လေ၏။

စေတမာန်သည် ဓာတ်ပုံရိုက်ကူးပြီး စတူဒီယိုထဲမှ ပြန်ထွက် လာသောအခါ စတူဒီယိုနှင့် ခပ်လှမ်းလှမ်း၌ရှိသော လက်ဝှေ့ကြိုးဝိုင်းမှ ဖြတ်သန်းသွားလေ၏။

ထိုအခါ လက်ဝှေ့ကြိုးဝိုင်းအနီး၌ သဲအိတ်ထိုးနေသော လူငယ် တစ်ဦးက

"ဒီမှာကိုယ့်လူ၊ မင်းသားရွေးပွဲမှာ ဒိုင်မင်ကောင်းလို့ အရွေး ခံလိုက်ရတာ ဘဝင်မြင့်မနေနဲ့၊ ခင်ဗျားရဲ့လက်ဝှေ့စွမ်းရည် ဘယ် လောက်ရှိသလဲ ကျုပ်နဲ့နည်းနည်းစမ်းကြည့်ရအောင်"

ဟုစိန်ခေါ်လေ၏။

စေတမာန်သည် ထိုသူကို သေချာစွာကြည့်လိုက်သောအခါ မင်းသားရွေးပွဲ၌ မိမိနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်သူဖြစ်ကြောင်းတွေ့ ရလေ၏။ ထိုသူသည် မင်းသားသစ်ရွေးပွဲ၌ အရွေးမခံရသဖြင့် မိမိကို အငြိုးဖွဲ့နေပုံရ၏။

စေတမာန်က ခေါင်းခါယမ်း၍

"ငါက မင်းသားရွေးပွဲဝင်ပြိုင်တာ လက်ဝှေ့ ပြိုင်ပွဲဝင်တာမဟုတ်ဘူး၊ ဒါကြောင့် မင်းရဲ့စိန်ခေါ်မှုကို လက်မခံနိုင်တာခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုပြီး လက်ဝှေကြီးဝိုင်းမှ လမ်းခွဲထွက်ခဲ့လေ၏။

ထိုအခါ စေတမာန်ကို စိန်ခေါ်သောလူငယ်က သဲအိတ်ကို တဒိုင်းဒိုင်းထိုး၍

"သရဲဘောကြောင်တဲ့ကောင်"

ဟုအော်ဟစ်ကြုံးဝါးပြီးကျန်ရစ်ခဲ့လေ၏။

✳ ✳ ✳

တာတီးသည် သဘာဝတရား၏စေတမန်အဖြစ် ရန်ကုန်မြို့ကြီးသို့ရောက်ရှိခဲ့လေ၏။

တာတီးသည် ရန်ကုန်မြို့သို့ရောက်ရောက်ချင်း ပဲရစ်ရုပ်ရှင်ကုမ္ပဏီ၏လိပ်စာကို စုံစမ်းပြီး ကုမ္ပဏီရှိရာ အလုံဘက်သို့ထွက်ခဲ့လေ၏။

ပဲရစ်ကုမ္ပဏီအရှေ့သို့ရောက်သောအခါ ""ငရဲကလူ ပြာမှုမကြောက် ဇာတ်ကားသစ်အတွက် မင်းသားရွေးပွဲ"" ဟူသော ဆိုင်းဘုတ်ကြီးကို တွေ့ရလေ၏။ တာတီးသည် ပဲရစ်ကုမ္ပဏီအရှေ့ရှိ ခုံ တောက်၍ ရပ်ရင်း ရင်ထဲတွင် နာကျင်ကြေကွဲလာ၏။





*"အမေ ကျွန်တော် ကို ရက်စက်ခဲ့တယ်နော်၊ ကျွန်တော်မှာ ဘာအပြစ်ရှိလို့လဲဗျာ"*

ဟုရေရွတ်နေလေ၏။ တာတီးသည် ပဲရစ်ကုမ္ပဏီထဲမှ ထွက်လာသော ဝန်ထမ်းတစ်ဦးအား

"ကျုပ်ပဲရစ်ရုပ်ရှင်ခြံကြီးထဲသို့ ဝင်ကြည့်ချင်တယ်၊ ရရဲ့လား"

ဟုမေးမြန်းလေရာ ထိုဝန်ထမ်းကရယ်မောကာ

"ကုမ္ပဏီက မင်းသားဖြစ်နေပြီ ပဲရစ်ခြံထဲကို ဝင်လို့မရဘဲ ရှိပါ့မလားဗျ"

ဟုပြောလေ၏။ တာတီးသည် ထိုသူ၏စကားကြောင့် ရယ်ကားလိုက်ပြီး

"ကျုပ်ကမင်းသားဟုတ်လား၊ မင်းသား မဟုတ်ပါဘူးဗျာ၊ သဘာဝတရားရဲ့ စေတမန်ပါ"

ဟုပြောလေရာ ထိုဝန်ထမ်းလူငယ်က ရယ်မော၍

"ခင်ဗျားကပျော်တတ်တယ်ထင်တယ်"

ဟုဆိုကာ တာတီး၏အနီးမှ ထွက်ခွာသွားလေ၏။ တာတီးသည်အကြောင်ကြောင်လူငယ်ကို ကြည့်၍ ပဲရစ်ကုမ္ပဏီ၏ ခြံကြီးထဲသို့ ဝင်ရောက်ကြည့်ရှုလေ၏။ ထိုအခါပဲရစ်ရုပ်ရှင်ခြံအတွင်း ရုပ်ရှင်ရိုက်ရန်ပြင်ဆင်ထားသော ဆက်တင်အမျိုးမျိုးကို တွေ့ရလေ၏။ တာတီးသည်



www.burmeseclassic.com

www.burmeseclassic.com



ခြံ၏တစ်နေရာ၌ လက်ဖွေကြိုးဝိုင်ကို တွေ့ရပြီး သဲအိတ်တစ်အိတ်
တဒိုင်းဒိုင်းထိုးနေသော လူငယ်တစ်ဦးကို တွေ့ရလေ၏။ ထိုလူ
သည် တာတီးကို မြင်သောအခါ မုန်းတီးရွံရှာစွာ ကြည့်၍

"သရဲဘောကြောင်တဲ့ကောင်၊ မင်းငါနဲ့
လက်ဝှေ့မထိုးရဲဘူး မဟုတ်လား"

ဟုပြောလေ၏။

တာတီးသည် ထိုလူငယ်၏ ရိုင်းပြသောအပြုအမူကြောင့် သဘာ
တရားနှင့် ကိုက်ညီသူမဟုတ်ကြောင်းရိပ်စားမိလိုက်၏။

လူငယ်သည် ရိုင်းပြလွန်း၏။ သဘာဝတရား၏ အလိုကို ဆန့်ကျ
သူလည်းဖြစ်၏။

ထိုလူငယ်မျိုးကို သဘာဝတရား၏ ကိုယ်စားအပြစ်ဒဏ်ခ
ရပေမည်။

ထို့ကြောင့် တာတီးက လူငယ်ကို ရဲဝံ့သောမျက်လုံးဖြင့် ကြည့်

"ငါ သူရဲဘောကြောင်တယ်လို့ မင်းကိုဘယ်
သူပြောသလဲ၊ ရဲကာလှဟာ ဘယ်တော့မှ ပြာမှုကို
မကြောက်ဘူး။ ပေးစမ်း လက်ဝှေ့အိတ်"

ဟုဆိုကာ လက်ဝှေ့အိတ်ကို ဝတ်ဆင်၍ ကြိုးဝိုင်းထဲသို့ န
ဝင်လိုက်၏။

လူငယ် ကြိုးဝိုင်းထဲသို့ ဝင်ရောက်လာသောအခါ တာတီးက





"ငါဟာ သဘာဝတရားရဲ့စေတမန်ဖြစ်တယ်၊
သဘာဝနဲ့ဆန့်ကျင်တဲ့သူတွေကို ငါအပြစ်ဒဏ်
ခတ်ရမယ်"

ဟုဆိုကာ လူငယ်၏မျက်နှာကို ပြင်းထန်သောလက်သီးချက်
များနှင့် မနားမနေ ထိုးလေ၏။

ထိုအခါ လူငယ်သည် တာတီး၏လက်သီးချက်များကို မခံနိုင်ဘဲ
မြေပေါ်သို့ ပြိုလဲကျသွားလေ၏။

လူငယ်လဲကျသွားသောအခါ ၎င်းတို့၏ပွဲကို လာရောက် ကြည့်ရှု
နေသူများက သဘောကျဟန်ဖြင့် လက်ခုပ်လက်ဝါးတီးကြလေ၏။

တာတီးသည် ကြိုးဝိုင်းထဲမှထွက်ပြီး ပဲရစ်ရုပ်ရှင်ခြံထဲမှ ထွက်
ခဲ့လေတော့၏။

ရုပ်ရှင်ခြံကြီးနှင့် မလှမ်းမကမ်းသို့ရောက်သောအခါ ခြံကြီးကို
ပြည့်ကြည့်၍

"အမေ ကျွန်တော် အမေနဲ့မဖြစ်ဖြစ်အောင်
လာတွေ့ပါမယ်"

ဟုတီးတိုးပြောလိုက်မိလေ၏။

အင်စပက်တော်လှမိုးသည် ရန်ကုန်မြို့သို့ရောက်သောအခါ
ရုပ်ရှင်ကုမ္ပဏီများ၏ စာရင်းကို စစ်ဆေးကြည့်လိုက်သောအခါ ရုပ်ရှင်
ကုမ္ပဏီကြီးသုံးခုကို ဦးစီးဦးဆောင်ပြုလုပ်သူ အမျိုးသမီးကြီး သုံးဦး



www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်းသိရ၏။

ထိုအခါ အင်စပက်တော်လှမိုးသည် အမျိုးသမီးကြီးသုံးဦး၏ နောက်ကြောင်းရာဇဝင်ကို စုံစမ်းရပြန်၏။

ထိုအခါ ကမ္ဘာ့ကီပိုင်ရှင်အမျိုးသမီးကြီးသုံးယောက်အနက် နှစ်ယောက်မှာ အိမ်ထောင်နှစ်ဆက်ပြုထားကြသူများဖြစ်၏။

၎င်းတို့အားလုံး၏အသက်အရွယ်မှာလည်း ငါးဆယ်ဝန်းကျင်သာရှိသဖြင့် သုံးယောက်စလုံး တာတီး၏မိခင်ဖြစ်နိုင်သူများပင် ဖြစ်၏။

စိတ္တဇဖြစ်နေသော တာတီးသည် မိခင်အရင်းကို ရန်ပြုနိုင်၏။

ထို့ကြောင့် တာတီး၏မိခင်ကိုကာကွယ်ရန် မိမိ၌ တာဝန်ရှိ၏။ သို့သော် တာတီး၏မိခင်အစစ်ကို မည်သူမှန်းမသိ။

အမျိုးသမီးကြီးသုံးယောက်စလုံး ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးများဖြစ်သဖြင့် ၎င်းတို့၏နောက်ကြောင်းကို သွားရောက်မေးမြန်းရန်လည်း မဖြစ်နိုင်ချေ။

အမျိုးသမီးကြီးများသည် ၎င်းတို့၏လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောဆိုရန် ငြင်းဆိုကြပေလိမ့်မည်။

အင်စပက်တော်လှမိုးသည် ရုပ်ရှင်ကမ္ဘာ့ကီပိုင်ရှင် အမျိုးသမီးကြီးသုံးယောက်၏ဓာတ်ပုံကို ကြည့်၍ မည်သူသည် တာတီး၏ မိခင်ဖြစ်နိုင်မည်နည်းဟု မှန်းဆကြည့်၏။

သို့သော် အမျိုးသမီးသုံးယောက်၏ရုပ်ရည်မှာ တစ်ဦးနှင့်တစ်ဦး





တော်မဟိမ်းဖြစ်နေ၏။

ထိုသို့စုံစမ်းရင်း မမျှော်လင့်ဘဲ ရွှေကျီးညိုရုပ်ရှင်ကမ္ဘာ့ကီပိုင်ရှင် ဒေါ်တင်တင်လှ၏ဇာတိရပ်မြေကို သိခွင့်ရလိုက်၏။

ဒေါ်တင်တင်လှသည် မော်လမြိုင်မြို့၌ မွေးဖွားခဲ့သူဖြစ်၏။

ယစ်မျိုးအင်စပက်တော်လင်မယားသည် တာတီးကို မော်လမြိုင်မြို့မှ ရယူမွေးစားခဲ့၏။

ဤသို့ဆိုလျှင် တာတီး၏မိခင်အရင်းသည် ရွှေကျီးညိုကမ္ဘာ့ကီပိုင်ရှင် ဒေါ်တင်တင်လှပေလော။

အင်စပက်တော်လှမိုးသည် ထိုအချိန်မှစ၍ ရွှေကျီးညိုကမ္ဘာ့ကီ၏ အရှေ့ဘက်ရှိ ကာကာဆိုင်၌နေ့စဉ် ထိုင်ရင်း တာတီးကိုစောင့်ကြည့်နေမိ၏။

တာတီးကို ဖမ်းဆီးရန် တဖြည်းဖြည်းနီးကပ်လာသည်ဟု ထင်မိ၏။ ထို့ကြောင့် သတိကြီးစွာထား၍ စောင့်ကြည့်နေလေ၏။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



သဘာဝတရား၏စေတမန် တာတီးသည် ရန်ကုန်မြို့တွင်း အခန်းကျဉ်းလေးတစ်ခုကို ဈေးပေါပေါနှင့်ငှားရမ်းလိုက်၏။

ထိုအခန်းပိုင်ရှင်မှာ ကျောင်းဆရာလင်မယားဖြစ်ပြီး စပ်စပ်စု လုပ်တတ်သူများမဟုတ်ချေ။

တာတီးသည် ရန်ကုန်မြို့သို့ရောက်ပြီးမှ ကျောင်းဆရာ လင် မယား၏ သတင်းစာအဟောင်းများကို ငှားရမ်းဖတ်ရှုကြည့်၏။

ထိုအခါ မိမိကျူးလွန်ခဲ့သော လူသတ်မှုများ၏ နောက်ဆက်တွဲ ကို သတင်းစာများက ရေးသားခြင်းမရှိတော့ကြောင်းတွေ့ရ၏။

တာတီးသည် မိမိ၌ ငွေရေးကြေးရေး ကြပ်တည်းနေသဖြင့် ဈေး ပေါသောအစားအသောက်များကို စားသောက်နေရ၏။

ထိုသို့စားသောက်ရင်းနှင့်ပင် မိမိ၏ငွေရေးကြေးရေး တဖြည်း ဖြည်းခက်ခဲလာကြောင်းတွေ့ရ၏။

ဤသို့ငွေရေးကြေးရေးကြပ်တည်းလာသော်လည်း တာတီး သည် ပူပင်ကြောင့်ကြခြင်းမရှိချေ။

မိမိသည် သဘာဝတရား၏စေတမန်ဖြစ်သဖြင့် သဘာဝ တရား က ငွေရေးကြေးရေး ဖြည့်ဆည်းပေးလိမ့်မည်။

နောက်တစ်နေ့သို့ရောက်သောအခါ တာတီးသည် ငွေရှာ ရန်ကုန်မြို့ထဲသို့ထွက်ခဲ့လေ၏။

သူသည် ကြည့်မြင်တိုင်ဘက်သို့ လျှောက်လှမ်းသွားပြီး လှည်း





သော ရပ်ကွက်တစ်ခုသို့ရောက်သောအခါ တရုတ်ဘာသာဖြင့် အပေါင် ဆိုင်ဟုရေးသားထားသောဆိုင်ကိုတွေ့ရလေ၏။

ဤနေရာသည် မိမိအတွက် ငွေရေးကြေးရေး ရှာဖွေရမည့် နေရာဖြစ်၏။ အပေါင်ဆိုင်လုပ်ငန်းသည် သဘာဝတရားကို ဆန့်ကျင် သည်ဟု ထင်မြင်၏။

ထို့ကြောင့် အပေါင်ဆိုင်ထဲသို့ ဝင်သွားပြီး ဆိုင်ရှင်တရုတ်ကြီး အား

"ပစ္စည်းတစ်ခုပေါင်ချင်လို့ပါ"

ဟုပြောလိုက်ရာ ရှေ့ကိုင်းမျက်မှန်တပ် တရုတ်ကြီးက မျက် မှောင်ကြုတ်၍

"ဘာပစ္စည်းလဲ"

ဟုမေးမြန်းလိုက်၏။

တာတီးက ကုတ်အကျီအတွင်းမှ ဓားမြှောင်ကိုထုတ်၍ တရုတ် ကြီး၏လည်တိုင်ကို တေ့လိုက်ပြီး

"ရှိတာအကုန်ထုတ်ပေးစမ်း ငြင်းမယ်မကြံနဲ့ နော်၊ ပြည်ကြီး မပြန်နိုင်ဘဲ ငရဲပြည်ရောက်သွား မယ်"

ဟုဆိုလိုက်ရာ တရုတ်ကြီးသည် ထိတ်ထိတ်လန့်လန့်ဖြင့် ပိုက်ဆံ အိတ်ကိုဖွင့်၍ ပိုက်ဆံများကိုထုတ်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တာတီးသည် ပိုက်ဆံများကို ကုတ်အင်္ကျီထဲသို့ ထိုးထည့်၍ တရုတ်ကြီး၏ခေါင်းအား ဓားနောက်ဖြင့် ရိုက်ချလိုက်ရာ တရုတ်ကြီးသည် အားခနဲအော်၍ ကောင်တာအနောက်သို့ ပြိုလဲကျသွား၏။

ထိုအခိုက်မှာပင် အပေါင်ဆိုင်ထဲသို့ မိန်းမပျိုတစ်စုဝင်လာပြီး မျက်လုံးဝေ့ကြည့်၍

"ဆိုင်ရှင် ထောင်ကဲကြီးဘယ်ရောက်နေသလဲ"

ဟုမေးမြန်းလေရာ တာတီးက

"တရုတ်ကြီး ကောင်တာအနောက်မှာ ခဏအိပ်နေတယ်"

ဟုပြောပြီး အပေါင်ဆိုင်ထဲမှ ဣန္ဒြေရရထွက်ခဲ့လေတော့၏။

* * *

နောက်တစ်နေ့တွင် အက်စပက်တော်လှမိုး တည်းခိုရာ ဟိုတယ်သို့ သူ၏မိတ်ဆွေဖြစ်သူ ဗှာန်အုပ်ဦးဘကြိုင်ရောက်ရှိလာပြီး စိတ်ပျက်လက်ပျက်အမူအရာဖြင့်





"ဆရာရေ… ဆရာလိုက်နေတဲ့တရားခံက ရန်ကုန်မြို့မှာ ဓားပြမှုတစ်မှု ကျူးလွန်သွားတယ်"

ဟုဆိုကာ ကြည့်မြင်တိုင်ဘက်ရှိ အပေါင်ဆိုင်ကို တာတီး ဓားပြတိုက်သွားပုံကို ပြောပြလေ၏။

အက်စပက်တော်လှမိုးက သက်ပြင်းချ၍

"တာတီးလုပ်သွားတယ်ဆိုတာ သေချာရဲ့လား"

ဟုမေးမြန်းလေ၏။

ဗှာန်အုပ် ဦးဘကြိုင်က ခေါင်းညိတ်၍

"သေချာပါတယ်ဆရာရယ်၊ ဓားပြတိုက်ခံရတဲ့အပေါင်ဆိုင်ရှင် တရုတ်ကို ဓာတ်ပုံပြကြည့်တယ်၊ သူပါပဲလို့ တိတိကျကျပြောတယ်၊ အပေါင်ဆိုင်ရှင်တင်မကဘူး၊ အပေါင်ဆိုင်ထဲကို ဝင်လာတဲ့ မိန်းကလေးသုံးယောက်စလုံးကလဲ တာတီးပါလို့ အစစ်ခံတယ်"

ဟုပြောလေ၏။

အက်စပက်တော်လှမိုးက သက်ပြင်းချ၍

"အသက်အန္တရာယ်ပေးမသွားတာပဲ ကျေးဇူးတင်ရမယ်၊ ရန်ကုန်မှာနေရင်း အသုံးစရိတ် ပြတ်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ ဓားပြမှုကျူးလွန်တာဖြစ်မယ်၊ တာတီးဟာ စိတ္တဇလူသတ်သမားဖြစ်နေပြီ၊ သူ့ကို မရရ အောင် ဖမ်းဆီးမှဖြစ်တော့မယ်၊ အခုလို သတင်းပေးတာ ကျေးဇူးတင်ပါတယ်များ၊ ဦးဘကြိုင် ထမင်းမစားရ သေးဘူးမဟုတ်လား၊ ချစ်တီးထမင်း သွားစားကြရ အောင်”

ဟုဆိုလိုက်ရာ ဗျာနအုပ်ဦးဘကြိုင်က ခေါင်းညိတ်၍

“မိုက်ဆာနေတာနဲ့အတော်ပဲဗျာ”

ဟုပြောလေ၏။

အင်စပက်တော်လှမိုးသည် ဗျာနအုပ်ဦးဘကြိုင်၏ ကားနှင့်… ချစ်တီးထမင်းဆိုင်သို့ ထွက်ခဲ့လေ၏။

ထို့နောက် ဗဟန်းဘက်ရှိ ချစ်တီးထမင်းဆိုင်၌ နေ့လယ်စာ… စားသောက်ကြလေ၏။

၎င်းတို့သည် ချစ်တီးထမင်းဆိုင်၏အတွင်းဘက်ကျကျစား… တစ်လုံး၌ နေရာယူ၍ မြိန်ရှက်စွာစားသောက်ကြလေ၏။

ထိုအချိန်၌ အပေါင်ဆိုင်သို့ ဓားပြတိုက်ပြီး ငွေရေးကြေး… ချောင်လည်နေသော တာတီးသည် အင်စပက်တော်လှမိုးတို့ရော… ရှိနေသော ချစ်တီးထမင်းဆိုင်၌ပင် ဝင်ရောက်စားသောက်နေလေ…

အင်စပက်တော်လှမိုးနှင့် တာတီးတို့သည် ကျောချင်းကပ် ထို…





…၍ စားသောက်နေကြခြင်းဖြစ်၏။

တာတီးသည် ချစ်တီးထမင်းဆိုင်ထဲသို့ ဦးစွာရောက်ရှိနေသူ …သဖြင့် အင်စပက်တော်လှမိုးထက်စော၍ ပြီးသွားလေ၏။

တာတီးသည် ထိုခေတ်က ချစ်တီးထမင်းဆိုင်တို့၏ ထုံးစံ အတိုင်း …လားမလေးတစ်ဦး၏ ကြေးခရားနှင့် လက်ဆေးပေးခြင်းကို ခံယူ …လေ၏။

*…တ်ချက်။ ထိုခေတ်က ချစ်တီးထမင်းဆိုင်များ၌ ထမင်း နှင့် တင်းတို စက်ဖြင့်တည်ခင်းလေ့ရှိရာ စားသောက် သူသည် တင်ပျဉ်ခွေထိုင်၍ အားပါးတရ စား သောက်ကြလေ၏၊ ချစ်တီးထမင်းစားပြီးပါက ကုလားမလေးများက ကြေးဇလုံတစ်လုံးနှင့် ကြေး ကရားတစ်ခုကို ယူဆောင်လာပြီး စားသောက်သူ၏ လက်ကို ကြေးကရားထဲမှ ရေကိုလောင်းချပြီး အောက်၌ကြေးဇလုံခံကာ ဆေးကြောပေးသော ဓလေ့ ထုံးစံရှိ၏၊*

*(စာရေးသူ)*

တာတီးသည် လက်ဆေးပြီးနောက် ကြေးခွက်ထဲမှ ရေကို …ကောက်၍ ပလုပ်ကျင်းပြီး အနောက်သို့ထွေးလိုက်၏။

ထိုအခါ တာတီးထွေးပစ်လိုက်သော ရေသည် အင်စပက်



www.burmeseclassic.com

www.burmeseclassic.com

တော်လှမိုးကို စင်လေ၏။

အက်စပက်တော်လှမိုးသည် မိမိ၏ကိုယ်ခန္ဓာကို ရေစင်… သဖြင့် အနောက်သို့လှည့်ကြည့်လိုက်၏။

ထိုသို့ သူတို့နှစ်ဦး မျက်နှာချင်းဆိုင်ဆုံရမည့်အခိုက်… ကုလားမလေးက အက်စပက်တော်လှမိုးနှင့် တာတီးတို့အကြား… ကမန်းကတန်းဝင်လာပြီး အက်စပက်တော်လှမိုး၏လက်မောင်း… ဖြူစင်သော လက်သုတ်ပဝါလေးဖြင့် သုတ်ပေးလေ၏။

အက်စပက်တော်လှမိုးသည် တာတီးနှင့် မျက်နှာချင်းဆိုင်… တွေ့ဆုံရန် ကံကြမ္မာက ဖန်လာသော်လည်း ကံဆိုးစွာဖြင့် တွေ့ဆုံ… မရခဲ့ချေ။

အက်စပက်တော်လှမိုးနှင့်တာတီးသည် မော်လမြိုင်မြို့၌လည်း… မျက်နှာချင်းဆိုင်တွေ့ဆုံခဲ့ဖူး၏။

သို့သော် ၄င်းတို့နှစ်ယောက်ကြား၌ ဘုံပြတ်ခေါ် မြင်းလှည်း… တစ်စီးဖြတ်သန်းသွားသဖြင့် တစ်ဦးနှင့်တစ်ဦး မြင်တွေ့ခြင်းမရှိခဲ့ချေ…

တာတီးသည် ချစ်တီးထမင်းကို ဗိုက်ကားအောင်စားပြီး ဆိုင် ထဲ… ထွက်ခွာသွားလေ၏။

အက်စပက်တော်လှမိုးနှင့် ဗွာနအုပ် ဦးဘကြိုင်မှာမူ စားသောက်… ဆဲဖြစ်၍ ဆိုင်ထဲ၌ ကျန်နေခဲ့၏။





အက်စပက်တော်လှမိုးသည် ဗိုက်ပြည့်သွားပြီဖြစ်သဖြင့် စား…သောက်ခြင်းကို ရပ်တန့်ပြီး လက်ဆေးလိုက်လေ၏။ ဗွာနအုပ် …ကြိုင်လည်း အက်စပက်တော်လှမိုးနည်းတူ စားသောက်ပြီးစီးသွား…သည်။

ချစ်တီးဆိုင်အပြင်သို့ရောက်သောအခါ ဗွာနအုပ်ဦးဘကြိုင…သည် လမ်းတစ်ဖက်ရှိ ကွမ်းယာဆိုင်လေးသို့ ကူးသန်းသွားလေ၏။

အက်စပက်တော်လှမိုးသည် ချစ်ကားအနီး၌ ရပ်တန့်၍ ဦး…ကြိုင်ကို စောင့်နေလေ၏။

ထိုအခိုက်မှာပင် အငှားကားတစ်စီးသည် လမ်းတစ်ဖက်သို့ …သန်းသွားသော လန်ချားတစ်စီးကြောင့် အရှိန်လျှော့၍ ရပ်တန့်…လေ၏။

အက်စပက်တော်လှမိုးသည် အငှားကားပေါ်၌ လိုက်ပါသွား…သာမိန်းမကို ရုတ်တရက်ကြည့်ရှုလိုက်မိ၏။ ထိုအခါ အလွန် ထိတ်…နှင့်အံ့ဩသွားမိ၏။ အဘယ်ကြောင့်ဆိုသော် ကားထဲရှိ မိန်းမသည် …ဆုံးသွားသော နီလာမြိုင်နှင့် ချွတ်စွတ်တူနေလေ၏။

အက်စပက်တော်လှမိုးသည် အံ့ဩလွန်းသဖြင့် နီလာမြိုင်ဟု …ခေါ်ဟစ်လိုက်လေ၏။ ထိုအခါ ကားထဲရှိ မိန်းမသည် အက်စပက်…တော်လှမိုးဘက်သို့လှည့်ကြည့်၍

"ရှင် ကျွန်မနာမည်ကို ဘာဖြစ်လို့ခေါ်တာ

www.burmeseclassic.com



လဲ"

ဟု မေးမြန်းလိုက်ရာ အက်စပက်တော်လှမိုးသည် ဝိညာ
လောကကို ယုံကြည်လက်ခံရမလိုဖြစ်ပြီး ကြက်သီးတဖြန်းဖြန်း
သွားလေ၏။

ထိုအခိုက်မှာပင် အငှားကားသည် ရပ်တန့်နေရာမှ ပြန်လည်
ထွက်ခွာသွားလေ၏။

အက်စပက်တော်လှမိုးသည်

"နီလာမြိုင်......နီလာမြိုင်"

ဟုအော်ဟစ်ပြီး ကျန်ရစ်ခဲ့လေ၏။

ပြီးနောက် အငှားကားနောက်သို့လိုက်ရန် ဂျစ်ကားပေါ်သို့
တက်လိုက်၏။ သို့သော် ကားထဲတွင် သော့မရှိဘဲ လမ်းတစ်ဖက် တ
ယာဆိုင်သို့ရောက်နေသော ဗွာနအုပ် ဦးဘကြိုင်ထံသို့ ရောက် နေ

အက်စပက်တော်လှမိုးသည် လမ်းတစ်ဖက်သို့ပြေး၍ ဦး
ကြိုင်ထံမှ ဂျစ်ကားသော့ကိုတောင်းယူပြီး ဂျစ်ကားဆီသို့ပြန်ပြေးလာ
ဦးဘကြိုင်သည် အက်စပက်တော်လှမိုး၏အပြုအမူကို နားမလည်
ဖြင့်ကြည့်၍အနောက်မှ လိုက်ပါလာ၏။

အက်စပက်တော်လှမိုးသည် ကားကို အမြန်ဆုံးမောင်းနှ
အငှားကားနောက်သို့လိုက်လေ၏။

လမ်းဆုံသို့ရောက်သောအခါ အငှားကားကို မတွေ့ရတော့



www.burmeseclassic.com



က်ခြေပြတ်သွားလေ၏။

ဗွာနအုပ်ဦးဘကြိုင်သည် အက်စပက်တော်လှမိုးကို ကြည့်၍

"ဘယ်လိုဖြစ်တာလဲဆရာရယ်"

ဟုမေးမြန်းလိုက်ရာ အက်စပက်တော်လှမိုးက သေဆုံးသွား
သော နီလာမြိုင်ကို ပြန်လည်တွေ့ဆုံကြောင်းပြောလေ၏။

ဗွာနအုပ်ဦးဘကြိုင်က မျက်မှောင်ကြုတ်၍ နားထောင်နေပြီး

"ရုပ်ချင်းဆင်တူတာဖြစ်နိုင်ပါတယ်ဆရာ
ရယ်"

ဟုပြောလေ၏။

အက်စပက်တော်လှမိုးက ခေါင်းခါယမ်း၍

"ရုပ်ချင်းဆင်ရုံမကဘူး၊ နာမည်ချင်းလည်း
တူနေတယ်၊ သူ့ကို ကျုပ်က နီလာမြိုင်လို့ခေါ်လိုက်
တော့၊ ရှင်ကျွန်မ နာမည်ကို ဘာဖြစ်လို့ခေါ်တာလဲလို့
မေးတယ်၊ အိုဗျာ၊ ရုပ်ချင်းနာမည်ချင်း ဆင်ရုံမက
ဘူး၊ အသံချင်းလည်းတူတယ်၊ ကြည့်ပုံရှုပုံလည်း
တူတယ်၊ ကျုပ်တော့ ရူးချင်သလိုတောင်ဖြစ်သွားပြီး၊
နီလာမြိုင် တကယ်ပဲ ဝိညာဉ်ဘ၀ကို ရောက်နေပြီ
လား"

ဟုဆိုလိုက်ရာ ဗွာနအုပ် ဦးဘကြိုင်က သက်ပြင်းချ၍

မြန်မာ့ဆီစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဆရာလဲ ခေတ်ပညာတတ်တစ်ယောက်ပဲ

ဗျာ၊ ဝိညာဉ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျုပ်တော့

ထူးဆန်းတဲ့ တိုက်ဆိုင်မှုတစ်ခုလို့ပဲ ဆိုချင်တယ်"

ဟုဆိုလိုက်၏။ အက်စပက်တော်လှမိုးက မျက်မှောင်ကြုတ်၍

"တိုက်ဆိုင်မှု၊ တိုက်ဆိုင်မှု ဆိုရင် ဘာဖြစ်လို့

ဒီလောက်ကြီး တိုက်ဆိုင်တာလဲဗျာ"

ဟုနားမလည်ဟန်ဖြင့် ရေရွတ်နေလေ၏။

※ ※ ※

တာတီးသည် ချစ်တီးထမင်းကို ဗိုက်တားအောင် စားပြီး နောက် ခြေဦးတည့်ရာသို့ လျှောက်လှမ်းလာရင်း ရွှေတိဂုံဘုရား ခြေရင်း ရောက်သွားလေ၏။ တာတီးသည် ကုသိုလ်ကောင်းမှု ပြုလုပ်ရန် စိတ် ကောင်းဝင်သွားပြီး ဘုရားရင်ပြင်ပေါ်သို့ တက်ခဲ့လေ၏။ ဘုရားပေါ် ရောက်သောအခါ ပန်းရေချမ်းဆီမီးများ ဆက်ကပ် လှူဒါန်း၍ သဘာ တရားကို ဆန့်ကျင်သူများအား နှိမ်နင်းရန်အတွက် တန်ခိုး စွမ်းအင်များ ပေးသနားရန် ဘုရား၌ ဆုတောင်းနေလေ၏။





ပြီးနောက် ဘုရားခြေရင်းသို့ ပြန်ဆင်းလာပြီးနောက် ငှက်များကို ခဲ့လွှတ်ပြန်၏။ တာတီးသည် ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့သဖြင့် ကိုယ်မိမိယုံကြည်မှုများ ပိုမိုလာလေ၏။ မိမိ၌ သဘာဝတရား၏ အင်များပိုမိုတိုးတက်လာပြီဟု ယူဆမိ၏။

တာတီးသည် ကန်တော်ကြီးဘက်သို့ လျှောက်လှမ်းသွားပြီး ာက် ဘုရားပေါ်မှဆင်းလာသော မိန်းမတစ်ယောက်၏ နောက် ကျော ကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

"ဟင်...ဒီမိန်းမရဲ့ ကိုယ်လုံးက နီလာမြိုင်နဲ့တူ

လိုက်တာ"

ဟုတွေးပြီး သေချာစွာကြည့်ရှုနေလေ၏။

ထိုအခိုက်မှာပင် တာတီးကြည့်ရှုနေသော မိန်းမသည် ရထားလုံး စီးကို ငှားရမ်း၍ ထွက်သွားလေ၏။ တာတီးသည် ရထားလုံး ပေါ်သို့ တ်သွားသော မိန်းမ၏ မျက်နှာကို ကြည့်ပြီး အထိတ် တလန့်ဖြင့်

"နီလာမြိုင်"

ဟုရေရွတ်လိုက်လေ၏။

မိမိလက်ချက်ဖြင့် သေဆုံးသွားသော နီလာမြိုင်ကို သက်ရှိ င်ရှားတွေ့လိုက်ရသဖြင့် ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံနိုင် အောင် ဖြစ်မိ၏။

တာတီးသည်



www.burmeseclassic.com

www.burmeseclassic.com



"နီလာမြိုင်"

ဟုအော်ဟစ်ပြီး လမ်းတစ်ဖက်သို့ အပြေးအလွှား ကူး

သွားလေ၏။

သို့သော် နီလာမြိုင် တက်သွားသော ရထားလုံးသည် တခွ

တချင်ချင် အသံပြု၍ ထွက်ခွာသွားလေ၏။ တာတီးသည် အနီး

ရောက်လာသော ရထားလုံးတစ်စီးကို ကမန်းကတန်းတားဆီး

နီလာမြိုင်အနောက်သို့ လိုက်ရန် စေခိုင်းလိုက်လေ၏။

တာတီးသည် နီလာမြိုင်၏ အနောက်သို့ စိတ်လှုပ်ရှားစွာ

လိုက်ပါသွားလေ၏။ နီလာမြိုင်ကို သဘာဝတရားကြီး၏ ကိုယ်

မိမိအပြစ်ဒဏ်ခတ်ခဲ့၏။ ယခုနီလာမြိုင် အဘယ်ကြောင့် ပြန်လည်

သန်လာသနည်း။

ရထားလုံးပေါ်၌ လိုက်ပါသွားသော မိန်းမသည် နီလာမြိုင်

ခွဲမရအောင် တူသော မိန်းမပင်ဖြစ်လေသလား။ နီလာမြိုင်ကိုယ်တိုင်

သရဲတစ္ဆေသဘဝသို့ ရောက်ရှိပြီး မိမိကို ကိုယ်ထင်ပြခြင်းပေလော။

တာတီးသည် တွေးရင် ဉာဏ်မမီတော့သဖြင့် နီလာမြိုင်

အမြန်ဆုံးတွေ့ရန်သာ စိတ်စောနေမိ၏။ ထိုအခိုက်မှာပင် ရထား

ရပ်တန့်သွားပြီး နီလာမြိုင်သည် လူပြတ်သော လမ်းကြားလေးထဲသို့

ဝင်သွားလေ၏။ တာတီးသည် ရထားလုံးပေါ်မှ ခုန်ဆင်း၍ နီလာမြိုင်

အနောက်သို့ ပြေးလိုက်ခဲ့၏။ နီလာမြိုင်အနီးသို့ရောက် သောအခါ





"နီလာမြိုင်၊ မင်းက နီလာမြိုင်အစစ်ပဲလား"

ဟုမေးမြန်းလေ၏။ နီလာမြိုင်သည် အံ့သြဟန်မရှိဘဲ တာတီး

ကိုငဲ့စောင်းကြည့်၍

"ရှင်ဘာတွေအရူးထနေတာလဲ၊ ကျွန်မ

နီလာမြိုင် မစစ်လို့ ဘာဖြစ်ရမှာလဲ"

ဟုဆိုလိုက်ရာ တာတီးသည် နီလာမြိုင်ပြန်လည် ရှင်သန်လာ

သည်ဟု ယူဆပြီး

"မင်း မင်းကို သဘာဝတရားရဲ့ ကိုယ်စား

ငါကိုယ်တိုင် အပြစ်ဒဏ်ခတ်လိုက်ပြီးပြီ မင်းဘာဖြစ်

လို့ပြန်အသက်ရှင်နေရတာလဲ၊ ထူးဆန်းလိုက်တာ၊

ဟာ... ငါသိပြီ မင်းကို သဘာဝတရားက ငါ့အတွက်

ပြန်ပြီးလက်ဆောင်ပေးလိုက်တာပဲ၊ မင်းဟာငါ

အတွက် သဘာဝတရားရဲ့လက်ဆောင်ပဲ"

ဟုဆိုလိုက်ရာ နီလာမြိုင်က သဘောကျဟန်ဖြင့် ရယ်မောလိုက်

ပြီး

"ရှင်ဟာ မင်းသားဖြစ်မှ အရူးနဲ့ပိုတူ တူလာ

တယ်၊ ကြည့်လည်းလုပ်ဦးနော်၊ တော်ကြာ ပတ်ဝန်း

ကျင်က ရှင့်ကို အရူးလို့ထင်နေလိမ့်မယ်၊ ဘယ်လို

လဲ ရှင့်အလုပ်အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

ဟုမေးမြန်းလိုက်၏။ တာတီးက ရင်ကိုကော့၍

"ကျုပ်က သဘာဝတရားရဲ့ စေတမာန်ပဲ

အဆင်မပြေစရာမရှိပါဘူး"

ဟုပြောလိုက်၏။ နီလာမြိုင်သည် တာတီးနှင့် စကားပြောဆိုရင်း လမ်းတစ်နေရာသို့ရောက်သေအခါ ပျဉ်ထောင်အိမ်တစ်လုံး၏ ရှေ့ ရပ်ရင်း ခြံတံခါးကို သော့ဖွင့်လေ၏။ တာတီးသည် နီလာမြိုင်၏ အိမ် ကလေးကိုကြည့်၍ သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ် လိုက်ပြီး

"ဒီလိုတော့လဲ မင်းက သဘာဝတရားရဲ့

စေတမာန်ထက်တောင်အစွမ်းရှိနေပါလား"

ဟုပြောဆိုလိုက်ရာ နီလာမြိုင်က တာတီးကို ကျောခိုင်း၍ အိမ် ထဲသို့ ဝင်သွားပြီး

"ကျွန်မကတော့ ရှင့်လို မင်းသားရူး ရူးနေလို့

မရဘူး။ ညနေစာအတွက် ချက်ပြုတ်ရဦးမယ်"

ဟုဆိုကာ ပျဉ်ထောင်အိမ်ကလေး၏ အနောက်ရှိ မီးဖိုခန်းထဲသို့ ဝင်သွားလေ၏။ တာတီးသည် ပျဉ်ထောင်အိမ်ကလေးထဲသို့ဝင် လိုက် သောအခါ ဧည့်ခန်း၌ အိမ်ထောင်ပရိဘောဂများမရှိဘဲ ဖျာငယ် တစ်ချပ်နှင့် ရေနွေးအိုးတစ်လုံးကိုသာ တွေ့ရလေ၏။

တာတီးသည် အိပ်ခန်းထဲသို့ ဝင်ကြည့်သောအခါ ခုတင် တစ်





လုံးနှင့် မီရိုငယ်လေးသာ တွေ့ရ၏။ တာတီးသည် နီလာမြိုင်၏ စီးပွား ရေးအခြေအနေကို ရိပ်စားမိသွားပြီး သူမ အတွက် ပိုက်ဆံ ရှာဖွေ ပေးရမည်ဟု ဆုံးဖြတ်လိုက်လေ၏။

တာတီးသည် ခုတင်ပေါ်သို့ ခုန်တက်၍ခြေပစ်လက်ပစ် လှဲချ လိုက်လေ၏။ ထိုသို့လှဲချရင်း တစ်ဖန်ပြန်လည်ရှင်သန်လာသော နီလာမြိုင်၏ ထူးခြားဆန်းကြယ်မှုကို တွေးတောနေမိ၏။

သဘာဝတရားကြီးသည် အံ့သြဖွယ်ကောင်းလှပေ၏၊ နီလာမြိုင် ရထိုက်သင့်သော အပြစ်ဒဏ်ကို ခံယူစေပြီးနောက် မိမိကို ငဲ့ညှာသော အားဖြင့် သူမကို တစ်ဖန်ပြန်လည်ရှင်သန်စေ၏။

နီလာမြိုင်သည် မိမိအတွက် သဘာဝတရားက ပေးအပ်သော လက်ဆောင်ဖြစ်၏။ ထိုအခိုက်မှာပင် နီလာမြိုင်သည် အိပ်ခန်းထဲသို့ ဝင်ရောက်လာ၏။ တာတီးသည် နီလာမြိုင်ကို လက်ကမ်း ကြိုဆို၍

"ကိုယ့်အနားလာပါဦး"

ဟုဆိုလိုက်ရာ နီလာမြိုင်က ပခုံးတွန့်၍

"ကျွန်မ ရေလေးဘာလေးချိုးပါရစေဦး၊

ဟင်းချက် ထားတာ တစ်ကိုယ်လုံးနံ့ပေါင်နေတာပဲ"

ဟုဆိုကာ ရေချိုးရန် ခြံအနောက်သို့ ထွက်ခွာသွားလေ၏။ ခဏကြာလျှင် လုံချည်ရင်လျားနှင့် အိပ်ခန်းထဲသို့ ပြန်လည် ဝင် ရောက်လာ၏။ တာတီးသည် နီလာမြိုင်၏ တက်မက်ဖွယ် ရှိုက်ဖို



www.burmeseclassic.com

www.burmeseclassic.com

ကြီးငယ် အသွယ်သွယ်ကိုကြည့်၍ ရင်ထဲတွင် ပူလောင်လာပြီး သူမ
ဆွဲပွေ့ဖက်လိုက်၏။

နီလာမြိုင်က ရှန်းကန်ရင်း ရင်ခွင်ထဲသို့ပြုလဲကျလေ၏။ တာ
သည် သဘာဝတရား၏ လက်ဆောင်ကို တရှိုက်မက်မက် တန်
တား၏။ သူသည် နီလာမြိုင်ကို စိတ်တိုင်းကျ ချစ်တင်းနှီးနှောနေမိ

အတန်ကြာသောအခါ နီလာမြိုင်က ပင်ပန်းနွမ်းနယ်စွာဖြ
ရင်ခွင်ထဲမှထ၍

"ရှင် သိပ်ဆိုးနေပါလား၊ ဘာဖြစ်လို့
ဒီလောက်တောင် ဆိုးသွမ်းနေတာလဲ"

ဟုဆိုလိုက်ရာ တာတီးသည် သဘောကျဟန်ဖြင့် ရယ်မော

"မင်းက ငါ့အတွက် တစ်ဖန်ပြန်လည်
အသက်ဝင်လာတဲ့ သဘာဝရဲ့လက်ဆောင်ကွ၊
ငါဟာ သဘာဝတရားရဲ့ စေတမာန် ဒါကြောင့်
သဘာဝတရားက ငါ့ဆီပြန်ပေးသနားလိုက်တာ"

ဟုဆိုလိုက်ရာ နီလာမြိုင်သည် အဝတ်အစားပြန်ဝတ်နေရာ
တာတီးဘက်သို့လှည့်ကြည့်၍

"ရှင့်စိတ်မှ မှန်သေးရဲ့လား၊ ရှင့်ကိုရှင်
သဘာဝတရားရဲ့ တမန်တော်အစစ်ကြီးလို့တောင်
ထင်နေပြီလားမသိဘူး"





ဟုဆိုလိုက်ရာ နီလာမြိုင်၏ စကားကြောင့် တာတီးသည်
ခံမရပ်နိုင်ဖြစ်သွားပြီး

"ငါဟာ သဘာဝတရားရဲ့ စေတမာန်အစစ်
မဟုတ်ဘူးလို့ မင်းထင်နေတယ်ပေါ့။ မင်းနဲ့အတွေး
တွေ သိပ်မှားနေပြီ၊ ငါဟာ သဘာဝတရားရဲ့
တမန်တော်အစစ်ပဲကွ"

ဟုဆိုလိုက်၏။ နီလာမြိုင်က စကားမတုံ့ပြန်တော့ဘဲ

"ရှင်မိုက်ဆာနေရင် ကျွန်မ ညစာသွားပြင်
လိုက်မယ်"

ဟုပြောကာ အိမ်အနောက်သို့ဝင်သွားလေ၏။ နီလာမြိုင် ထွက်
သွားသောအခါ တာတီးသည် သူမ၏ လှပသောကိုယ်ခန္ဓာ ကိုကြည့်၍

"သဘာဝတရားရဲ့ စေတမာန်အဖြစ် ဥပဒေ
ကို ချိုးဖောက်တဲ့အခါ နီလာမြိုင်ကို ထိခိုက်မှာစိုး
တယ်၊ သူနဲ့အတူတူနေလို့မဖြစ်ဘူး။ ခပ်ကင်းကင်း
နေမှဖြစ်မယ်၊ လောလောဆယ် ငါငှားထားတဲ့
အိမ်ကို ပြန်အိပ်မှဖြစ်မယ်"

ဟုဆိုကာ နီလာမြိုင်မသိအောင် အိပ်ခန်းထဲမှ တိတ်တဆိတ်
ထွက်ခဲ့လေ၏။

နီလာမြိုင်သည် အိမ်အနောက်ဘက်တွင် သီချင်းတအေး



www.burmeseclassic.com

www.burmeseclassic.com



အေးနှင့် ထမင်းဟင်းများကို ပြင်ဆင်နေလေ၏။

✵ ✵ ✵

စောတမာန်သည် မင်းသားသစ်ရွေးပွဲ၌ အရွေးခံလိုက်ရသဖြ အိမ်သို့ ဝမ်းသာအားရပြန်လာခဲ့၏။ မိမိတို့ ဖနီးမောင်နှံ စီးပွားေ အဆင်မပြေသဖြင့် ကြပ်တည်းစွာနေထိုင်ခဲ့ရ၏။

ယခု မင်းသားသစ်ရွေးပွဲ၌ အရွေးခံလိုက်ရကြောင်း ဖနီးဖြ သူသိလျှင် မျှားစွာပျော်ရွှင်ဝမ်းမြောက်ပေလိမ့်မည်။

စောတမာန်သည် ရထားလုံးတစ်စီးငှားရမ်း၍ အိမ်သိုပြန်လာ ၏။ ခြံတခါးရှေ့သို့ရောက်သောအခါ မှောင်ရီသန်းစပြုနေပြီး အိ အနောက်၌ မီးခိုးများ တလူလူထွက်နေသဖြင့် ဖနီးဖြစ်သူ ညစာချ နေကြောင်းသိလိုက်၏။ စောတမာန်သည် အိမ်ရှေ့ဧည့်ခန်းထဲသို့ အသံ မကြားအောင် ဝင်သွားပြီး အိမ်အနောက်သို့ဝင်ခဲ့၏။ ဖနီးဖြစ်သူသည် အငွေ့တလူလူထွက်နေသော ထမင်းများကို ပန်းကန်ထဲသို့ ခူးထည့် နေ၏။ သူသည် ဖနီးအနီးသို့ အသံမကြား အောင် တိုးကပ်သွားပြီး

"ဟေး"





ဟုအော်ဟစ်ကာ သိုင်းဖက်လိုက်၏။ သူ၏ဖနီးသည်

"အမလေးလန့်လိုက်တာ"

ဟုအော်ဟစ်ရင်း စောတမာန်ကိုကြည့်ကာ

"ရှင်တော်တော်အရူးထနေပါလား။ အလကား နေရင်း သူများကို နှလုံးတုန် ရင်တုန်ဖြစ်အောင် လုပ်တယ်"

ဟုပြောလိုက်ရာ စောတမာန်က ဝမ်းသာအားရဖြင့်

"အရူးထတာမဟုတ်ဘူးကွ၊ ကိုယ်မင်းသား ဖြစ်ပြီး ဒီနေ့ မင်းသားရွေးပွဲမှာ ကုမ္ပဏီကကိုယ့်ကို ရေကလူ ပြာပူမကြောက်ကားမှာ သရုပ်ဆောင်ဖို့ ရွေးလိုက်ပြီ"

ဟုပြောလိုက်လေ၏။ ဖနီးဖြစ်သူက ခေါင်းညိတ်၍

"ကျွန်မသိသားပဲ၊ ဒါကြောင့်ရှင်ဒီနေ့ မင်းသားရူး ရူးနေတာကိုး။ မင်းသားဖြစ်ပြီဆိုတော့ ရှင်ဒီအချိန်ကစပြီး ကြိုးစားဖို့သာပြင်ပေတော့၊ ကျွန်မတို့ မိသားစုမှာ ရှင်အောင် မြင်မှဖြစ်မယ်"

ဟုပြောလိုက်ရာ စောတမာန်က ဝမ်းသာအားရဖြင့်

"မကြိုးစားလို့ဖြစ်မလားကွ၊ မင်းသားဖြစ်ဖို့ ကိုယ် အနှစ်နှစ် အလလ ရည်မှန်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်လေ၏။ သူ၏ဇနီးက

"ကဲ...ကျွန်မတို့ညစာစားရအောင် ဗိုက်ထဲမှာဆာနေပြီ"

ဟုပြောလိုက်လေ၏။ စေတမာန်က ဇနီးဖြစ်သူလက်ထဲရှိ ယက်ကန်များကို လှမ်းယူလိုက်ပြီး

"ညစာစားမယ်၊ ညစာစားပြီးရင် ကိုယ့်ရဲ့အောင်မြင်မှုကို ဂုဏ်ပြုတဲ့အနေနဲ့မင်းကို"

ဟုဆိုလိုက်ရာ ဇနီးဖြစ်သူက ကမန်းကတန်းလက်ကာပြ၍

"အမလေးတော်ပါတော့ရှင်၊ ကျွန်မအိပ်ချင်နေပြီ၊ ရှင့်ကို စည့်မခံနိုင်ဘူး"

ဟုပြောလိုက်လေ၏။

ထို့နောက် သူတို့နှစ်ဦးညစာ စားပြီးနောက် အိပ်ရာထဲသို့ဝင်လေ၏။ အိပ်ရာထဲသို့ရောက်သောအခါ ဇနီးဖြစ်သူက စေတမာန်ဘက်သို့လှည့်၍

"ရှင်ဒီနေ့ဘာဖြစ်လို့မင်းသားအရွေးခံရတာလဲ သိလား"

ဟုမေးမြန်းလိုက်လေ၏။ စေတမာန်ကရယ်မော၍

"ကိုယ့်အရည်အချင်းကို ကုမ္ပဏီက အသိအမှတ်ပြုလို့ပေါ့ကွ"





ဟုပြောလိုက်၏။ ဇနီးဖြစ်သူ ခေါင်းခါယမ်း၍

"ရှင့်အရည်အချင်းတစ်ခုတည်းကြောင့်မဟုတ် ဘူး။ ဒီနေ့ ရွှေတိဂုံဘုရားသွားပြီး ရှင့်အတွက်ယကြာတွေလုပ်ခဲ့တယ်ရှင့်၊ ပန်း၊ ရေချမ်း၊ ဆီမီးတွေလည်း ကပ်လှူခဲ့တယ်"

ဟုဆိုလိုက်ရာ စေတမာန်က အံ့သြဟန်ဖြင့် ဇနီးဖြစ်သူကိုကြည့်၍

"ငါ့မိန်းမ တော်တော်သိတတ်ပါလား၊ သိတတ်တဲ့ မိန်းမကို ဆုချရမယ်"

ဟုဆိုကာ ဇနီးဖြစ်သူကို သူ၏အနီးသို့ဆွဲယူလိုက်၏။ ဇနီးဖြစ်သူက ရှန်းကန်၍

"မင်းသားဖြစ်မှ ရှင်တော်တော်ဆိုးနေပါလား"

ဟုအော်ဟစ်လိုက်လေ၏။

စေတမန်ကမူ သူမ၏ စကားကို အလေးမမူဘဲ ဇနီးဖြစ်သူ၏ ချိုမြိန်းသော နှုတ်ခမ်းအစုံကို စုတ်နမ်းလိုက်၏။ သူမ၏ကိုယ်ခန္ဓာအနှံ့ကို ပွတ်သပ်ဆုပ်ကိုင် လိုက်သောအခါ ဇနီးဖြစ်သူသည် မငြင်းဆန်နိုင်တော့ဘဲ သူပြုသမျှ နရှာ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



စေတမာန်သည် နောက်တစ်နေ့သို့ရောက်သောအခါ မိ
ပိုင်ဆိုင်သမျှ အဝတ်အစားများအနက် အကောင်းဆုံး အဝတ်အစာ
များကို ဝတ်ဆင်၍ မယားဖြစ်သူကိုနှုတ်ဆက် အနမ်းပေးကာ ပဲ
ကုမ္ပဏီသို့ထွက်ခဲ့လေ၏။

ကုမ္ပဏီပိုင်ရှင် အမျိုးသမီးကြီးက မိမိကို ကုမ္ပဏီသို့ လာ
မှာကြားထား၏။ မိမိ၏အမည်ရင်း စေတမာန်ကိုမနှစ်သက်သဖြ
နာမည်ငါးမျိုးရွေးပေးမည်ဆို၏။ မည်သို့ပင်ဖြစ်စေ စေတမာ
ဆိုသော အမည်ကိုပင် နှစ်သက်နေမိ၏။ စေတမာန်သည် တက်ကြွ
သော ခြေလှမ်းများဖြင့် ပဲရစ်ကုမ္ပဏီသို့ သွားလာနေလေ၏။ ပဲ
ကုမ္ပဏီ၏ မင်းသားအဖြစ်အောင်မြင်လျှင် မိမိတို့လင်မယား အနာဂ
မျှော်လင့်ချက်များ ရှင်သန်လာပေတော့မည်။

စေတမာန်သည်မိဘများမရှိတော့ဘဲ ဘကြီးဖြစ်သူနှင့် အ
နေထိုင်ရာမှ အိမ်နီးချင်း မိန်းမပျိုတစ်ဦးနှင့် အိမ်ထောင်ကျခဲ့
ဖြစ်၏။ ဘကြီးက စေတမာန်အား မိဘလက်ငုတ်လက်ရင်းဖြ
လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်လို၏။ စေတမာန်ကမူ ဖိနပ်လုပ်
ကို ဝါသနာမပါဘဲ မင်းသားရူး ရူးနေသူဖြစ်၏။ နောက်ဆုံး၌ ဘကြီး
သူသည် စေတမာန်၏ မင်းသားရူး ရူးနေပုံကို သည်းမခံနိုင်တော
သဖြင့် အိမ်ပေါ်မှနှင်ချလိုက်၏။ စေတမာန်သည် ဇနီးကိုလက်ဆွဲ
ရန်ကုန်မြို့သို့ အရဲစွန့်ပြီးတက်ခဲ့လေ၏။





ရန်ကုန်သို့ရောက်သောအခါ ဇနီးဖြစ်သူ၏ လက်ဝတ် လက်စား
များကို ရောင်းချ၍ အိမ်ငှားခဲ့ရ၏။ ထိုအခါ ၎င်းတို့လင်မယားအတွက်
သုံးလစာ စားစရိတ်သာရှိ၏။ ထိုအချိန်မှစ၍ စေတမာန်သည် ရန်ကုန်
တစ်မြို့လုံးကို ခြေတိုအောင်လျှောက်၍ အလုပ်ရှာရ၏။ ထိုသို့
အလုပ်ရှာရင်း ပဲရစ်ကုမ္ပဏီ၏ မင်းသား ရွေးပွဲကြော်ငြာကို တွေ့ရှိပြီး
ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်၏။ ယခုတော့ ကံကောင်းထောက်မစွာ
င့် ပဲရစ်ကုမ္ပဏီ၏ မင်းသားသစ်တစ်ဦး အဖြစ်သို့ ရောက်ရှိခဲ့ချေပြီ။
မိ၏ရွှေရောင်အိပ်မက်များ မကြာမီ အကောင်အထည်ပေါ်ပေ
တော့မည်။

* * *

အင်စပက်တော်လှမိုးသည် ရွှေကျိုးညိုမြတ်ရှင် ကုမ္ပဏီကို
စောင့်ကြည့်ရန် အလို့ငှာ ထုံးစံအတိုင်း ကုမ္ပဏီအရှေ့ရှိ ကာကာဆိုင်၌
၍ထိုင်လေ၏။ အင်စပက်တော်လှမိုး တစ်ယောက် ကာကာဆိုင်
၌ တာတီးကိုစောင့်ကြည့်နေသည်မှာ (၃)ရက် ရှိလေပြီ။ ယနေ့

www.burmeseclassic.com



အထိ တာတီး၏အရိပ်အယောင်ကိုမျှ မမြင်ရသေးချေ။ အင်စပက်တေ
လှမိုးသည် တာတီးကို မတွေ့သေးသော်လည်း မပေါ့ဆရဲဘဲ ရွှေကျိုး
ကုမ္ပဏီဝန်းကျင်၌ စောင့်ကြည့်နေမိ၏။ အဘယ်ကြောင့်ဆိုသေ
တာတီးသည် စိတ်ဖောက်ပြန်နေသူဖြစ်၏။

ငှင်းမိခင်အရင်းကိုပင် ပြန်၍ရန်ပြုသွားနိုင်၏။ တာတီး လ
ချက်ကြောင့် အသက်ထွက်သွားသူများစွာ ရှိနေ၏။ အင်စပက်တေ
လှမိုးသည် ရွှေကျိုးညို ကုမ္ပဏီပိုင်ရှင်အမျိုးသမီးကြီးအား တာတီး
ပတ်သက်သော အကြောင်းအရာများကို မေးမြန်းချင်၏။

သို့သော် တာတီးနှင့် ရွှေကျိုးညိုပိုင်ရှင် အမျိုးသမီးကြီး ဆ
စပ်မှု ရှိမရှိ မသေချာသေးချေ။ ငှင်းတို့၏နောက်ကြောင်း ရာဇဝင်
ကို သွားရောက် မေးမြန်းလျှင်လည်း ဂုဏ်သိက္ခာအရ ဖွင့်ဟပြော
မည် မထင်ချေ။ ထို့ကြောင့် နေ့စဉ် ရက်ဆက် အပင်ပန်းခံ၍ တာတီး
စောင့်ကြည့်နေမိ၏။

* * *





တာတီးသည် တစ်ညလုံး မအိပ်စက်နိုင်ဘဲ မိခင် အကြောင်း
ကို တွေးတောနေသဖြင့် နေ့အတော်မြင့်မှ အိပ်ရာနိုးလေ၏။ တာတီး
သည် နံနက်စာကို အဝစားတစ်မှုးဆိုင်၌ သွားရောက်စား သောက်
လေ၏။

ထိုသို့စားသောက်ပြီးနောက် ပဲရစ်ကုမ္ပဏီရှိရာသို့သွားပြီး မိခင်
၏အရိပ်အခြည်ကိုစောင့်ကြည့်ရန် ဆုံးဖြတ်လိုက်၏။ ပဲရစ် ကုမ္ပဏီ
ရှိရာသို့ရထားလုံးတစ်စီးငှားရမ်းပြီးထွက်ခွာလာခဲ့၏။ ပဲရစ်ကုမ္ပဏီနှင့်
နီးကပ်လာသည် နှင့်အမျှ သူ၏ရင်ခုန်နှုန်းများလည်း မြန်ဆန်လာ၏။

* * *

စေတာမာန်သည် ပဲရစ်ခါတ်ရှင်ကုမ္ပဏီသို့ ရောက်ရှိသွား
သောအခါ ကုမ္ပဏီပိုင်ရှင် ဒေါ်စိန်ဆင့်ကသူ၏ရုံးခန်းသို့ ခေါ်တွေ့ပြီး

"မင်းကို အနုပညာနာမည် ငါးမျိုးရွေးပေး
မယ်ဆိုတဲ့ အစီအစဉ်ကို ပြောင်းလိုက်ပြီ၊ မင်းရဲ့
နာမည်အရင်းစေတာမာန် ဆိုတဲ့ နာမည်ကိုပဲ သုံး
တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုလိုက်ရာ စေတမာန်က ဝမ်းသာအားရဖြင့်

"ကျွန်တော်လဲ ဒီနာမည်ကိုပဲ သုံးချင်တာပါ"

ဟုပြောလိုက်လေ၏။ ထိုအခါ ဒေါ်စိန်ဆင့်က

""ညနေက ဒါရိုက်တာဦးစိန်ကြီးနဲ့ ငါတို့တိုင်ပင်ပြီး အစီအစဉ် အသစ်တစ်ခုဆွဲခဲ့တယ်၊ အဲဒါက တော့ ငရဲကလူ ပြာပူမကြောက်ကို ခါတ်ရှင်မရိုက်မီ ပြဇာတ်အရင်ကချင်တယ်၊ ပြဇာတ်ကို သီတင်းကျွတ်ပွဲတော်အမီကချင်တယ်"

ဟုပြောလိုက်ရာ စေတမာန်က နံရံ၌ချိတ်ထားသော ပြက္ခဒိန်ကို လှမ်းကြည့်၍

"ဟင်… သီတင်းကျွတ်ဖို့ ငါးရက်လောက်ပဲ လိုတော့တယ်၊ ဘယ်လိုကကြမှာလဲ"

ဟုမေးမြန်းလိုက်၏။ ဒေါ်စိန်ဆင့်က ခေါင်းညိတ်၍

""ဟုတ်တယ်၊ ငါတို့မှာ ဇာတ်တိုက်ဖို့ အချိန် မရှိတော့ဘူး။ ဒါပေမဲ့ ဒီငါးရက်အတွင်း နေ့ရောညပါ တိုက်မယ်ဆိုရင်တော့ ဖြစ်နိုင်တယ်၊ ငရဲကလူပြာပူ မကြောက်ဇာတ်မှာ မင်းက အဓိကပဲ၊ ဒါကြောင့် မင်းကို ကုမ္ပဏီရဲ့ခြံထဲမှာခေါ်ထားပြီး ငါးရက်လုံးလုံး အချိန်ပြည့်ဇာတ်တိုက်ကြမယ်၊ ဒီအချိန်ကစပြီး





မင်းအိမ်ပြန်လို့ မရတော့ဘူး"

ဟုဆိုလိုက်ရာ စေတမာန်သည် ဒေါ်စိန်ဆင့်၏ စကားကို မငြင်းဆန်နိုင်ဘဲ ခေါင်းညိတ်လက်ခံလိုက်ရလေ၏။ ထို့နောက် ငါးရက်ခန့် ကြာပြီး ကုမ္ပဏီခြံဝန်းထဲ၌ ငရဲကလူပြာပူမကြောက် ဇာတ်ကိုတိုက်ရလေတော့မည်။ ထိုအခါ ဒေါ်စိန်ဆင့်က

"မင်းရဲ့အိမ်ကိုအကြောင်း ကြားချင်ရင် အခုပဲ အကြောင်းကြားပေတော့၊ ပြီးရင် အမြန်ဆုံး ပဲရစ်ကုမ္ပဏီကို ပြန်လာခဲ့ပါ"

ဟုဆိုလိုက်ရာ စေတမာန်က ခေါင်းညိတ်၍

"ဒါဆိုရင် ကျွန်တော်က ဒီခြံကြီးထဲမှာ ငါးရက် နေရမှာပေါ့"

ဟုမေးမြန်းလေ၏။ ဒေါ်စိန်ဆင့်က ခေါင်းခါယမ်း၍

"ဒီခြံထဲမှာ ဇာတ်တိုက်လို့ မဖြစ်ဘူး။ ဒီမှာက သတင်းထောက်တွေ အဝင်အထွက်များတယ်၊ ပြဇာတ်နဲ့ပတ်သက်လို့ မပေါက်ကြားစေချင်သေးဘူး။ အင်းစိန်ဘက်မှာ ပဲရစ်ကုမ္ပဏီရဲ့ ခြံခွဲရှိတယ်၊ အဲဒီမှာမင်းနေရမယ်၊ ငါကိုယ်တိုင်လဲ အင်းစိန်ခြံ ထဲမှာ ရှိနေမှာပါ"

ဟုပြောလိုက်ရာ စေတမာန်သည် ပြဇာတ်ကမည့် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖနီးသည်ထံသို့ ပြန်၍အကြောင်းကြားရန် ပဲရစ်ဓါတ်ရှင်ကုမ္ပဏီ ပြန်ခဲ့လေ၏။ သူသည် ပြဇာတ်ကရန် အချိန်ငါးရက်သာ ကျန်တော့ သဖြင့် စိတ်လှုပ်ရှားနေလေ၏။ ဤပြဇာတ်ကို မိမိပိုင်ပိုင်နိုင်နိုင် ကပြနိုင်ပါ့မလားမသိ။

✳✳✳

စေတမာန်သည် ပဲရစ်ကုမ္ပဏီရှေ့၌ အသင့်တွေ့ရသော ရထား လုံးတစ်စီးကို ငှားရမ်း၍ အိမ်သို့ပြန်ခဲ့၏။ ပဲရစ်ကုမ္ပဏီ အရှေ့ အသုပ်စုံ ရောင်းသော မိန်းကလေးတစ်စုသည် စေတမာန် ရုပ်ရည် သဘော ကျဟန်ဖြင့် ချီးမွမ်းနေကြ၏။ စေတမာန်စီး လာသော ရထားလုံးသည် လမ်းထိပ်၌ တာတီး စီးလာသော ရထားလုံးနှင့်ဆုံ တိုက်မိမလိုဖြစ် သွားလေ၏။ ပြီးမှ ရထားလုံးနှစ်စီး ကွင်းရှောင် မောင်းနှင်သွားကြ၏။ စေတမာန်သည် ရထားလုံးပြတင်းပေါက် တစ်ဖက်ရထားလုံးကို ကြည့်လိုက်၏။ ထိုအခါ ရထားလုံးထဲတွင် လူတစ်ဦး၏အရိပ်သဏ္ဌာန် ကို မသဲ မကွဲမြင်တွေ့လိုက်ရ၏ တာတီးစီးလာသော ရထားလုံးသည် ပဲရစ်ကုမ္ပဏီရှေ့ ရောက်သောအခါ ရပ်တန့်သွားလေ၏။

တာတီးသည် ရထားလုံးပေါ်မှခုန်ဆင်း၍





"အမေရေ ကျွန်တော်လာနေပြီမျို့"

ဟုရင်ထဲက ကြုံးဝါးလိုက်လေ၏။ ပြီးနောက် ပဲရစ်ကုမ္ပဏီ ရှေ့ရှိ ရဲကလူ ပြာပူမကြောက်ဆိုသော ဆိုင်းဘုတ်ကြီးကို ကြည့်၍

"အံ့ဩစရာကောင်းလိုက်တာ၊ အမေက
ငါလာမည်ဆိုတာ ကို ကြိုသိနေတယ်ပေါ့၊
ငါ့အတွက် ဒီရက်ပိုင်းမှာ ကြုံတွေ့သမျှ
အံ့ဩစရာတွေချည်းပဲ"

ဟုရေရွတ်လိုက်လေ၏။ ထိုအခါ ပဲရစ်ကုမ္ပဏီအရှေ့ရှိ အသုပ်စုံ ရောင်းသော မိန်းကလေးတစ်စုသည် တာတီးကို မယုံနိုင်ဟန်ဖြင့် ကြည့်ရှုနေကြ၏။ မိန်းကလေးတစ်ဦးက

"ဟင်... မင်းသားသစ် စေတမာန်ပါလား၊
အခုပဲ ရထားလုံးပေါ်တက်သွားတယ်၊ အခုပဲပြန်
ရောက်လာတယ်၊ အဝတ်အစားလည်းပြောင်းသွား
တယ်၊ ဒီလောက်အချိန်တိုတိုလေးအတွင်းမှာ
အဝတ်အစားတွေပြောင်းလိုက်တာ မယုံနိုင်စရာပဲ"

ဟုဆိုလိုက်ရာ ကျန်သောမိန်းကလေးတစ်ဦးက

"မင်းသားတွေက ဒီလိုပါပဲဟယ်၊ သူတို့ဟာ
ငါတို့အံ့ဩအောင်သိဝ်လုပ်တတ်ကြတယ်၊ ဒါကြောင့်
လဲ မင်းသား ဖြစ်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်လေ၏။ တာတီးသည် ပဲရစ်ကုမ္ပဏီအတွင်းသို့ ရင်ကိုကော့၍ ဝင်သွားလေ၏။ ပြီးနောက် သူ၏အနီးသို့ ရောက် လာ သော လူတစ်ဦးအား

"ကျုပ် ကုမ္ပဏီပိုင်ရှင် ဒေါ်စိန်ဆင့်နဲ့တွေ့ချင် တယ်"

ဟုပြောလိုက်ရာ ထိုသူက တာတီးကို အံ့သြဟန်ဖြင့် ကြည့်၍

"ခင်ဗျားက စေတမာန်ဖြစ်နေပြီပဲ၊ ကုမ္ပဏီ ကို တံခါးမရှိ ဓားမရှိ ဝင်လို့ရနေတာပဲ၊ ကျုပ်တို့ကို ခွင့်တောင်းစရာမလိုပါဘူး"

ဟုပြောလိုက်၏။ တာတီးသည် ထိုသူ၏ပခုံးကိုပုတ်၍

"ခင်ဗျားမဆိုးဘူး။ ကျုပ်ဘာကောင်ဆိုတာ ကောင်းကောင်း သိတယ်"

ဟုချီးမွမ်းလိုက်လေ၏။ ထိုအချိန်၌ဒေါ်စိန်ဆင့်သည် မလှမ်း မကမ်းရှိ သူမ၏မောရစ်မိုင်နားကားလေးပေါ်သို့ တက်သွားလေ၏။

ထိုအခါ တာတီးအရှေ့ရှိလူများက

"ဟိုမှာ ဒေါ်စိန်ဆင့်သွားတော့မယ်၊ ခင်ဗျား တွေ့ချင် ရင်သွားလေ"

ဟုပြောလေ၏။ သူ၏စကားမဆုံးမီ ဒေါ်စိန်ဆင့်၏ ကား သည် တာတီး၏အနီးသို့ ရောက်ရှိလာလေ၏။ တာတီးသည် ရင်





တွင် လွန်စွာလှုပ်ရှားနေသဖြင့် မိခင်ဖြစ်သူကို မျက်တောင် မခတ်ဘဲ ငုငိုင်ငိုင်ကြီးကြည့်နေလေ၏။ မိခင်၏ မျက်လုံးများသည် စိမ်းကား ခုတ်စက်လွန်းလှ၏။

"ရက်စက်လိုက်တာ အမေရယ်၊ ကျွန်တော့် ကို ဘာကြောင့် လူ့လောကထဲမှာ တစ်ယောက် တည်း ထားရစ်ခဲ့တာလဲ၊ ကျွန်တော်မှာ ဘာ အပြစ်ရှိလို့လဲ"

ဒေါ်စိန်ဆင့်သည် တာတီးကိုကြည့်ရင်း တစ်စုံတစ်ရာ ပြော ဟန်ပြင်လိုက်၏။ သို့သော် ဒရိုင်ဘာက ကားကို အရှိန်ဖြင့် မောင်း လိုက်သဖြင့် ဒေါ်စိန်ဆင့်၏ စကားသံများ ထွက်ပေါ်မလာခဲ့ချေ။ တာတီးသည် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် ဒေါ်စိန်ဆင့်၏ ကားနောက် မြီးကို ကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။ သူ၏ရင်ထဲတွင် ဗလောင်ဆူ နေမိ၏။ ရက်စက်ကြမ်းကြုတ်သော မိခင်ကို သဘာဝတရား၏ ကိုယ်စား အပြစ်ဒဏ်ခတ်ရပေတော့မည်။ ထိုအခိုက်မှာပင် တာတီး ၏ အနီးသို့ ဓါတ်ရှင်ကုမ္ပဏီရှိ လူတစ်ဦးရောက်ရှိလာပြီး

"ဘာတွေငေးနေတာလဲမင်းသားရဲ့"

ဟုမေးမြန်းလိုက်၏။

တာတီးသည် ဒေါ်စိန်ဆင့်၏ ကားနောက်မြီးကိုကြည့်၍

"အမေဘယ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟုမေးမြန်းလိုက်၏။

ထိုသူက တာတီးကို အံ့ဩဟန်ဖြင့် ကြည့်၍

"အင်းစိန်က ပဲရစ်ကုမ္ပဏီရဲ့ ခြံခွဲကို သွားတာပေါ့"

ဟုပြောလိုက်လေရာ တာတီးက ခေါင်းတဆတ်ဆတ်ညိတ်၍

"အမေဘယ်ကိုသွားသွား ကျုပ်က သဘာဝတရားရဲ့ ကိုယ်စားအပြစ်ဒဏ်ခတ်ရမှာပဲ၊ ဘာကြောင့်လဲ ဆိုတော့ ကျုပ်က သဘာဝတရားရဲ့ စေတမာန်ဖြစ်နေတာကိုး မျ"

ဟုပြောလိုက်ပြီး ပဲရစ်ခါတ်ရှင်ကုမ္ပဏီကြီးမှ ကျောခိုင်း ထွက်ခွာလာခဲ့လေ၏။

✲ ✲ ✲

စေတမာန်သည် ဇနီးဖြစ်သူထံသို့ ပဲရစ်ကုမ္ပဏီ၌ ငါးရက်လုံးလုံး ဓာတ်တိုက်မည့်အကြောင်းကို ပြောဆိုလေ၏။ စေတမာန်၏စကားကြောင့် ဇနီးဖြစ်သူက သက်ပြင်းချ၍

"သီတင်းကျွတ်မှာ ပြဇာတ်ကမယ်ဆိုတော့ ဓာတ်တိုက်ဖို့ အချိန်တောင်မရှိတော့ဘူး။ ဒါဆိုရင် တော့ ငါးရက်လုံးလုံး ရှင်အိမ်ပြန် လို့ရမှာမဟုတ်ဘူး"

ဟုပြောလေရာစေတမာန်က ခေါင်းခါယမ်း၍

"ငါးရက်လုံးလုံး ခြံထဲမှာ နေရရင် ကိုယ်ပျင်းလို့သေလိမ့်မယ်၊ အခွင့်အရေးရရင် ရသလို အိမ်ကို ခိုးပြန်ခဲ့မယ်၊ ကိုယ့်မိန်းမကို ကိုယ်မခွဲနိုင်ပါဘူး"

ဟုပြောလေ၏။ စေတမာန်၏ စကားကြောင့် ဇနီးဖြစ်သူ အားတက်စောင်းထိုး၍

"ရှင်အပိုတွေပြောမနေနဲ့၊ ကိုယ့်ဘာသာ မင်းသားဖြစ်အောင် ကြိုးစားပေတော့"

ဟုပြောလေ၏။ စေတမာန်သည် ဇနီးသည်ကိုနှုတ်ဆက်၍ အင်းစိန်ရှိ ပဲရစ်ကုမ္ပဏီခြံထဲသို့ ထွက်ခွာလာခဲ့၏။

အင်းစိန်ရှိ ပဲရစ်ကုမ္ပဏီခြံခွဲသည် မိမိထင်ထားသည် ထက်များစွာပို၍ကျယ်ဝန်းကြောင်းတွေ့ရ၏။ ပဲရစ်ကုမ္ပဏီဟူသော ဆိုင်းဘုတ်၏အနောက်၌ အနီရောင်ခြံတံခါးကြီးကို တွေ့ရလေ၏။ ခြံတံခါးပိတ်ထားသဖြင့် တံခါးအနီးရှိ ခေါင်းလောင်းကြိုးကို ဆွဲလိုက်သောအခါ ခြံစောင့်လူကြီးသည် တံခါးကို ဖွင့်ပေးလေ၏။

ခြံကြီးအနောက်၌ ခါတ်ရှင်ရိုက်ရန် ဆက်တင်အမျိုးမျိုးပြုလုပ်ထားကြောင်းတွေ့ရ၏။ စေတမာန် ခြံထဲသို့ရောက်သောအခါ







www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဦးက ခြံအနောက်ရှိ အဆောင်ငယ်လေးသို့ ခေါ်ဆောင်သွာ ၏။ ထိုနေရာ၌ မိမိအိပ်စက်ရမည်ဆို၏။ စေတမာန်၏အထု အပိုးများချပြီးသည်နှင့် အနီးသို့ လူတစ်ဦး ရောက်လာပြီး အဆ တိုက်ရန်နေရာသို့ခေါ်ဆောင်သွားလေ၏။

စေတမာန်သည် မိမိတစ်သက်၌ ပထမဦးဆုံးပြဖာတ် ရခြင်းဖြစ်သဖြင့် ရင်ခုန်စိတ်လှုပ်ရှားနေမိ၏။

* * *

တာတီးသည် မိခင်ဖြစ်သူကို တွေ့ဆုံရန်အတွက် အင်းစိ ပဲရစ်ကုမ္ပဏီခြံခွဲသို့ လိုက်ခဲ့လေ၏။ ပဲရစ်ကုမ္ပဏီသည် လူသိမှာ ထင်ရှားသော ကုမ္ပဏီဖြစ်သဖြင့် အလွယ်တကူရှာဖွေတွေ့ရှိလေ ပဲရစ်ကုမ္ပဏီ ခြံတံခါးကို အသေပိတ်ထားသဖြင့် ခြံတံခါးအနီးရှိ ခေါ် လောင်းကြိုးကို အကြိမ်ကြိမ်လှုပ်ယမ်းနေမိ၏။

သို့သော် ခြံတံခါးဖွင့်မည့်လူမရှိသဖြင့် ဒေါသပုန်ထ ခြံတံခါးကို ကျော်တက်ရန် ကြံရွယ်လိုက်၏။

ထိုအခိုက်မှာပင် ပုလိပ်သားသုံးယောက် ပဲရစ်ကုမ္ပဏီ အရှေ့သို့ လျှောက်လှမ်းလာသဖြင့် ခြံတံခါးကို ကျော်တက်ရန် အကြံ



ကိုလက်လျှော့လိုက်ရ၏။

တာတီးသည် ပဲရစ်ကုမ္ပဏီခြံတံခါးအရှေ့၌ အတန်ကြာအောင် စောင့်နေပြီးမှ သူ၏စိတ်ကို လျှော့လိုက်ပြီး ပဲရစ် ကုမ္ပဏီအရှေ့မှ ကခဲ့၏။

ပြီးနောက် ရန်ကုန်မြို့ထဲရှိ မိမိငှားရမ်းထားသော အခန်းသို့ ခဲ့လေ၏။

* * *

အင်စပက်တော်လှမိုးသည် ရွှေကျီးညိုမြတ်ရှင်ကုမ္ပဏီ အရှေ့ရှိ ကာကာဆိုင်၌ တစ်ရက်ပြီးတစ်ရက် ဆက်၍ ထိုင်ရင်း စိတ်ပျက် သလို လာ၏။ ယနေ့အထိ မိမိလိုက်ရှာနေသော တရားခံ၏အရိပ်အယောင် ပင် မမြင်ရသေးချေ။ မိမိလမ်းလွဲလိုက်နေပြီးလားမသိ၊ ရွှေကျီးညို ကုမ္ပဏီအရှေ့၌ ယနေ့နောက်ဆုံးစောင့်ကြည့်ရန် ဆုံးဖြတ်လိုက်၏။ အင်စပက်တော်လှမိုးသည် နေ့လယ်စာကို ကာကာဆိုင်၌ပင် အာလူး ကို စားလိုက်၏။

အင်စပက်တော်လှမိုးသည် နေ့လယ်စာစားပြီးနောက် ဆေးလိပ်သောက်ရန် အတွက် ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိ ဖွာ ကလိုက်၏။ ထိုအခိုက်မှာပင် မြတ်ရှင်ကုမ္ပဏီတစ်ခု၏ကြော်ငြာကား



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာပြီး သီတင်းကျွတ်လပြည့်နေ့၌ ရဲကလူ ပြာပူမကြောက် ပြဇာတ်ကို ကပြမည်ဖြစ်ကြောင်း ကြော်ငြာလေ၏။

ဓါတ်ရှင်ကုမ္ပဏီ၏ ကြော်ငြာကားပေါ်မှ ကြော်ငြာစာရွက်များကိုလည်း ကြဲဖြန့်ချထားခဲ့၏။ ၎င်းတို့ကြဲဖြန့်လိုက်သော ကြော်ငြာစာရွက်ကလေးတစ်ရွက်သည် အင်စပက်တော်လှမိုး အရှေ့သို့ ရောက်ရှိလာ၏။

အင်စပက်တော်လှမိုးသည် ကြော်ငြာ စာရွက်လေးရှိ ပြဇာတ် မင်းသားသစ် စေတမာန်ဆိုသူ၏ ဓါတ်ပုံကိုမြင်ပြီး ရင်ထဲတွင် ဒိ ခနဲဖြစ်သွားလေ၏။ မိမိအသည်းအသန်လိုက်ရှာနေသော တာတီးသည် ပြဇာတ်မင်းသား စေတမာန်ဖြစ်နေပါလား၊ တာတီးသည် အချိန်တိုလေးအတွင်းမှာပင် ပြဇာတ်မင်းသားဘဝသို့ ပြောင်းလဲသွားချေပြီ။

ဤသို့ ဆိုလျှင် မိမိလမ်းလွဲလိုက်နေတာ သေချာသွားချေပြီ အင်စပက်တော်လှမိုးသည် စေတမာန်တဖြစ်လဲ တာတီးရောက်ရှိနေသော ကုမ္ပဏီကို ကြည့်လိုက်ရာ ပဲရစ်ကုမ္ပဏီဖြစ်နေကြောင်း တွေ့ရ၏။

ပဲရစ်ကုမ္ပဏီ၏ ပိုင်ရှင်သည် ဒေါ်စိန်ဆင့်ဆိုသော အမျိုး သမီးကြီးဖြစ်၏။ စိတ္တဇဖြစ်နေသော တာတီး၏ ပစ်မှတ်သည် ဒေါ်စိန်ဆင့် ဖြစ်နေလေပြီ။

အင်စပက်တော်လှမိုးသည် တာတီးကို အမြန်ဆုံးဖမ်းရန်ဆ





လိုက်၏။ ထို့ကြောင့် ပဲရစ်ကုမ္ပဏီရှိရာ အလုံဘက်သို့ သူ၏ ချစ် ကို မောင်းနှင်ခဲ့လေ၏။

* * *

အလုံသို့ရောက်သောအခါ မင်းသားသစ်စေတမာန်အကြောင်း စုံစမ်းလေရာ စေတမာန်သည် လွန်ခဲ့သော ရက်အနည်းငယ်ကမှ သားအဖြစ် ဝင်ရောက်အရွေးခံသွားကြောင်းသိရ၏။ ယခု လော ဆယ် အင်းစိန်ရှိ ပဲရစ်ကုမ္ပဏီခြံ၌ ပြဇာတ်ကရန် ဇာတ်တိုက် သည်ဆို၏။ အင်စပက်တော်လှမိုးသည် ပဲရစ်ကုမ္ပဏီပိုင်ရှင် စိန်ဆင့်အတွက် စိုးရိမ်လာသဖြင့် သူမရှိမည့်နေရာကို မေးမြန်းလေ ဒေါ်စိန်ဆင့်သည် အင်းစိန်ခြံ၌ပင် ရှိနေသည်ဆို၏။

အင်စပက်တော်လှမိုးသည် ဒေါ်စိန်ဆင့်အတွက် စိုးရိမ် သောက သဖြင့် အင်းစိန်သို့ ကားကို တရကြမ်းမောင်းနှင်ခဲ့လေ၏။

အင်းစိန်ခြံကြီးသို့ ရောက်သောအခါ အင်စပက်တော်လှမိုးက ခါး၌ ချိတ်ဆွဲထားသော ခေါင်းလောင်းကို အကြိမ်ကြိမ် ဆွဲလေ၏။ သော် ခြံထဲမှ လူသူအရိပ်အယောင် မမြင်ရသဖြင့် ကားဆီသို့ လာပြီး ဟွန်းကို ကျယ်လောင်စွာ တီးလိုက်လေ၏။

ထိုအခါမှပင် ခြံစောင့်ဖြစ်ဟန်တူသော လူတစ်ဦး ရောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိလာရာ အင်စပက်တော်လှမိုးက မင်းသားသစ် စေတမာန်ကို တွေ့
ကြောင်းပြောလေ၏။

ထိုအခါ ခြံစောင့်က ခေါင်းခါယမ်း၍

"ဒီအချိန်မှာ မင်းသားစေတမာန် မအားဘူး။
ဖာတ်တိုက်နေတယ်၊ ကျုပ်သူ့ကို ခေါ်ပေးလို့ မဖြစ်
နိုင်ဘူး"

ဟုဆိုလိုက်ရာ အင်စပက်တော်လှမိုးက ပုလိပ်အရာရှိ
ကြောင်း ပြောဆိုရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် စေတမာန်သည် အင်းစိန်ခြံအပြင်သို့ထွက်
လက်ဖက်ရည်သောက်ရန် တံခါးအနီးသို့ ရောက်လာ၏။ အင်စ
တော်လှမိုးသည် တာတီးကို ရုတ်တရက် မြင်လိုက်သဖြင့် စိတ်
ရှားသွားပြီး

"ကျုပ်တို့အေးအေးဆေးဆေး စကားပြောရ
အောင်"

ဟုပြောလိုက်လေ၏။ မင်းသားစေတမာန်သည် အင်စ
တော်လှမိုးကို သတင်းထောက်တစ်ဦးဟုယူဆပြီး

"ကျုပ်အချိန်မရှိဘူးနော်၊ လက်ဖက်ရည်
သောက်ပြီးရင် ခြံထဲမှာ ဖာတ်ပြန်တိုက်ရမယ်"

ဟုပြောလိုက်လေ၏။ အင်စပက်တော်လှမိုးသည် တာ





ခိုင်နှံထိုင်လိုက်ပြီး တာတီးကို သတိကြီးစွာထား၍

"ကျုပ် အင်စပက်တော်လှမိုးပါ၊ လောလော
ဆယ် မောင်ရင် ကျူးလွန်ခဲ့တဲ့ လူသတ်မှုတွေကို
စုံစမ်းနေတဲ့သူပေါ့"

ဟုဆိုလိုက်ရာ စေတမာန်သည် အင်စပက်တော်လှမိုးကို
အလည်ဟန်ဖြင့် ကြည့်၍

"ခင်ဗျားဘာတွေပြောနေတာလဲ၊ ကျုပ်က
ဘာဖြစ်လို့လူသတ်မှုတွေ ကျူးလွန်ရမှာလဲ"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် တာတီး မိမိကို
မိညာနေသည်ဟု ယူဆကာ

"မောင်ရင် ကျုပ်ကို လိမ်ညာနေလို့ ဘာမှ
မထူးပါဘူး။ မောင်ရင် မြို့ကနေထွက်လာပြီး ကျူး
လွန်ခဲ့သမျှလူသတ်မှုတွေအားလုံး ကျုပ်လိုက်
နေတာပဲ၊ မောင်ရင်ဟာကိုယ့်ကိုမွေးစားခဲ့တဲ့ ကျေး
ဇူးရှင်မိဘနှစ်ပါးကိုလဲ လုပ်ကြံခဲ့တယ်၊ ကိုယ်ချစ်သူ
ကိုလဲ ရက်စက်ခဲ့တယ်၊ တည်းခိုခန်းပိုင်ရှင်
အပျိုကြီးကိုလဲ ဘာဂျာလေး တစ်လက်အတွက်နဲ့
သတ်ဖြတ်ခဲ့တယ်"

ဟုဆိုလိုက်ရာ စေတမာန်က အင်စပက်တော်လှမိုး၏ စကားကို



www.burmeseclassic.com

www.burmeseclassic.com

နားထောင်၍ ခွက်ထိုးခွက်လန် ရယ်မောလိုက်ပြီး

"ဟား...ဟား... ခင်ဗျား စကားက ရယ်ဖို့ကောင်းလိုက်တာ၊ ကျုပ်က မွေးစားမိဘတွေကို သတ်တယ်၊ ကိုယ့်ချစ်သူကိုလဲ သတ်တယ်ဟုတ်လား။ ခင်ဗျားဒီပုံစံအတိုင်း ပုလိပ်ဘက်မှာ ဆက်ပြီး လုပ်နေမယ်ဆိုရင်တစ်သက်လုံး ရာထူးတိုးမှာ မဟုတ်တော့ဘူး၊ ခင်ဗျား ပြောတဲ့စကားထဲမှာ မှန်တာဆိုလို့ တစ်ခွန်းပဲရှိတယ်၊ အဲဒါကတော့ ကျုပ်မှာမွေးစားမိဘရှိတယ်ဆိုတာပဲ၊ ကျုပ်ရဲ့မွေးစားမိဘတွေ လွန်ခဲ့တဲ့ ၁၀နှစ်လောက်ကတည်းက ဘုရားဖူးရင်း ကားမှောက်ပြီး အသက်ဆုံးရတာ ကျုပ်တို့တစ်မြို့လုံးသိတယ်ဗျ။ ကျုပ်ကို ဘကြီးဖြစ်သူက ဆက်ပြီးမွေးစားခဲ့တယ်၊ ခင်ဗျား မယုံရင် ကျုပ်တို့မြို့ကိုသွားပြီး စုံစမ်းကြည့်၊ ကျုပ်ချစ်သူကို ကျုပ်သတ်တယ်ဆိုတာ ကလည်း ရယ်စရာကောင်းနေပြီ ကျုပ်မိန်းမဟာ ရန်ကုန်မြို့မှာပဲ သက်ရှိထင်ရှားရှိတယ်ဗျ။ ခင်ဗျားမယုံရင် သွားစုံစမ်းကြည့်၊ ကျုပ်မိန်းမလိပ်စာပေးလိုက်မယ်"

ဟုလှောင်ပြောင်သောအမူအရာဖြင့် ပြောလိုက်လေ၏။ အင်





ာက်တော်လှမိုးသည် စေတမာန်ဆိုသူ၏ ပိုင်နိုင်စွာပြောဆို နေသော ူအရာကြောင် ဇဝေဇဝါဖြစ်သွားပြီး မျက်မှောင်ကြုတ်၍

"မင်းဟာ တကယ်ပဲ လူသတ်သမားတာတီး မဟုတ်ဘူးလား"

ဟုမေးမြန်းလိုက်လေ၏။ စေတမာန်ကခေါင်းခါယမ်း၍

"မဟုတ်ပါဘူးဗျာ၊ တာတီးဆိုတဲ့နာမည်ကို ကျုပ်အခုမှ ကြားဖူးတာပါ"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် စေတမာန် စကား ကြောင့် မော်လမြိုင်မြို့၌ သေဆုံးသွားသော ဒေါ်လှရင်၏ မှတ်စုထဲရှိ ကြောင်းအရာများကို အမှတ်ရလိုက်၏။

ထိုသို့ အမှတ်ရလိုက်ပြီးနောက် စေတမာန်ကို သဘောပေါက် ပြီး

"မွေးစားမိဘတွေနဲ့ နေခဲ့ရတယ်ဆိုတော့ မိဘအရင်းတွေ ကိုသိသလား"

ဟုမေးမြန်းလိုက်ရာ စေတမာန်က မသိရှိကြောင်းပြောလေ၏။

အင်စပက်တော်လှမိုးသည် စေတမာန်၏ မျက်နှာကို ကြည့်၍

"မင်းကို ကျုပ်စကားတစ်ခွန်းပြောမယ်၊ ကျုပ်စကားကို နားထောင်ပြီးရင် မောင်ရင် တအံ့တသြဖြစ်သွားစေရမယ်၊ မောင်ရင်ရဲ့ မွေးစားမိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေက မောင်ရင်ကို မော်လမြိုင်မြို့ မွေးစားခဲ့တာ မဟုတ်လား"

ဟုမေးမြန်းလိုက်ရာ စေတမာန်သည် အင်စပက်တော်လှမိုး အံ့သြဟန်ဖြင့်ကြည့်၍

"ဟင်… ကျုပ်ကို မော်လမြိုင်မြို့ မွေးစားခဲ့တယ်ဆိုတာ ခင်ဗျားဘယ်လိုသိနေတာလဲ"

ဟုမေးမြန်းလိုက်၏။

အင်စပက်တော်လှမိုးက စေတမာန်၏မျက်နှာကို ကြည့်၍

"ဒီထက်ပိုပြီး တိတိကျကျပြောရရင် မော်လမြိုင်မြို့က ဒေါ်လှရင်ဆိုတဲ့မိန်းမကြီးက မင်းကိုဝယ်ပြီး မွေးစားခဲ့တာပဲ၊ မင်းကို ဒီထက်ပိုပြီး အံ့သြစရာကောင်းတဲ့ စကားတစ်ခွန်း ထပ်ပြောလိုက်မယ်၊ မင်းမှာ အမွှာပူးအစ်ကိုတစ်ယောက်ရှိတယ်၊ သူ့နာမည်က တာတီးလို့ခေါ်တယ်၊ သူဟာစိတ္တဇဖြစ်ပြီး မွေးစားမိဘနှစ်ယောက် အပါအဝင် တစ်ယောက်ပြီးတစ်ယောက် လျှောက်သတ်နေတယ်၊ ငါအထင်တော့ သူဟာ မင်းရဲ့ပတ်ဝန်းကျင်မှာရောက်နေတယ်၊ သူဟာမင်းရဲ့အစ်ကိုဆိုပေမဲ့ စိတ္တဇဝေဒနာရှင်ဖြစ်တဲ့အတွက် သတိထားနေဖို့





ကျုပ်ပြောချင်တယ်"

ဟုဆိုလိုက်ရာ စေတမာန်သည် လွန်စွာအံ့သြသွားပြီး

"ဒီအကြောင်းတွေကို ခင်ဗျားဘယ်လိုသိနေတာလဲ"

ဟုမေးမြန်းလိုက်၏။ အင်စပက်တော်လှမိုးသည် သက်ပြင်းချ၍

"စိတ္တဇဝေဒနာရှင် တာတီးကျူးလွန်ခဲ့တဲ့ လူသတ်မှုတွေကို လိုက်ရင်းနဲ့ မော်လမြိုင်မှာ ဒေါ်လှရင်နဲ့တွေ့တယ်၊ ဒေါ်လှရင်ကို မင်းအစ်ကို တာတီးက သတ်ပစ်လိုက်ပြီ၊ ငါဟာ ကံကောင်းထောက်မစွာနဲ့ဒေါ်လှရင်နဲ့မှတ်စုစာအုပ်အဟောင်းလေးကို ရခဲ့တယ်၊ ဒေါ်လှရင်ရဲ့ မှတ်စုထဲမှာ မင်းတို့ဟာအမွှာညီအစ်ကိုတွေ ဖြစ်ကြောင်းဖော်ပြထားတယ်"

ဟုပြောလိုက်ရာ စေတမာန်က မယုံနိုင်ဟန်ဖြင့် ကြည့်၍

"အံ့သြဖို့ကောင်းလိုက်တာ၊ ဒါဆိုရင် ကျုပ်မိဘအရင်း တွေကိုရော ခင်ဗျားသိသလား"

ဟုမေးမြန်းလိုက်၏။

အင်စပက်တော်လှမိုးက စေတမာန်၏မျက်နှာကို အတန် ကြာ



www.burmeseclassic.com

www.burmeseclassic.com

အောင် ကြည့်ရှုလိုက်ပြီး

"ကျုပ်တိတိကျကျမသိလို့ မပြောနိုင်ဘူး၊ ဒါပေမဲ့ မင်းရဲ့ အစ်ကိုတာတီးကတော့ သူ့မိခင် အရင်း ဘယ်သူဆိုတာသူသိသွားပြီ၊ သူဟာစိတ်ဝေဒနာသည်ဆိုတော့ မိခင်အရင်းကို စိတ်နာပြီး အန္တရာယ်ပြုလိမ့်မယ်၊ ကျုပ်အထင်တော့ မကြာမီ မင်းတို့နှစ်ယောက်ဆုံတွေ့ကြလိမ့်မယ်၊ ကဲ... လောလောဆယ် မင်းရဲ့နေရပ်လိပ်စာကို ကျုပ်ကို ပေးထားပါ၊ အကြောင်းထူးရင် မင်းကို ဆက်သွယ် ပါ့မယ်"

ဟုဆိုလိုက်ရာ စေတမာန်သည် အင်စပက်တော်လှမိုးအား ငှင်းငှားရမ်းနေထိုင်သော အိမ်လိပ်စာကိုပေးလေ၏။ အင်စပက်တော် လှမိုးသည် စေတမာန်နှင့်လမ်းခွဲခဲ့ပြီးနောက် လူသတ်မှုတရား တာတီးနှင့်ပတ်သက်သည့် သဲလွန်စကွင်းဆက်များ ပြတ်တောက်သ ဖြစ်သွားကြောင်းတွေ့ရ၏။

မိမိ တရားခံဟုယူဆသောသူမှာ မင်းသားသစ်စေတမာန် ဖြ နေ၏။ ဤသို့ဆိုလျှင် တရားခံတာတီး မည်သည့်အရပ်သို့ ရော ရှိနေသနည်း။

တာတီးသည် ရန်ကုန်မြို့၌ လုယက်မှုတစ်ခု ကျူးလွန်ခဲ့ ကြောင်း





အထောက်အထားတွေ့ရ၏။ ထို့ကြောင့် တာတီး ရန်ကုန်မြို့သို့ရောက် နေတာ သေချာ၏။

တာတီး ရန်ကုန်မြို့မှာ ရှိနေသရွေ့ လူသတ်မှုများ ဆက်လက် ကျူးလွန်မှာသေချာ၏။

တာတီး၏ နောက်ဆုံးပစ်မှတ်မှာ ပဲရစ်ခေတ်ရှင်ကုမ္ပဏီ အကြီး အကဲ ဒေါ်စိန်ဆင့်ဖြစ်လေသလော။

အင်စပက်တော်လှမိုးသည် ကြံရာမဖြစ်ပြီးနောက် ပဲရစ် ကုမ္ပဏီ ပိုင်ရှင် ဒေါ်စိန်ဆင့်နှင့်တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။

အင်စပက်တော်လှမိုးသည် ထိုနေ့ညနေမှာပင် ပဲရစ်ကုမ္ပဏီသို့ ကိုယ်အကြိမ်သွားရောက်ပြီး ဒေါ်စိန်ဆင့်နှင့်တွေ့လိုကြောင်း ပြော လိုက်၏။

ဒေါ်စိန်ဆင့်သည် အင်စပက်တော်လှမိုးအား ကုမ္ပဏီဝင်း စ်နေရာရှိ ရုံးခန်းငယ်လေး၌ လက်ခံတွေ့ဆုံ၍

"ပုလိပ်အရာရှိတစ်ယောက်နဲ့ ကျွန်မ တွေ့ဖို့ အကြောင်းမရှိဘူးထင်တယ်"

ဟုမကြည်သာသော အမူအရာဖြင့်ပြောဆိုလေ၏။

အင်စပက်တော်လှမိုးသည် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး လူသတ်တရားခံ တာတီးကျူးလွန်ခဲ့သော လူသတ်မှုများကို ပြောပြ သာ၏။



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်စိန်ဆင့်က မျက်မှောင်ကြုတ်၍ နားထောင်နေပြီး

"အဲဒီလောက်ယုတ်မာပက်စက်တဲ့ အရှုံး တစ်ယောက်အကြောင်းကို ကျွန်မကို ဘာကြောင့် လာပြောနေတာလဲ"

ဟုမေးမြန်းလိုက်၏။ အင်စပက်တော်လှမိုးက သက်ပြင်းချ

"စိတ်ရှည်ရှည်ထားပါ အစ်မကြီး။ လူသတ်သမားဟာ စိတ္တဇ လူသတ်သမားဗျ၊ သူဟာ စိတ္တဇ ဖြစ်နေသူပီပီ မိခင်အရင်းကို စိတ်နာပြီး ရန်ရှာဖို့ ကြိုးစားနေတယ်၊ သူ့မိခင်ဟာ သူ့ကိုမွေးပြီးတော့ မွေးစားမိဘတွေဆီမှာ စွန့်ပစ်ခဲ့တယ်လို့ သံသယ ဖြစ်နေတယ်၊ သူဟာ မိခင်အရင်းက စွန့်ပစ်ပြီး မော်လမြိုင်မြို့က ဒေါ်လှရင်ဆိုတဲ့ မိန်းမ ဆီကို ရောက်ခဲ့တယ်၊ ဒေါ်လှရင်ဆီကတစ်ဆင့် မွေးစား မိဘတွေဆီကို ရောက်ခဲ့တာပဲ"

ဟုဆိုလိုက်ရာ ဒေါ်စိန်ဆင့်၏မျက်နှာ အကြီးအကျယ်ပျက် သွားပြီး အင်စပက်တော်လှမိုးကို မကျေမချမ်းကြည့်၍

"ကျွန်မ ဘာမှမကြားချင်ဘူး။ ရှင်ဘာဖြစ်လို့ ဒီအကြောင်း တွေ ကျွန်မကို လာပြောနေတာလဲ"

ဟုဆိုလိုက်၏။ အင်စပက်တော်လှမိုးသည် ဒေါ်စိန်ဆင့်၏ အမူအရာကို ကြည့်၍ ပုလိပ်အရာရှိတစ်ဦးပီပီ မိမိ၏ထင်မြင်ချက်များ မှန်ကန်နေကြောင်း ရိပ်စားမိလိုက်၏။ ထို့ကြောင့် ဒေါ်စိန်ဆင့်၏ မျက်နှာကိုကြည့်၍

"ဒေါ်စိန်ဆင့်ဟာ လူသတ်သမား တာတီးနဲ့ ပတ်သက်နေမယ် ဆိုရင် ဒေါ်စိန်ဆင့်ရဲ့အသက် အန္တရာယ်အတွက် စိုးရိမ်စရာရှိလို့ သတိပေးရ တာပါ"

ဟုပြောလိုက်၏။ ဒေါ်စိန်ဆင့်သည် မျက်နှာပျက်ယွင်းသွားပြီး ဒေါသတကြီးဖြင့်

"ကျွန်မနဲ့ လူယုတ်မာ ဘာကြောင့်ပတ်သက် ရမှာလဲ၊ ကဲပါ ရှင်.. ရှင်သွားပါတော့၊ ကျွန်မမှာ အရေးတကြီး ဖတ်တိုက်စရာ ရှိသေးတယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးသည် ဒေါ်စိန်ဆင့်၏ ခါးခါးသီးသီး ဖြစ်နေသော အမူအရာကိုကြည့်၍ သူ၏အကြံအစည်ကို သက်လျှော့လိုက်ပြီး

"ဒါဆိုရင်လဲ ကျွန်တော် သွားပါဦးမယ်၊ နောက်ဆုံးအနေနဲ့ စကားတစ်ခွန်းပြောလိုက်ဦး မယ်၊ တရားခံတာတီးရဲ့မိခင်က ညီအစ်ကိုနှစ် ယောက်ကို မွေးဖွားပြီး စွန့်ပစ်ခဲ့တယ်၊ အဲဒီအမှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးအနက်တစ်ဦးကတော့ ဒေါ်စိန်ဆင့်ရဲ့ကုမ္ပဏီမှာ မင်းသားသစ်အရွေးခံခဲ့ရတဲ့ စေတမာန်ပဲ၊ တာတီးရဲ့ရုပ်ရည်ဟာ စေတမာန်နဲ့ ခွဲမရအောင်တူတယ်ဗျ၊ ဒါကြောင့် ကျွန်တော် စေတမာန်ကို တာတီးအမှတ်နဲ့ မှားယွင်းပြီး ဖမ်းဆီးဖို့ကြိုးစားသေးတယ်”

ဟုပြောလိုက်ရာ ဒေါ်စိန်ဆင့်သည် မှုးမေ့လဲကျလုမတတ်ဖြစ်သွားလေတော့၏။

ပဲရစ်ကုမ္ပဏီပိုင်ရှင် ဒေါ်စိန်ဆင့်သည် လွန်ခဲ့သော နှစ်နှစ်ဆယ်က မစိန်ဆင့်ဆိုသော မိန်းကလေး၏ နာကြည်းကြေကွဲဖွယ် အဖြစ်ဆိုးကို ပြန်လည်မြင်ယောင်လာ၏။ ထိုစဉ်က ဒါရိုက်တာ မောင်ဖေမြင့်၏ ဖြားယောင်းသွေးဆောင်မှုကြောင့် ၎င်းနှင့်ရရှိထားသော ကိုယ်ဝန်ကိုလွယ်ထားရ၏။

မောင်ဖေမြင့် ရုတ်တရက် ကားမတော်တဆဖြစ်ပြီး သေဆုံးသွားသောအခါ သူမ အလွန်တုန်လှုပ်ချောက်ခြားသွားရ၏။ မိမိနှင့်မောင်ဖေမြင့်နှင့်ရရှိသော ရင်သွေးလေးရှိနေချေပြီး ထိုရင်သွေးလေးကို အမွှာအဖြစ်မွေးဖွားခဲ့ရ၏။ မစိန်ဆင့်သည် အောင်မြင်ကျော်ကြားသော မင်းသမီးတစ်ဦး၏ဘဝကို အလွန်လိုချင်တပ်မက်မိ၏။

ထို့ကြောင့် သူမ၏အမွှာကလေးနှစ်ယောက်ကို မိခင်စိတ်...





...ကင်းမဲ့စွာဖြင့် စွန့်ပစ်ခဲ့မိ၏။

ယခုနှစ်ပေါင်းများစွာ ကြာသောအခါမှ သူမ၏ထိတ်လန့်ဖွယ် အိပ်မက်ဆိုးကြီးကို ပြန်လည်မြင်ယောင်နေမိ၏။ မိမိစွန့်ပစ်ခဲ့သော ...လေးနှစ်ယောက်အနက် တစ်ယောက်က စိတ္တဇလူသတ်သမား ဖြစ်နေပြီး တစ်ယောက်က မင်းသားစေတမာန် ဖြစ်နေသည်ဆို၏။

ထို့ကြောင့်ပင် စေတမာန်ကို မြင်ကာစက တစ်စုံတစ်ဦးနှင့် တူ...ညီဟု ခံစားရ၏။ ယခုမှ စေတမာန်၏ မျက်နှာသည် ဒါရိုက် မောင်...မြင့်နှင့် တစ်ထေရာတည်းတူကြောင်းရိပ်စားမိလာ၏။

ဒေါ်စိန်ဆင့်သည် မိမိ၏ အတိတ်ဆိုးကြီးအကြောင်းကို ပြန်...ရှင်း တဖြည်းဖြည်းခေါင်းများမူးဝေလာ၏။ ထို့ကြောင့် ရုံးခန်းထဲရှိ ...လက်ကုလားထိုင်၌ ထိုင်ရင်း အစေခံမိန်းကလေးအား သံပရာ...ည်တစ်ခွက် ဖျော်ခိုင်းလိုက်၏။ မိမိ၏ ကံကြမ္မာ ဆိုးဝါးလှပေစွ။

✳ ✳ ✳

တာတီးသည် အခန်းအောင်းနေရင်း သူ၏ချစ်သူနီလာမြိုင်ကို ...တိရလာ၏။ နီလာမြိုင်နှင့် မတွေ့ရတာကြာလေပြီ။

နီလာမြိုင်မိမိကို လွမ်းဆွတ်တမ်းတနေပြီလားမသိ။ နီလာမြိုင် ...အသီးကျွန်ဖြစ်အောင် ထားဖို့မသင့်တော်ချေ။ သူ၏ရင်ခွင်က လည်း



www.burmeseclassic.com

www.burmeseclassic.com



နီလာမြိုင်ကို တမ်းတနေ၏။

ထို့ကြောင့်ရထားလုံးတစ်စီးငှားရမ်းပြီး နီလာမြိုင်အိမ်သို့ ထွ
ခဲ့၏။အိမ်ရှေ့သို့ရောက်သောအခါ အိပ်ခန်းထဲမှ သနပ်ခါးသွေးသံ
သီချင်းဆိုသံကို ကြားရ၏။

တာတီးသည် အသံလုံအောင်လျှောက်ပြီး အိပ်ခန်းဝသို့ ရော
သွား၏။နီလာမြိုင်သည်လုံချည်ရင်လျားပြီး သနပ်ခါး ကျောက်ပျဉ်
မှာထိုင်နေ၏။

သူမ၏ဝင်းဝါစိုပြေသောအသားအရည်ပေါ်သို့ ရှည်လျားသော
ဆံပင်များဖားလျားချထား၏။ လှရက်လိုက်တာ နီလာမြိုင်ရယ် မင်းသ
သဘာဝတရားရဲ့စေတမာန်နဲ့ အလိုက်ဖက်ဆုံးချစ်သူပါပဲ။

တာတီးသည် နီလာမြိုင်ရှိရာသို့ တိုးဝင်သွားပြီး အနောက်
ပွေ့ဖက်လိုက်၏။ နီလာမြိုင်က အလန့်တကြားအော်ဟစ်နေစဉ် သူ
ကိုယ်ခန္ဓာကို ချီပွေ့ပြီး ခုတင်ပေါ်သို့ ခေါ်ဆောင်သွား၏။

နီလာမြိုင်သည် တာတီး၏ကြမ်းတမ်းသောဆက်ဆံမှုကြော
အချစ်ရေယာဉ်ကြော၌ မျှောပါသွားလေ၏။

✻ ✻ ✻

တာတီးသည် နီလာမြိုင်နှင့်ပျော်ရွှင်စွာနေထိုင်ရင်း မိမိ ထမ်း
ဆောင်ရမည့် တာဝန်ကို သတိရ၏။ နီလာမြိုင်နှင့် မခွဲမခွာဘဲ အ





နေလိုက်ချင်၏။ သို့သော် မိမိမှာ အလွန်အရေးကြီးသော တာဝန်ကြီး
ကို ထမ်းဆောင်ရဦးမည်။ သဘာဝတရားကပေးအပ် သောတာဝန်များ
ကို ထမ်းဆောင်သည့်အခါ အန္တရာယ်လက်တကမ်းမှာရှိနေ၏။ မိမိ
ကြုံးလွန်ခဲ့သောအပြစ်များကြောင့် နီလာမြိုင်ကို မထိခိုက်စေလိုချေ။

ထို့ကြောင့်သူမ၏ ချွေးစို့နေသော နဖူးပြင်ကို လက်ဖြင့်သပ်၍

"သဘာဝတရားရဲ့ စေတမာန်အလုပ်ကို
ထမ်းဆောင်ပြီးရင် တို့နှစ်ယောက်မခွဲမခွာဘဲ အတူ
တူနေရတော့မှာပါ"

ဟုပြောလေရာ နီလာမြိုင်က သက်ပြင်းချ၍

"ကျွန်မက အရေးမကြီးပါဘူး။ ရှင်သာ ပီပီ
ပြင်ပြင် သရုပ်ဆောင်ပါ။ ရှင်ကြိုးစားမှ ကျွန်မတို့
အနာဂတ်လှပမှာပါ"

ဟုပြောရင်း ပင်ပန်းနွမ်းနယ်နေသဖြင့် ခဏကြာလျှင် မျက်လုံး
များမှေးစင်းသွားလေ၏။

✻ ✻ ✻

စေတမာန်သည် ပဲရစ်ကုမ္ပဏီ၌ ဖာတ်တိုက်ရင်း ဖနီးဖြစ်သူကို
သတိရသဖြင့် အခွင့်အရေးရသည့်အချိန်၌ ခိုးထွက်လာ၏။ စေတမာန်
သည် အင်းစိန်မှ ဘတ်စ်ကားစီး၍ အိမ်သို့ပြန်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်သို့ရောက်သောအခါ ဘတ်စ်ကားပေါ်မှ ဆင်း၍ လမ်းထဲသို့ လျှောက်လှမ်းလေ၏။

အိမ်ရှေ့သို့ရောက်သောအခါ ခြံတံခါးကို ဖွင့်ရန်ကြံပြီးမှ ထီးရောင်းသော ကားတစ်စီး ထိုးရပ်လာသဖြင့် ထီထိုးရန် လမ်းတစ်ဖက်သို့ ကူးသန်းသွား၏။

ထိုအချိန်၌ တာတီးသည် နီလာမြိုင်နှင့်အတူ လဲလျောင်းနေရာမှ ထီကားဆီမှ ဆူညံသောမောင်းတီးသံကြောင့်အိပ်ရာမှ လန့်နိုးလာ၏။

သူသည် အိမ်မှ တိတ်တဆိတ်ထွက်ခွာရန် ကြံစည်လိုက်ပြီး အဝတ်အစားများကို ဝတ်လေ၏။ နီလာမြိုင်သည် အိပ်မောကျနေဆဲဖြစ်၏။

တာတီးသည် အိမ်ထဲမှထွက်လိုက်ပြီး ခြံတံခါးကိုဖွင့်လိုက်၏။ ထို့နောက် လမ်းတစ်ဖက်၌ ထီရောင်းသောကားကို မြင်သဖြင့် ထီထိုးရန် ကြံစည်လိုက်၏။

ထိုသို့ ကြံစည်ပြီးကာမှ နီလာမြိုင်အိပ်ရာမှနိုးလာလျှင် ခက်မည်ဟုတွေးကာ လမ်းထိပ်ဘက်သို့ထွက်ခဲ့၏။ ထိုအချိန်၌ စေတမာန်သည် ထီထိုးပြီးသည်နှင့် အိမ်ရှိရာသို့ကူးသန်းလာ၏။

စေတမာန်သည် လမ်းထိပ်သို့ထွက်သွားသော တာတီး၏ နောက်ကျောကိုမြင်လိုက်ရသော်လည်းအမှုမဲ့အမှတ်မဲ့သာနေလိုက်၏။





သူသည် ဇနီးဖြစ်သူနှင့်တွေ့ရန်သာ စိတ်အားထက်သန်နေ၏။ စေတမာန်သည် အိမ်ထဲသို့အသံမကြားအောင် တိတ်တဆိတ် ဝင်ခဲ့၏။ အိပ်ခန်းထဲသို့ရောက်သောအခါ ဇနီးဖြစ်သူ၏ အရိပ်အယောင်ကို မတွေ့ရချေ။

ထို့ကြောင့် အိပ်ခန်းတံခါးကို အသာလှပ်ကြည့်သောအခါ အိပ်ရာပေါ်တွင် အဝတ်အစား ကပိုကရိုဖြင့် လဲလျောင်းနေသော ဇနီးသည်ကိုတွေ့ရ၏။

စေတမာန်သည် ဇနီးဖြစ်သူ အိပ်ရာနိုးမှာစိုးသဖြင့် သူမ၏ ဘေး၌ ဝင်ရောက်လဲလျောင်းလိုက်၏။

ခဏကြာသော နီလာမြိုင်သည် အိပ်မောကျနေရာမှ စေတမာန်၏ လက်မောင်းကိုဖက်လိုက်၏။ စေတမာန်သည် နီလာမြိုင်၏ အထိအတွေ့ကြောင့် ရင်ထဲတွင် ပူလောင်လာပြီး ရင်ခွင်ထဲသို့ ဆွဲယူလိုက်လေ၏။

နီလာမြိုင်သည် နီးတစ်ဝက် အိပ်မက်ဖြင့် စေတမာန်လော တာတီးလောဟု ခွဲခြားနိုင်စွမ်းမရှိဘဲ တစ်ကြိမ်ပြီးတစ်ကြိမ် အချစ်ပင်လယ်ကြော၌ မျောပါနေလေ၏။

☼ ☼ ☼

ဒေါ်စိန်ဆင့်သည် အင်စပက်တော်လှမိုး ပြောသွားသော မိမိ၏ သားနှစ်ယောက်အဖြစ်ကြောင့် ရင်ထဲတွင် ထိနိုက်နာကျင်နေ၏။

www.burmeseclassic.com



သားနှစ်ယောက်ကို ထားရစ်ခဲ့သဖြင့် မိမိမှာအပြစ်ရှိကြော
အချိန်နှောင်းမှ သိလိုက်ရ၏။

ထိုစဉ်က မင်းသမီးဖြစ်ရေးကိုသာ အဓိကထားပြီး အောင်
ကျော်ကြားမှုနောက်သို့ တကောက်ကောက်လိုက်ခဲ့၏။

သူမ၏တစ်ကိုယ်ကောင်းဆန်မှုကြောင့် သားနှစ်ယောက်
တစ်ကွဲတစ်ပြားစီကြီးပြင်းခဲ့ရ၏။

မိမိ၏အမွှာသားနှစ်ယောက်အနက် တစ်ယောက်မှာ မိမိ ကို
တိုင်ရွေးချယ်လိုက်သော မင်းသားသစ်စေတမာန်ဖြစ်နေ၏။

နောက်တစ်ယောက်မှာ မိခင်ကို မုန်းတီးနာကြည်းစိတ်
စိတ္တဇဝေဒနာစွဲကပ်နေသည်ဆို၏။

ရင်နင့်ကြေကွဲစရာ အဖြစ်အပျက်များအားလုံး မိမိအပြ
ကြောင့်သာဖြစ်၏။ ထိုအဖြစ်အပျက်များအားလုံး အိပ်မက်တ
ဖြစ်လျှင် မည်မျှ ကောင်းမည်နည်း။

ထိုအခိုက်မှာပင် ဒေါ်စိန်ဆင့်၏အနီးသို့ ဓာတ်ရှင်ကုမ္ပဏီ
လူငယ်လေးတစ်ဦးရောက်ရှိလာပြီး

"ဓာတ်တိုက်ဖို့အသင့်ဖြစ်နေပါပြီ အန်တီ"

ဟုပြောလေရာ ဒေါ်စိန်ဆင့်သည် ဓာတ်ရှင်စတူဒီယိုရှိရာ
ထွက်ခဲ့၏။

စတူဒီယိုသည် သူမ၏ ရုံးခန်းနှင့်မနီးမဝေးမှာရှိ၏။ ဒေါ်





ဆင့်သည် စတူဒီယိုသို့ ရောက်ရှိသွားသောအခါ ရဲလူ ပြာပူ
ကြောက်ဓာတ်လမ်း၌ သရုပ်ဆောင်သော စေတမာန်ကို အပေါ်ပိုင်း
လာကျင်းပြီး ကောင်းကင်ဘုံမှ သဘာဝ၏ စွမ်းအားများ တောင်းဆို
နေတန် ဓာတ်တိုက်နေ၏။

ဒေါ်စိန်ဆင့်သည် အပေါ်ပိုင်းဗလာကျင်းထားသော စေတမာန်
၏ လက်မောင်းမှ အနီရောင်အမှတ်လေးကို ကြည့်၍ မိမိ၏ အမွှာ
သားနှစ်ယောက်အနက် သားငယ်ဖြစ်ကြောင်း သေချာသွား လေ၏။

ဒေါ်စိန်ဆင့်သည် သားဖြစ်သူ၏မျက်နှာကိုကြည့်ပြီး ရင်ထဲတွင်
ယက်မသာခံစားနေရ၏။ စေတမာန်သည် ကြိုးစားပမ်းစားသရုပ်
ဆောင်နေလေ၏။ ပြဇာတ်ကို နေ့လယ်ထမင်းစားချိန်၌ ခေတ္တရပ်နား
လိုက်လေ၏။

ယနေ့ဒေါ်စိန်ဆင့်သည် ထူးထူးခြားခြား အဖွဲ့သားများနှင့်
အနေအစားသောက်နေသဖြင့် အားလုံးအံ့သြကြ၏။ ဒေါ်စိန်ဆင့် သည်
ရှေ့၌ ထိုင်နေသော စေတမာန်ကို မသိမသာ အကဲခတ် ကြည့်ရာ
စေတမာန်သည် ၎င်းအတွက် ဝေစုရထားသော ဝက်သားပန်းကန်ကို
တို့မထိဘဲနေကြောင်း တွေ့ရ၏။

ဒေါ်စိန်ဆင့်သည် စေတမာန်ကိုကြည့်ရင်း ကရုဏာသက်
သလိုခံစားရပြီး မိမိပန်းကန်ထဲရှိ ကြက်ပေါင်ကို စေတမာန် ၏ ပန်းကန်
ထဲသို့ ထည့်ပေးလိုက်၏။ စေတမာန်သည် ဒေါ်စိန်ဆင့်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



တင်ဟန်ဖြင့်ကြည့်၍

"ကျွန်တော် ဝက်သားမစားလို့ပါအဒေါ်"

ဟုပြောလေ၏။ ဒေါ်စိန်ဆင့်သည် သားဖြစ်သူ၏ မျက်လုံး အ ကိုကြည့်၍ ဖခင်ဖြစ်သူနှင့် တူကြောင်း သတိပြုမိလိုက်၏။ ဒေါ်စိန် သည် အတိတ်ကို ပြန်လည်သတိရပြီး ရင်ထဲတွင် နာကျင် သွားလေ

မိမိ၏ ပစ်ပယ်ထားမှုကြောင့် သားနှစ်ယောက် ဆင်းရဲ ဒု ကြုံတွေ့ရလေမည်၊ ထိုအဖြစ်များကို မည်သို့ ပြန်လည်ပေးဆ မည်နည်း။

ဒေါ်စိန်ဆင့်သည် ထိုနေ့တစ်နေ့လုံး ပြဇာတ်တိုက်ရင်း တမာန်နှင့် နီးကပ်စွာနေထိုင်ခွင့်ရလေ၏။ စေတမာန်သည် ပြ တိုက်ရင်း မိမိထံသို့ မဖိတ်ခေါ်ဘဲရောက်လာသော ပုလိပ် အင်စ တော်လှမိုး ဆိုသူကို သတိရနေ၏။ အင်စပက်တော်၏ စကား မိမိ၌စိတ္တဇဖြစ်နေသော အမှာပူးညီအစ်ကို ရှိနေသည်ဆို၏။ ထို သည် လူပေါင်းများစွာ၏အသက်ကို ဖိစိန်ခြွေနေသော လူသ သမားဖြစ်သည် ဆို၏။ ထိုစကားများသည် မှန်ကန်သောစကား ပင်လော၊ အင်စပက်တော်၏ လွဲမှားသောအယူအဆများပင် လေသလား။

စေတမာန်သည် အင်စပက်တော်လှမိုး၏ စကားများကို ကြ ယောင်ရင်း ပြဇာတ်တိုက်သောအခါ အဲလွဲလွဲအမှားများ ဖြစ်နေ



စိန်ဆင့်သည် သားဖြစ်သူကိုကြည့်၍ အတွေ့အကြုံများသူပီပီ ပျံ့လွင့်နေကြောင်း ရိပ်စားမိနေ၏။ ထို့ကြောင့် စေတမာန်ကို ဇာတ်ထဲတွင် အာရုံစိုက်ရန် သတိပေးလိုက်၏။

စေတမာန်သည် အင်စပက်တော်၏စကားများကို နားထဲမှ လိုက်သောအခါ ပြဇာတ်ကို အမှားနည်းအောင် သရုပ် ဆောင်နိုင် ၏။

ထို့ကြောင့် ပြဇာတ်တိုက်ခြင်းကို ရပ်နားလိုက်လေတော့၏။

* * *

ဒေါ်စိန်ဆင့်သည် ရေဲကလူ ပြာပွမကြောက်ကို သူမကိုယ်တိုင် ရေးခဲ့သဖြင့် အဖွဲ့သားများ ပီပြင်အောင် သရုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိ ကောင်းစွာ ရိပ်စားမိ၏။

ပြဇာတ်အဖွဲ့သားများအားလုံး ကျေနပ်အားရသော အဆင့် ရောက်ရှိနေသဖြင့် ဇာတ်တိုက်ခြင်းကို ရပ်နားရန် ဆုံးဖြတ်လိုက်၏။ စိန်ဆင့်က ပြဇာတ်အဖွဲ့သားများကို ခေါ်၍

"လပြည့်နေ့ရောက်ဖို့ ရက်တွေနီးနေပြီ၊ ကျွန်မတို့ပြဇာတ် တိုက်တာ ရပ်နားလိုက်တော့မယ် ရှင်တို့အားလုံး အနားယူပြီး အားမွေးထားကြ သဘာဝရဲ့စေတမာန်ဟာ ကျွန်မဘဝရဲ့အ



www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်တစ်ပုဒ်ပဲ၊ ပြဇာတ်ကပြီးရင် ဓါတ်ရှင်လဲရိုက်
ဦးမယ်၊ ဒါကြောင့် ရှင်တို့အားလုံး ကြိုးစားကြပေါ့”

ဟုပြောရင်း စေတမာန်နှင့် မျက်လုံးချင်းဆုံအောင် ကြ...
လိုက်၏။ ထိုအခါ သားဖြစ်သူ၏ မျက်လုံးထဲတွင် တက်ကြွရွှင်လ...
သော အရိပ်အယောင်များကို မြင်တွေ့ရသဖြင့် သူမ ကျေနပ်သ...
လေ၏။

* * *

အင်စပက်တော်လှမိုးသည် နံနက်စောစော မုန့်ဟင်းခါး စား...
သူကြီးဂေဇက် သတင်းစာကို ဖတ်ရှုနေ၏။ ထိုအခါ ယနေ့...
လျော်တန်းဇာတ်ရုံ၌ ရဲကလူပြာပူမကြောက်ပြဇာတ်ကို ပြသမည်...
ကြောင်း ကြော်ငြာထား၏။

ပြဇာတ်ကြော်ငြာ၌ ပါရှိသော မင်းသားသစ် စေတ...
၏ရုပ်ပုံသည် တာတီးနှင့် တစ်ထေရာတည်းတူ၏။ အင်...
တော်သည် စေတမာန်၏ ဓာတ်ပုံကို ကြည့်ရင်း တစ်ခုခုလွဲမှာ...
ကြောင်း ရိပ်စားမိလိုက်၏။ တာတီးသည် မည်သည့်အရပ်သို့ ...
ရှိနေသနည်း။ မြေလျှိုးမိုးပျံ၍ပင် သွားလေသလော။ မိမိ အ...
အကြံအစ တရားခံတစ်ယောက်၏ သဲလွန်စကို ရရှိပါလျှက် ...
ပျောက်ဆုံးသွားခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်ရပ်ဖြစ်၏။ ရန်ကု...





...တာတီး၏အရိပ်အယောင်များကို မြင်တွေ့ရလျှက် ပျောက်ဆုံးနေခြင်း
...မှာ အံ့ဩဖွယ်ကောင်းလွန်းလှ၏။

တာတီးသည် မည်သည့်အရပ်သို့ရောက်ရှိနေသနည်း။ တာတီး
...လို လူတစ်ယောက်သည် ရန်ကုန်မြို့၌ ဤမျှ အချိန်ကြာကြာ ကိုယ်
...ရောင်မဖျောက်နိုင်ချေ။ တာတီး ဤသို့ ပျောက်ဆုံးနေခြင်းမှာ
...စေတမာန်နှင့် ရောနှောနေခြင်းကြောင့်ပင်လော။ ဤသို့ဆိုလျှင်
...သနေညသည် အန္တရာယ်အဖြစ်နိုင်ဆုံးညဖြစ်နေလေ၏။

စေတမာန်သည် ရဲကလူပြာပူမကြောက်ပြဇာတ်၏ အဓိက
...သရုပ်ဆောင် မင်းသားဖြစ်၏။ အင်စပက်တော်လှမိုးသည် တွေး
...နေ၊ ပိုမိုပူပင်လာပြီး နေမထိထိုင်မသာဖြစ်လာမိ၏။

လူသတ်မှုများ ဆက်လက်မကျူးလွန်စေရန် မိမိအစွမ်း ကုန်
...ကြိုးစားရပေမည်။ အင်စပက်တော်လှမိုးသည် စေတမာန်နှင့်
...တ်သက်ပြီး နောက်ဆုံးအနေဖြင့်ထပ်မံကြိုးစားရန် ဆုံးဖြတ်လိုက်၏။
...ထို့ကြောင့် စေတမာန်ပေးထားသော လိပ်စာအတိုင်း အလုံဘက်
...သို့ထွက်ခဲ့၏။

အလုံသို့ရောက်သောအခါ တစ်ထပ် ပျဉ်ထောင်အိမ်ကလေး
...တစ်လုံးရှေ့၌ ကားကို ရပ်လိုက်၏။ အင်စပက်တော်လှမိုးသည် ခြံတံခါး
...ကိုလှမ်းပယ်မ်း၍

“အိမ်ရှင်တို့”



www.burmeseclassic.com

www.burmeseclassic.com

ဟုအသံပြုလိုက်လေ၏။ ထိုအခါ အိမ်ထဲမှ မိန်းမပျိုတစ်ဦး ထွက်ပေါ်လာ၏။ အင်စပက်တော်လှမိုးသည် ထိုမိန်းမ ကိုကြည့် ကြက်သီးတဖြန်းဖြန်းထသွားပြီး

"နီလာမြိုင်"

ဟုရေရွတ်လိုက်လေ၏။

အိမ်ထဲမှထွက်လာသော မိန်းကလေးသည် တာတီးလက်ချ ကြောင့် သေဆုံးခဲ့သော နီလာမြိုင်နှင့် တစ်ထေရာတည်းတူနေ လွန်ခဲ့သောရက်က ချစ်တီးထမင်းဆိုင်ရှေ့၌ ထိုမိန်းကလေးကို နီလာမြိုင်ဟု မှား၍ခေါ်ခဲ့၏။ ထိုမိန်းကလေးသည် အင်စပက်တော် လှမိုးကို မျက်မှောင်ကြုတ်၍

"ဘာကိစ္စရှိလို့လဲ၊ တစ်ခါတုန်းက ကျွန်မကို မြို့ထဲမှာ လူမှားပြီး ခေါ်ခဲ့သေးတယ်"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက နီလာမြိုင်ကို မ နိုင်ဟန်ဖြင့် ကြည့်၍

"အံ့သြဖို့ကောင်းလိုက်တာ မင်းဟာ ကျုပ်နဲ့ သိကျွမ်းဖူးတဲ့ မိန်းကလေးနဲ့ တစ်ထေရာတည်းတူ နေတယ်၊ တကယ်ပါဗျာ၊ ခွဲမရအောင်တူတယ်"

ဟုပြောလေ၏။ ထိုအခါ နီလာမြိုင်က သက်ပြင်းချ၍

"နာမည်တူလူတူရှား ဆိုတဲ့စကားလဲ ရှိတာပဲ၊





ရှင်ကျွန်မ အိမ်ကို လာတဲ့အကြောင်းကို အမိန့်ရှိ ပါဦး"

ဟုပြောလိုက်လေ၏။ အင်စပက်တော်လှမိုးက

"ကျုပ် စကားတွေကို အေးအေးဆေးဆေး ပြောမှဖြစ်မယ်၊ ကျုပ်ကို အိမ်ထဲဝင်ခွင့်ပြုပါဦး"

ဟုပြောလေ၏။ မိန်းမပျိုသည် အင်စပက်တော်လှမိုးကို အိမ်ထဲ ခေါ်သင့်မခေါ်သင့် စဉ်းစားပြီးမှ ဝင်ခွင့်ပြုလိုက်လေ၏။ အင်စပက် တော်လှမိုးသည် အိမ်ဧည့်ခန်းထဲ၌ ဝင်ထိုင်လိုက်ပြီး မိမိကိုယ်မိမိ ပုလိပ်အရာရှိ ဖြစ်ကြောင်း ပြောကာ

"ခါတ်ရှင်မင်းသား စောတမာန်ကို ကျုပ်တွေ့ ပြီးပါပြီ၊ ကျုပ် ပြောတဲ့အကြောင်းတွေကို သေသေ ချာချာနားထောင်ပါ""

ဟုအစချီ၍ စိတ္တဇလူသတ်သမားတာတီး၏ အကြောင်းကို တောင်ပြောဆို၏။

ထို့နောက် တာတီးကျူးလွန်ခဲ့သော ထိတ်လန့်ဖွယ် လူသတ် များကို ပြောပြလေရာ မိန်းမပျိုက အထိတ်တလန့် ရေရွတ်၍

"အမလေး ကြောက်စရာကောင်းလိုက်တာ ရှင်၊ ဒါနဲ့ နေပါဦး၊ လူသတ်သမားအကြောင်းကို ကျွန်မကို ဘာဖြစ်လို့ပြောပြနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟုမေးမြန်းလိုက်၏။ ထိုအခါ အင်စပက်တော်လှမိုးက သူ
အိတ်ထဲရှိ တာတီး၏ ဓါတ်ပုံကိုထုတ်၍ ပေးလိုက်ရာ မိန်းမပျိုသည်
ဓါတ်ပုံထဲရှိ လူကို ကြည့်၍ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားပြီး

"အို...ဒါကျွန်မယောကျ်ားပုံပဲ၊ မဖြစ်နိုင်ပါဘူး။
လုံးဝ မဖြစ်နိုင်ဘူး"

ဟုငြင်းဆိုလေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ်၍

"ဓါတ်ပုံထဲကလူဟာ မိန်းကလေးရဲ့ယောကျ်ား
စေတမာန် မဟုတ်ဘူး၊ စိတ္တဇ လူသတ်သမား
တာတီးပဲ"

ဟုဆိုလိုက်ရာ မိန်းမပျိုသည် မယုံနိုင်ဟန်ဖြင့် ကြည့်၍

"အို...ဒီလူဟာ ကျွန်မယောကျ်ားနဲ့ ခွဲမရ
အောင်တူတာပဲ၊ သူတို့နှစ်ယောက်ဘာဖြစ်လို့
ဒီလောက် ရုပ်ချင်းဆင်တူနေရတာလဲ"

ဟုမေးမြန်းလေ၏။ အင်စပက်တော်လှမိုးက သက်ပြင်း
တာတီးနှင့်စေတမာန်တို့ အမွှာညီအစ်ကို တော်စပ်ပုံနှင့် ၎င်းတို့
မှာ ပဲရစ်ကုမ္ပဏီပိုင်ရှင် ဒေါ်စိန်ဆင့်ဖြစ်ကြောင်း ပြောပြလေ၏
အင်စပက်တော်လှမိုးပြောပြသွားသောအကြောင်းအရာများ
မိန်းမပျိုကထိတ်လန့်အံ့သြစွာ နားထောင်၍

"အတော်အံ့သြဖို့ကောင်းတာပဲ၊ သူတို့ညီ





အစ်ကို နှစ်ယောက်ရဲ့ ငယ်ဘဝဖြစ်စဉ်ကိုကြားရတာ
ဝမ်းနည်းစရာပဲ"

ဟုပြောလေ၏။ အင်စပက်တော်လှမိုးက ဆက်လက်၍ စိတ္တဇ
လူသတ်သမား တာတီး၏ သဲလွန်စများနောက်သို့ ၎င်းကိုယ်တိုင်
လိုက်လံစုံစမ်းနေပုံကို ရှင်းလင်းပြလေ၏။

မိန်းမပျိုက စိတ်လှုပ်ရှားစွာ နားထောင်၍

"ဟင်... ဒါဆိုရင် စိတ္တဇ လူသတ်သမားဟာ
ရန်ကုန်ကို ရောက်နေပြီပေါ့"

ဟုမေးမြန်းလေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ် ၍

"ဟုတ်တယ်၊ တာတီး ရန်ကုန်မှာ မူခင်းတွေ
ကျူးလွန်ခဲ့ကြောင်း တိကျခိုင်လုံတဲ့ အထောက်
အထားရှိတယ်၊ ကျုပ်တစ်သက်မှာ လိုက်ခဲ့တဲ့ အမှု
တွေရဲ့အတွေ့အကြုံအရ တရားခံတစ်ယောက်ဟာ
ကျုပ်မြင်ကွင်းရှေ့က ရုတ်တရက် ပျောက်သွားတာ
တစ်ခါမှမကြုံဖူးဘူး။ သူကိုယ်ယောင်ဖျောက်သွား
တာ သိပ်ထူးဆန်းတယ်"

ဟုဆိုလိုက်ရာ မိန်းမပျိုက မျက်မှောင်ကြုတ်၍

"သူဘာကြောင့် ကိုယ်ယောင်ဖျောက် သွား
နိုင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလိုက်၏။ ထိုအခါ အင်စပက်တော်လှမိုးက သက်ပြင်းချ၍

"ကျုပ်အစတုန်းကဲ့ ဒါကိုမစဉ်းစားနိုင်ဘူး၊ ဒီနေ့တော့ အဖြေ တစ်ခုသွားတွေ့တယ်၊ တာတီးဟာ စေတမာန်ရဲ့အနောက်မှာ ပုန်းကွယ်နေတာဖြစ်နိုင်တယ်၊ ဒါကြောင့် စေတမာန်နဲ့ အနီးဆုံးလူဖြစ်တဲ့ မိန်းကလေးဆီကို လာစုံစမ်းရတာပဲ၊ တာတီးဟာ စေတမာန်ရဲ့အနောက်မှာ ပုန်းကွယ်နေမယ်ဆိုရင် မိန်းကလေးနဲ့လဲ ပတ်သက်မှာပဲ၊ ဒါကြောင့်ဒီရက်ပိုင်းမှာ စေတမာန်ရဲ့ အပြုအမူတွေ ထူးခြား မှုရှိမနေဘူးလား"

ဟုမေးမြန်းလိုက်၏။ အင်စပက်တော်လှမိုး၏ စကားကြောင့် မိန်းမပျိုက ထိတ်လန့်အံ့သြဟန်ဖြင့်

"ဟင်…ဒါဆိုစိတ္တဇဖြစ်နေတဲ့ တာတီးဆိုတဲ့ လူက ကျွန်မ ဆီကို ရောက်လာမယ် ထင်လို့လား"

ဟုရေရွတ်လေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ် ၍

"ဖြစ်နိုင်ချေရှိလို့ မေးကြည့်တာပါ၊ မိန်းကလေးစဉ်းစား ကြည့်ပါ"

ဟုဆိုလိုက်ရာ မိန်းမပျိုက ခေါင်းခါယမ်း၍





"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

ဟုရေရွတ်နေလေ၏။

* * *

ရေဲကလူ ပြာပွမကြောက် ပြဇာတ်ကမည့်နေ့ ညနေစောင်းအချိန်မှပြဇာတ်၏အဓိက သရုပ်ဆောင် ဒေါ်ခင်စန်း မူးမေ့လဲကျပြီး ဆေးရုံတင်လိုက်သော သတင်းထွက်ပေါ်လာ၏။

ထိုသတင်းကြောင့် ပဲရစ်ကုမ္ပဏီတစ်ခုလုံး ပွက်လောရိုက်သွားလေ၏။ ရေဲကလူပြာပွမကြောက်ပြဇာတ်ကပြမည့် အစီအစဉ်ပျက်ပြီဟု စိတ်ပျက်လက်ပျက်ညည်းညူကြ၏။

ထိုသတင်းကို ပဲရစ်ကုမ္ပဏီပိုင်ရှင် ဒေါ်စိန်ဆင့်ကြားသော အခါ အံကိုတင်းတင်းကြိတ်၍

"လက်မှတ်တွေလဲ ရောင်းထားပြီးပြီ၊ ပဲရစ်ကုမ္ပဏီရဲ့ ဂုဏ်သိက္ခာအကျမခံနိုင်ဘူး၊ ဒေါ်ခင်စန်းနေရာမှာ ကျွန်မကိုယ်တိုင် ဝင်က မယ်"

ဟုဆိုလိုက်ရာ ဒါရိုက်တာဦးမောင်ကြီးက မျက်မှောင်ကြုတ်၍

"ဖြစ်ပါ့မလား ဒေါ်စိန်ဆင့်"

ဟု မယုံနိုင်ဟန်ဖြင့် မေးမြန်းလိုက်၏။ ဒေါ်စိန်ဆင့်က မဲ့ပြုံးပြုံး၍

"ဒီဇာတ်ကို ကျွန်မကိုယ်တိုင်ရေးတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဇာတ်ထဲမှာ ကျွန်မရဲ့ခံစားချက်တွေ၊ မျက်ရည်တွေ ပါတယ်၊ ကျွန်မ မကနိုင်စရာ အကြောင်းမရှိဘူး”

ဟုပြောလိုက်ပြီး အဝေးဆီသို့ ငေးမောကြည့်ကာ လေသံ တိုးတိုးဖြင့်

“ရဲကလူပြာမှုမကြောက်ပြဇာတ်ကို ကျွန်မ ကိုယ်တိုင် ကပြသင့်ပါတယ်၊ ဒါမှ အစစ်အမှန်ဖြစ်မှာပေါ့”

ဟုရေရွတ်လိုက်လေ၏။ ပြီးနောက် ဒေါ်စိန်ဆင့်သည် စေတမာန်အနီးသို့ လျှောက်လှမ်းသွားပြီး ပခုံးပေါ်သို့ လက်တင်၍

“စိတ်မပူနဲ့ ငါ့သား။ အမေတို့ ရဲကလူပြာမှုမကြောက် ပြဇာတ်ကိုကဖြစ်အောင်ကမယ်”

ဟုပြောဆိုပြီး ရုံးခန်းထဲမှ ထွက်ခွာသွားလေ၏။ ဒေါ်စိန်ဆင့်၏ရင်နှီးစွာဆက်ဆံမှုကြောင့် စေတမာန်၏ရင်ထဲတွင် ဝေဒနာတစ်မျိုးခံစားပြီး ကျန်ရစ်ခဲ့လေ၏။

ပဲရစ်ကမ္ဘာဂီရှိလူများကလည်း လွန်စွာတည်ကြည်သော ဒေါ်စိန်ဆင့်က စေတမာန်ကို သားဟုတရင်းတနှီး ခေါ်ဆိုပုံကို တအံ့တသြကြည့်ရှုကြလေ၏။

✳ ✳ ✳





သဘာဝ၏စေတမာန်ဟု မိမိကိုယ်မိမိခံယူထားသော တာတီးသည် ယနေ့လပြည့်ညတွင် အပြစ်ရှိသူများကို အပြစ်ဒဏ်ရမည်ဟု ဆုံးဖြတ်ထား၏။

ယနေ့ညအပြစ်ဒဏ်ခတ်ရမည်သူမှာ အခြားမဟုတ်ဘဲ သူ၏မိခင်အရင်းဖြစ်နေ၏။

မိခင်သည် ရင်သွေးကိုမွေးဖွားပြီး တာဝန်မဲ့စွာပစ်ထားခဲ့၏။ မိခင်၏တာဝန်မဲ့မှုကြောင့် စွန့်ပစ်ခံရသော ရင်သွေးသည် မည်မျှ ဒုက္ခခံစားရပါသလဲ။

ရက်စက်လိုက်တာမိခင်၊ ကျွန်တော်အမြဲတမ်း အနှိမ်ခံဘဝနဲ့ နေပြီး အားငယ်ခဲ့ရပါတယ်။ တိတ်တိတ်ပုန်း ရှိုက်ငိုခဲ့ရပါတယ်၊ ဒါကြောင့် မိခင်သဘာဝရဲ့အပြစ်ဒဏ်ကို ကျေကျေနပ်နပ်ကြီး ခံယူပါ။ တာတီး၏ စိတ္တဇဝေဒနာမှာ အဆုံးစွန်ဆုံးသို့ရောက်ရှိ သွားလေ၏။ တာတီးသည် ပြတင်းပေါက်ကိုဖွင့်၍ ကောင်းကင်သို့ မော့ကြည့်ပြီး သဘာဝတရားထံမှ စွမ်းအင်ခံယူရန် အချိန်ရောက်ပြီဟု ဆုံးဖြတ်လိုက်၏။

ထို့ကြောင့်ကြောင်လိမ်လှေကားမှ တစ်ဆင့်မိမိနေထိုင်သော တိုက်ကြီး၏ခေါင်မိုးပေါ်သို့တက်သွားလေ၏။ တိုက်ကြီး၏ ခေါင်မိုးပေါ်သို့ရောက်သောအခါ လမင်းကြီးကိုမော့ကြည့်၍ လက်နှစ်ဖက် ကိုဆန့်တန်းကာ



www.burmeseclassic.com

www.burmeseclassic.com



"အို သဘာဝစွမ်းအားရှင်၊ ကျွန်ုပ်အား တန်ခိုးစွမ်းအားတွေပေးပါ။ အရှင့်ကိုယ်စား ငမိုက်သားများကို အပြစ်ဒဏ်ခတ်ဖို့ အချိန်ကြရောက်ပါပြီ၊ သဘာဝတရားကြီးရဲ့ မကုန်ဆုံးနိုင်သော စွမ်းအင်တွေပေးသနားပါ"

ဟုအရူးတစ်ယောက်ကဲ့သို့ ရေရွတ်နေလေ၏။ အတန်ကြာသောအခါ မိမိကိုယ်မိမိ ယုံကြည်မှုများ ခိုင်မာလာပြီး ကြောင်လိမ်လေကားမှ တဆင့် ပြန်ဆင်းလာခဲ့၏။ သူ၏အနီးသို့ရောက်သော အခါနာရီကိုကြည့်၍ အိမ်မှထွက်ခွာရန် အချိန်တန်ပြီဟု ဆုံးဖြတ်လိုက်၏။

* * *

စေတမာန်၏ ချစ်သူမိန်းမပျိုသည် အင်စပက်တော်လှမိုးရှေ့၌မျက်မှောင်ကြုတ်၍ စဉ်းစားနေရင်း တစ်စုံတစ်ရာကို သတိရပြန်ဟန်ဖြင့်ခေါင်းခါယမ်းလိုက်ပြီး

"မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး"

ဟုရေရွတ်လိုက်လေ၏။

အင်စပက်တော်လှမိုးသည် စိတ်လှုပ်ရှားဟန်ဖြင့် မိန်းမပျိုကိုကြည့်လိုက်ပြီး

"ဘာတွေထူးခြားလို့လဲ"





ဟုမေးမြန်းလိုက်၏။ မိန်းမပျိုက ခေါင်းကိုခါယမ်း၍

"အို...ဘာမှမထူးခြားပါဘူး"

ဟုအကြောက်အကန်ငြင်းဆန်လေ၏။

အင်စပက်တော်လှမိုးသည် ထိုသို့ငြင်းဆန်ခြင်းသည်ပင်လျှင်အဖြစ်မှန်ကိုဖုံးကွယ်သည်ဟု ယူဆ၏။ မိန်းမပျိုသည် ယခုရက်ပိုင်းအတွင်း စေတမာန်၏ ထူးခြားသောအပြုအမူများကို မြင်ယောင် နေလေ၏။ စေတမာန်သည် သူမနှင့် ဆက်ဆံသည့်အခါ နူးညံ့သိမ်မွေ့သော အပြုအမူများ ပျောက်ကွယ်နေပြီး မယုံနိုင်လောက်အောင်တော်ထန်ကြမ်းတမ်းနေ၏။ ထိုအပြုအမူများကိုပင် သူမ နှစ်သက်နေမိ၏။

စေတမာန်သည် ပဟေဠိဆန်သော အပြုအမူများကို ပြုလုပ်နေ၏။ တစ်ခါတစ်ရံအိမ်သို့မမျှော်လင့်ဘဲ ရောက်လာပြီး နှုတ်မဆက်ဘဲပြန်လည်ထွက်ခွာသွား၏။

ထိုစဉ်က စေတမာန်အား ငရဲကလူ ပြာပူမကြောက် ဇာတ်လမ်းပါ ဇာတ်ကောင်စရိုက်များ ဖုံးလွှမ်းနေသည်ဟု ထင်မြင်ယူဆခဲ့၏။

လွန်ခဲ့သောရက်က စေတမာန်သည် သူမ၏အစာကြေ လေနိုင်လျှက်ဆားပုလင်းကို ဖွင့်၍စားနေကြောင်းတွေ့ရ၏။ ယခင်က စေတမာန်သည် လျှက်ဆားကို စားရန်မဆိုထားနှင့် အနံ့ရသည်နှင့်ပင်အန်သူဖြစ်၏။ ထို့အပြင်ထမင်းဝိုင်း၌လည်း သူမအတွက်ချက်



www.burmeseclassic.com

www.burmeseclassic.com



လားသော ငါး၏အူဟင်းကို စားသောက်နေကြောင်း သတိရ…
စေတမာန်သည် မည်သည့်အခါမျှ ငါး၏အူဟင်းကို တို့ထိခြင်းမရှိ…
မိန်းမပျိုသည် ထိုသို့စဉ်းစားရင်း ယခုရက်ပိုင်း စေတမာန်၏ ဆက်…
ပုံများကို တစ်ကွက်ခြင်းမြင်ယောင်လာပြီး အလွန်စိတ်ထိခိုက်သော…
အမူအယာဖြင့် ချုံးပွဲချ ငိုကြွေးလိုက်လေ၏

အင်စပက်တော်လှမိုးသည် သူမ၏အမူအယာကိုကြည့်၍ သူမ…
နှင့်စိတ္တဇဝေဒနာရှင် တာတီး ဆက်နွယ်မှုရှိကြောင်း ရိပ်စားမိလိုက်…
အင်စပက်တော်လှမိုးသည် ငိုကြွေးနေသော မိန်းမပျိုကို အတန်ကြာ…
အောင်စောင့်ကြည့်လိုက်ပြီး

"ကိုယ့်စိတ်ကိုယ် ကိုယ်ထိန်းပါမိန်းကလေး
အယောင်ဆောင်ထားတဲ့လူကို မသိလို့ဆက်ဆံ
မိတာ အပြစ်မဟုတ်ပါဘူး"

ဟုပြောလိုက်၏။

မိန်းမပျိုက စိတ်ထိခိုက်ဟန်ဖြင့်

"အို…ဘာပဲဖြစ်ဖြစ် ကျွန်မယောကျ်ားအပေါ်
ကျွန်မ သစ္စာဖောက်မိပြီ၊ သူစိမ်းယောကျ်ားတစ်
ယောက်ကို ကျွန်မ လက်ခံလိုက်မိပြီ၊ ကျွန်မကိုယ်
ခန္ဓာမသန့်ရှင်းတော့ပါဘူး၊ ကျွန်မဘဝဟာ သေ
လိုက်ဖို့ပဲကောင်းတော့တယ်"





ဟုဆိုကာ တရှုံ့ရှုံ့ငိုကြွေးနေပြန်၏။ အင်စပက်တော်လှမိုးက
…သိမ့်သိမ့်ရှိုက်ငိုနေသော မိန်းမပျို၏ပခုံးကိုကိုင်၍

"ဒီအကြောင်းတွေကို မိန်းကလေးရဲ့
ယောကျ်ား စေတမာန် သိရင် စိတ်ဆင်းရဲလိမ့်မယ်၊
ဖြစ်နိုင်ရင် တာတီးနဲ့ပတ်သက်တဲ့ အကြောင်းတွေ
ကို ဖုံးကွယ်ထားစေချင်တယ်၊ အရေးကြီးတာက
စိတ္တဇလူသတ်သမားကို ဖမ်းမိဖို့ပဲ၊ ဒီနေ့ည
တာတီးဟာ လူသတ်မှုတွေ ဆက်ပြီးကျူးလွန်
လိမ့်မယ်၊ ကျုပ်သူ့ကို အမိဖမ်းမှဖြစ်မယ်"

ဟုဆိုလိုက်ရာ မိန်းမပျိုသည် ငိုယိုနေရာမှ

"ဒါဆိုရင် ကျွန်မလဲ လိုက်ပါရစေ၊ ကျွန်မ
ယောကျ်ား အတွက် စိုးရိမ်လို့ပါ"

ဟုခွင့်တောင်းလေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ်၍

"ဒါဆိုရင် ကျုပ်နောက်ကို အမြန်ဆုံးလိုက်ခဲ့
ပေတော့"

ဟုဆိုကာ အိမ်ပေါ်မှဦးဆောင်ပြီးဆင်းခဲ့လေ၏ မိန်းမပျိုသည်
…တ်အစားပင်မလဲတော့ဘဲ အင်စပက်တော်လှမိုးအနောက်သို့
…ပြေးအလှားလိုက်ပါလာ၏။

အင်စပက်တော်လှမိုးသည် ဂျစ်ကားကို စက်ကာနှိုး၍ ‌မောင်း



www.burmeseclassic.com

www.burmeseclassic.com



တန်းဇာတ်ရုံရှိရာသို့ မောင်းနှင်ခဲ့လေ၏။

စိတ္တဇလူသတ်သမားကို အမြန်ဆုံးဖမ်းဆီးရန် အရေးပေါ် နေလေပြီ။

* * *

လျှော်တန်းဇာတ်ရုံ၌ ကျင်းပသော ရေကလူပြာပွမကြောက် ပြဇာတ်ကို ရန်ကုန်မြို့ ပရိသတ်များက ရုံပြည့်ရုံလျှံ အားပေးကြလေ၏။

ပြဇာတ်ကို အားပေးသူပရိသတ်များပြားလွန်းသဖြင့် လက်မှတ် မရဘဲ ပြန်ရသူများလည်းရှိ၏။

ရေကလူပြာပွမကြောက်ပြဇာတ်ကို ည(၇)နာရီ၌ စတင် ပြ၏။ ပြဇာတ်စသည်နှင့် မင်းသားသစ်စောတမာန်သည် ဇာတ် အကောင်းဆုံးဖြစ်အောင် ကပြနိုင်ခဲ့၏။

ပြဇာတ်တစ်ဖွဲ့လုံး စိုးရိမ်နေသူမှာ ကျန်းမာရေးမကောင်း သော ဒေါ်ခင်စန်း၏နေရာ၌ အစားထိုးဝင်ရောက်ကပြသော ကမ္ဘာ ဒေါ်စိန်ဆင့်ဖြစ်၏။

ဒေါ်စိန်ဆင့်၏ကပြနေပုံကို ဒါရိုက်တာကြီးကိုယ်တိုင် ရင်တ





င့် စောင့်ကြည့်နေလေ၏။

ဒေါ်စိန်ဆင့် အလွဲအမှားတစ်ခု ကျူးလွန်လိုက်လျှင်ပြဇာတ် တစ်ပုဒ်လုံး ပျက်စီးသွားနိုင်၏။

သို့သော် ဒေါ်စိန်ဆင့်သည် အံ့ဩဖွယ်ကောင်းလောက်အောင် င် သူမ၏အခန်းများကို ပိုင်နိုင်စွာ ကပြသွားနိုင်၏။

သူမ၏သရုပ်ဆောင်မှုများ အသက်ဝင်လွန်းသဖြင့် မူလနေရာ သရုပ်ဆောင်သော မင်းသမီးကြီးဒေါ်ခင်စန်းထက်ပင် ကောင်း နေလေ၏။

ပရိသတ်များသည် ဒေါ်စိန်ဆင့်၏ သရုပ်ဆောင်မှုများ နောက်သို့ မျောပြီးလိုက်ပါနေလေ၏။

ဒေါ်စိန်ဆင့်ကိုယ်တိုင်လည်း သူမကိုယ်တိုင် သရုပ်ဆောင်နေ ကို မေ့လျော့သွားပြီး အမှန်တကယ်ဖြစ်ပျက်နေသလို ခံစားရ၏။

အမှန်စင်စစ် ဤပြဇာတ်သည် သူမ၏ရင်တွင်း၌ နှစ်ပေါင်း စွာ ခိုအောင်းနေသော တကယ့်အဖြစ်မှန်ဇာတ်လမ်းပင် မဟုတ် ပါလား။

ဒေါ်စိန်ဆင့်သည် ပြဇာတ်ကနေရင်း သူမရင်ထဲရှိ နာကျင် ကွဲမှုများ ပေါက်ကွဲထွက်လာပြီး မိမိ၌ရှိသော အပြစ်များလျော့ သွားသယောင် ခံစားရ၏။

သူမ၏ မသိစိတ်၌ မိမိကိုယ်မိမိ အပြစ်ရှိသည်ဟု ခံစားရ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပေပြီ။ မိမိ၏သရုပ်ဆောင်ခြင်း စောင့်ကြည့်နေသော ပရိသတ်၏ကရုဏာများကပင် အပြစ်မျာ လျော့ကြစေလိမ့်မည်။

တစ်နည်းအားဖြင့် ပရိသတ်သည် မိမိ၏အပြစ်ကို စီရင်ချ ချမည့် တရားသူကြီးကဲ့သို့ဖြစ်နေလေ၏။ ဒေါ်စိန်ဆင့်သည် ပြဇာ ကရင်း သူမ၏ ခံစားမှုများကို အစွန်းကုန်ဖောက်ခွဲပစ်နေလေ၏

ထိုအချိန်၌ လျှော်တန်းဇာတ်ရုံရှေ့သို့ တာတီးရောက်ရှိလာ လေ၏။

တာတီးသည် လျှော်တန်းဇာတ်ရုံရှေ့၌ ချိတ်ဆွဲထားသော ရေ လူပြာပူမကြောက်ကြော်ငြာဆိုင်းဘုတ်ကြီးကို ကြည့်၍ သဘော ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

"လူတွေအားလုံး ငါ့ကိုသိကုန်ကြပြီ၊ ဒါဟာ
သဘာဝတရားရဲ့အစွမ်းကြောင့်ပဲ၊ သဘာဝတရားက
ငါ့ကိုစွမ်းအားတွေပေးလိုက်ပြီ၊ ငါ့မှာ စွမ်းအားတွေ
အပြည့်ရှိတယ်"

ဟုရေရွတ်ကာ ပြဇာတ်ရုံထဲသို့ ရင်ကော့ပြီး ဝင်ရောက်သွား လေ၏။ တာတီးသည် ပြဇာတ်ရုံအနောက်ရှိ အဖွဲ့သားများနားနေခန်း ခပ်တည်တည်ဝင်ရောက်သွားလေ၏။ ဇာတ်အဖွဲ့သားများသ တာတီးကို စေတမာန်ဟုထင်မှတ်ကာ မည်သူမျှ မတားဆီး





ရှိလေ၏။

ထိုအချိန်၌ ပြဇာတ်မင်းသားစေတမာန်သည် မိမိကပြမည့် အချိန် နီးကပ်နေသဖြင့် ပြဇာတ်စင်အနောက်ရှိ ကန့်လန့်ကာအနီး သို့ရောက်ရှိနေလေ၏။

စေတမာန်သည် ဒေါ်စိန်ဆင့်၏ သရုပ်ဆောင်မှုများကို ကန့် လန့်ကာကြားမှ ချောင်းကြည့်ရင် သူမကို မိမိဒီအောင် သရုပ်ဆောင် နိုင်ပါ့မလားဟု သံသယဖြစ်နေ၏။

ဒေါ်စိန်ဆင့်၏ သရုပ်ဆောင်မှုများ ရင်သပ်ရှုမောဖွယ်ကောင်း လှန်းလှ၏။

* * *

ထိုအချိန်၌ တာတီးသည် စေတမာန်အဝတ်လဲသောအခန်း သို့ဝင်ရောက်သွားလေ၏။ ထိုအခန်း၌ စေတမာန်ကို မိတ်ကပ်လိမ်း ပေးသော မိန်းမလျာမျိုးရှိနေပြီး မမျိုးက တာတီးကိုကြည့်၍

"ဟင်...ရှင့်မျက်နှာက မိတ်ကပ်တွေဘယ်
ရောက်သွားပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုအော်ဟစ်လိုက်လေ၏။ တာတီးသည် မိန်းမလျာမျိုး မှန်းတီးသူဖြစ်သဖြင့်

"မိန်းမလျာကြီး၊ စကားမရှည်နဲ့၊ လက်သီးစာ မိချင်သလား"

ဟုကြိမ်းမောင်းလိုက်ရာ မိန်းမလျာမမျိုးသည် ဒေါသူပုန်ထ သွားပြီး

"နင်လှုပ်ပါးဝလှချည်လား၊ မမျိုးကို ဘာကောင်မ အောက် မေ့လို့လဲ"

ဟုအော်ဟစ်လိုက်၏။

တာတီးသည် မိန်းမလျာကိုကြည့်၍ စိတ်မထိန်းနိုင်တော့ဘဲ လက်သီးဖြင့် အားကုန်ထိုးလိုက်ရာ မိန်းမလျာမမျိုးသည် ခုတင်ကြား သို့ ဝုန်းခနဲကျပြီး မေ့မျောသွားလေ၏။

တာတီးသည် ဇာတ်စင်ပေါ်တွင် ပြကနေသော ဒေါ်စိန်ဆင့် ၏စကားသံများကိုကြားရင်း

"အမေ...ကျုပ်ကို ဘာကြောင့်ထားခဲ့တာ လဲဗျာ၊ ကျုပ်ဘဝ တစ်လျှောက်လုံး အမေ့ကြောင့် အနိမ့်ခံဘဝနဲ့နေခဲ့ရတာဗျ၊ အမေကတော့ သူဌေးမ ကြီးလုပ်ပြီး လူ့လောကမှာ မော်မော်ကြွားကြွားနေ နိုင်ခဲ့တယ်၊ ကျုပ်ကတော့ အသုံးမကျတဲ့လူတစ်





ယောက်ဖြစ်နေပြီဗျ"

ဟုရေရွတ်ပြီး ဇာတ်စင်ရှိရာသို့ တစ်လှမ်းချင်းလျှောက်လှမ်း သွားလေ၏။

ဇာတ်စင်အနီးသို့ရောက်သောအခါ ကန့်လန့်ကာကြား၌ ရပ် စောင့်နေသော စေတမာန်နှင့် သွားဆုံလေ၏။

စေတမာန်နှင့်တာတီးသည် တစ်ယောက်နှင့်တစ်ယောက် အံ့တသြကြည့်လိုက်ကြ၏။

စေတမာန်သည် တာတီးကိုမြင်မြင်ချင်း အင်စပက်တော်လှမိုး ၏စကားကို အမှတ်ရပြီး စိတ္တဇလူသတ်သမားမှန်းသိသဖြင့် ထိတ် လန့်တုန်လှုပ်သွားလေ၏။

ထိုသူသည် မိမိ၏အမွှာပူးညီအစ်ကိုလည်းဖြစ်နေလေ၏။

တာတီးသည် စေတမာန်ကိုကြည့်ပြီး အံ့သြတကြီးဖြစ်သွားပြီး

"သဘာဝတရားက ငါ့ကိုတစ်ယောက် တည်း ဖန်ဆင်းပေးထားတာ၊ မင်းက ငါ့နဲ့ဘာ ကြောင့် တူနေရတာလဲ၊ သဘာဝရဲ့ စေတမာန်တ တစ်ယောက်တည်းကွ၊ နှစ်ယောက်မရှိနိုင်ဘူး၊ ဒါဆို မင်းက အတုပဲ၊ ရှင်းပစ်ရမယ်"

ဟုဆိုကာ စေတမာန်၏လည်ပင်းကိုညှစ်လေ၏။ စေတမာန် သည် မိမိ၏လည်ပင်းကိုအညှစ်ခံရသဖြင့် ထိတ်လန့်ပြီး အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com

ရန်ကြိုးစားလေ၏။

သို့သော် မည်သည့်အသံမျှ ထွက်မလာသဖြင့် တာတီး၏ရင်
ကို လက်သီးဖြင့်ဆောင့်ထိုးလိုက်ရာ တာတီး၏လက်များ ပြေ လျှော့
သွားလေ၏။ တာတီးသည် မိမိ၏ရင်ဝကို အထိုးခံရသဖြင့် လည်
ညှစ်ထားသော လက်ကိုလွှတ်၍ စေတမာန်၏မေးရိုးကို လက်သီးဖြ
ထိုးလိုက်ရာစေတမာန် မေ့မျောသွားလေ၏။

တာတီးသည် စေတမာန်လဲကျသွားသေအခါ ကန့်လန့်က
ကြားမှ တိုးဝင်ပြီး ဖာတ်စင်ပေါ်သို့ ရောက်ရှိသွားလေ၏။ ဖာတ်စင် ပေ
မိခင်ဖြစ်သူ ဒေါ်စိန်ဆင့်သည် ကျောခိုင်း၍ ရပ်နေလေ၏။

တာတီးသည် မိခင်ကိုကြည့်၍ သဘာဝတရား၏ကိုယ်စာ
အပြစ်ဒဏ်ခတ်ရမည်ဟု ဆုံးဖြတ်ကာ အသင့်ယူဆောင်လာသော
ဓားမြှောင်ကိုထုတ်လိုက်၏။ ပြီးနောက် တုန်ရီအက်ကွဲသော အသ
ကြီးဖြင့်

"အမေ သားရောက်လာပြီ၊ အမေကတော့
သူဌေးမကြီးလုပ်ပြီး လူ့လောကမှာ မော်မော်ကြွား
ကြွားနေနိုင်ခဲ့တယ်၊ ကျုပ်ကတော့ ဆင်းရဲသားနင်း
ပြားဘဝနဲ့နေနေရတယ်၊ အမေ မတရားဘူးဗျာ၊
အမေ ဘာဖြစ်လို့ ဒီလောက်တောင် ရက်စက်ရ
တာလဲ"





ဟုဆိုလိုက်ရာ ကျောခိုင်းရပ်နေသော ဒေါ်စိန်ဆင့်သည်
အနောက်သို့ ဖြည်းညှင်းစွာလှည့်ကြည့်လေ၏။

တာတီးသည် စေတမာန်နှင့်ရုပ်ချင်းခွဲမရအောင် တူသည့်
အပြင် ယခုတာတီးပြောလိုက်သောစကားများသည် ပြဇာတ်ထဲတွင်
စေတမာန်ပြောရမည့် စကားဖြစ်နေသဖြင့် ဒေါ်စိန်ဆင့်ကိုယ်တိုင်
ဓိုဝ်မိဘဲရှိနေလေ၏။

ပရိသတ်သည်လည်း ဖာတ်စင်ပေါ်တွင်ရောက်နေသော တာတီး
ကို စေတမာန်အမှတ်ဖြင့်ကြည့်ရှုနေလေ၏။

ဒေါ်စိန်ဆင့်က စင်ပေါ်သို့ရောက်နေသောတာတီးကို ဆို့နင့်
ကြေကွဲစွာကြည့်၍

"အမေ သားကို ရက်စက်ခဲ့တာမဟုတ် ပါဘူး
လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်က အမေဘယ်
လောက်ခံစားခဲ့ရသလဲ သားသိလား။ အမေ့ရဲ့အတွ
က အမေနဲ့သားကို ရက်စက်လိုက်တာပါ၊ အမေ
အဲဒီတုန်းက မင်းသမီးသိပ်ဖြစ်ချင်တယ်လေ၊
မင်းသမီးလုပ်မဲ့ လူက အဖေမပေါ်တဲ့သားကို မွေး
လို့ဖြစ်ပါ့မလား"

ဟုပြောလိုက်၏။

တာတီးက အံကိုတင်းတင်းကြိတ်၍



www.burmeseclassic.com

www.burmeseclassic.com

"အတ္တသိပ်ကြီးတဲ့မိန်းမကြီးပါလား။ ကျုပ်က ခွင့်လွှတ်နိုင်ပေမယ့် သဘာဝတရားက ခင်မျှားကြီးကို ခွင့်လွှတ်ဘူးဗျ။ ကျုပ်က သဘာဝတရားရဲ့ စေတမာန်ဖြစ်နေပြီ၊ သဘာဝတရားကိုယ်စား ခင်မျှားကို ကျုပ်အပြစ်ဒဏ်ခတ်ရမှာပဲ"

ဟုဆိုကာ သူ၏လက်ထဲရှိ ဓားကိုမြှောက်လိုက်၏။ ထိုအခ် ဒေါ်စိန်ဆင့်သည် စေတမာန်၏လက်မောင်းမှ အနီရောင်အမှတ်လေး ကို မမြင်ရသဖြင့် တုန်လှုပ်ခြောက်ခြားသွားလေ၏။

*"ဘုရားဘုရား ဓာတ်စင်ပေါ်မှာ ရောက်နေတာ သားငယ် စေတမာန်မဟုတ်ပါလား။ သူဟာ စိတ္တဇဖြစ်နေတဲ့ ငါ့ရဲ့သားကြီး တာတီးပဲ၊ ဒါဆိုရင် သားငယ်စေတမာန်ဘယ်ရောက်နေသလဲ"*

ဒေါ်စိန်ဆင့်သည် တာတီး၏လက်မှ အရောက်တလက်လက် ထွက်နေသော ဓားကိုကြည့်၍ တစ်ကိုယ်လုံးဖောချွေးများပြန်လာ၏။ ဒေါ်စိန်ဆင့်သည် ဓာတ်စင်အနောက်သို့ ခုန်ချလိုက်လျှင် စိတ္တဇ ဖြစ်နေသော တာတီး၏လက်မှ လွတ်မြောက်နိုင်သော်လည်း ပြဓာတ် ထဲတွင် စီးမျောနေသောပရိသတ်ကို သစ္စာမဖောက်လိုသဖြင့် သတ္တိ မွေးပြီး ဆက်နေလိုက်၏။

တာတီးက ဓားမြှောင်ကို ကိုင်မြှောက်၍ တစ်လှမ်းချင်း ရှေ့သို့





တိုးကပ်လာ၏။ ဒေါ်စိန်ဆင့်က တုန်ယင်သောလေသံဖြင့်

"စိတ်ကိုထိန်းပါ သားရယ်၊ အမေ့ကို အန္တရာယ်ပြုရင် သား ငရဲမှာ ဖောက်ထိုးကျလိမ့်မယ်၊ အမေကသားရဲ့အမေအရင်းလေ"

ဟုဆိုလိုက်ရာ တာတီးက သဘောကျဟန်ဖြင့် တဟားဟား ရယ်၍

"ဟားဟားဟား.... အခုမှ အမေအရင်းလို့ ပြောတယ်၊ ကျုပ်ကို လူ့လောကအလယ်မှာ မျက်နှာ ငယ်ငယ်နဲ့ထားခဲ့တုန်းက ခင်မျှား ဒီလိုတွေးဖူးလို့ လား။ ဒီမှာ ကျုပ်က ခင်မျှားကိုခွင့်လွှတ်နိုင် ပေမဲ့ သဘာဝတရားက ခင်မျှားကို ခွင့်မလွှတ်ဘူးဗျ။ သေ ဖို့သာပြင်ပေတော့"

ဟုဆိုကာ ဒေါ်စိန်ဆင့်၏အနီးသို့ တိုးကပ်လာ၏။ ဒေါ်စိ ဆင်သည် ကြောက်လွန်းသဖြင့် တဆတ်ဆတ်တုန်ယင်နေမိ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



သို့အချိန်၌ အင်စပက်တော်လှမိုးနှင့်စေတမာန်၏ချစ်သူ မိန်းမပျိုသည် လျှော်တန်းဇာတ်ရုံသို့ရောက်ရှိလာ၏။ အင်စပက်တော်လှမိုးသည် ပြဇာတ်စင်ပေါ်ရှိ ဒေါ်စိန်ဆင့်နှင့်တာတီး၏အနေအထားကိုကြည့်၍ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။ စင်ပေါ်၌ ရောက်ရှိနေသူမှာ တာတီးလော၊ ပြဇာတ်မင်းသားစေတမာန်ပင်ဖြစ်လေသလော၊ ခွဲခြားမသိနိုင်ချေ။

အင်စပက်တော်လှမိုးသည် ခြောက်လုံးပြူးသေနတ်ကိုထုတ်ပြီး လူအုပ်ကြားထဲသို့ တိုးဝှေ့သွားလေ၏။

စင်အနောက်သို့ရောက်သောအခါ ပြဇာတ်အဖွဲ့သားများက

"စင်အနောက်ကို အပြင်လူမဝင်ရဘူး"

ဟုဆိုကာ တားဆီးလေ၏။

အင်စပက်တော်လှမိုးက သူ၏အိတ်ထဲရှိ ကဒ်ပြားကိုထုတ်၍

"စီအိုင်ဒီကဗျ"

ဟုအော်ဟစ်ကာ ဇာတ်စင်အနောက်သို့တိုးကပ်သွားလေ၏။ ထိုအခါ ကန့်လန့်ကာကြား၌ လဲကျနေသော စေတမာန်ကိုတွေ့လိုက်ရသဖြင့် စင်ပေါ်၌ ရောက်ရှိနေသူမှာ တာတီးဖြစ်ကြောင်းရိပ်စားမိသွားလေ၏။

အင်စပက်တော်လှမိုးသည် စင်ပေါ်သို့ ခုန်တက်ရန်ကြံစည်နေစဉ် စင်အနီးသို့ ပုလိပ်ဝတ်စုံဝတ်ဆင်ထားသော ဇာတ်အဖွဲ့သား





တစ်ဦး ရောက်ရှိလာလေရာ အင်စပက်တော်လှမိုးက ထိုသူ၏နံပတ်ကိုဆောင့်တွန်း၍

"ဒီအချိန်မှာ ပုလိပ်အတုတက်လို့မရဘူး၊
အစစ်တက်မှရမယ်"

ဟုဆိုကာ ဇာတ်စင်ပေါ်သို့ ခုန်တက်လိုက်လေ၏။ ပြီးနောက် ဒေါ်စိန်ဆင့်ကို ဓားနှင့်ထိုးရန် ကြံစည်နေသော တာတီးကို သေနတ်ဖြင့်ချိန်၍

"တာတီး မလှုပ်နဲ့၊ ရပ်လိုက်စမ်း"

ဟုအော်ဟစ်လိုက်လေ၏။

တာတီးသည် ဒေါ်စိန်ဆင့်ကို ဓားဖြင့်ထိုးစိုက်ရန် ကြံစည်နေရာမှ အင်စပက်တော်လှမိုးကို စောင်းငဲ့ကြည့်၍ အေးစက်သောအမူအရာဖြင့် ခေါင်းခါယမ်းကာ

"ငရဲကလူ ပြာပွမကြောက်ဘူးဗျ၊ ကျုပ်ကို
ဘယ်သူမှ တားလို့မရဘူး"

ဟုဆိုကာ ဒေါ်စိန်ဆင့်၏ ရင်ဝကို ဓားဖြင့်စိုက်ရန် ကြံစည်လိုက်၏။

အင်စပက်တော်လှမိုးသည် မတတ်သာတော့သဖြင့်တာတီးကိုသေနတ်ဖြင့် ချိန်၍ ဒိုင်းခနဲပစ်ချလိုက်ရာတာတီးသည် ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ဆင့်သည်

"သား...သား..."

ဟုအော်ဟစ်ပြီး သွေးအိုင်ထဲတွင် လဲကျသေဆုံးနေသော တာတီးကို ပွေ့ဖက်လိုက်စဉ် ကန့်လန့်ကာကြီး ကျဆင်းလာသဖြင့် ပရိသတ်၏လက်ခုပ်သံများ တခဲနက် ထွက်ပေါ်လာလေ၏။

ထိုနေ့ညက လျှော်တန်းဇာတ်ရုံရှိပရိသတ်သည် ပြီးဆုံးသည် အထိအမှန် တကယ်ပြဇာတ်ကသည်ဟု ထင်မြင်သွား[illegible]။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

*အားလုံးအတွက်*

*ရွှေချမ်းသာ*



BURMESE CLASSIC

www.burmeseclassic.com